# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၂) ရက် ၊ သောကြာနေ့ ၊ (9-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၂၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က

## (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲသို့ Video Message ဖြင့် ပေးပို့ပြောကြားသည့် ဂုဏ်ပြုမိန့်ခွန်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲသို့ Video Message ဖြင့် ဂုဏ်ပြုမိန့်ခွန်းပြောကြားစဉ်။

**(၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၈ ရက်)**

ယနေ့စတင်ကျင်းပတဲ့ (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို တက်ရောက်လာကြတဲ့တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များနဲ့ နှီးနှောယ်ပညာရှင်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။

ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်ကစပြီး နှစ်စဉ်နှစ်တိုင်း အခုလိုအေးမြတဲ့ ဥတုရာသီကာလမှာ မြန်မာ့တိုင်းရင်းဆေးသမားတော်များနဲ့ နှီးနှောယ်ပညာရှင်များ၊ ပျော်ရွှင်ချမ်းမြေ့စွာ၊ ချစ်ခင်ရင်းနှီးစွာဆုံတွေ့ကြပြီး အသိပညာနဲ့အတွေ့အကြုံတွေဖလှယ်ခွင့်ရရှိခဲ့တာ အခုနှစ်ဆိုလျှင် (၂၁)ကြိမ်မြောက်ခဲ့ပြီဖြစ်ပါတယ်။

နိုင်ငံတစ်ဝန်းမှာရှိတဲ့ တိုင်းရင်းဆေးသမားတော်မျိုးဆက်အဆင့်ဆင့်တွေ နှစ်စဉ်မပျက်မကွက်တက်ရောက်ခဲ့ကြတဲ့ အစဉ်အလာအတိုင်း အခုနှစ်မှာလည်း မြန်မာ့တိုင်းရင်းဆေးပညာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းဆေးသမားတော်များ စုံစုံညီညီပါဝင်တက်ရောက်၊ ဆွေးနွေးညှိနှိုင်း၊ တိုင်ပင်ကြမယ့် ညီလာခံအခါသမယမှာ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ကြည်နူးဝမ်းမြောက်စွာနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးပညာဟာ ရှေးဘုရင်များလက်ထက်တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ ပင်းယ၊ ကုန်းဘောင်စတဲ့ခေတ်အဆက်ဆက်ကတည်းက ထွန်းကားလာခဲ့တဲ့ ဆေးပညာတစ်ရပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ **စာမျက်နှာ ၁၈ ကော်လံ ၁ သို့**


ကုန်ဆုံးသွားသော ခွန်အားများ

DAGON MALTA FRESH နဲ့ ဖြည့်ခွန်အားထား



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၄၉၆၅၀၈၀

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၀၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာတောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ရတနာပုံ

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၉ ရက်

အယ်ဒီတာ့အာဘော်

# အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက် မဖြစ်မနေလုပ်ဆောင်ရမည့် အရေးကြီးသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ အဂတိလိုက်စားမှုသည် အစိုးရကဏ္ဍ၌သာမက ပုဂ္ဂလိကကဏ္ဍတွင်လည်းဖြစ်ပွားပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အစိုးရကဏ္ဍအဂတိလိုက်စားမှု ပိုမိုများပြားသည်ကို တွေ့ရသည်။

၂၀၀၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက် ၅၈/၄ ဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းက ဒီဇင်ဘာ ၉ ရက်ကို အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းသို့ ၁၆၅ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုပါဝင်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ပြည်တွင်း၊ ပြည်ပဌာန၊ အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူလျက် အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အများပြည်သူကို အသိပညာပေးခြင်း စသည့်ကဏ္ဍသုံးရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး၊ ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ **Short Code "1111"** အသုံးပြု၍ **SMS** မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် **(Public Feedback Programme-PFP)** ကို အသုံးပြုဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတွင် အဂတိတရားကင်းစင်ပြီး သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ပေါ်ပေါက်လာရေး နိုင်ငံသူ၊ နိုင်ငံသားများ ပူးပေါင်းပါဝင်မှုက အရေးပါသကဲ့သို့ နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီးသည်။ အစိုးရယန္တရားကို လည်ပတ်စေသော နိုင်ငံ့ဝန်ထမ်းများသည် စည်းကမ်းလိုက်နာမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်စောင့်ထိန်းမှုတို့မှ လွဲချော်စေသောအချက်မှာ အဂတိလိုက်စားမှုပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အိတ်ပေါက်နှင့်ဖားကောက်ခြင်းမဖြစ်ရအောင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို မဖြစ်မနေ ထိထိရောက်ရောက်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ "အဂတိပယ်ခွာ ပြည်သာယာ"ဆိုသည့်အတိုင်း နိုင်ငံတော်ပိုင် ငွေကြေးနှင့် ပစ္စည်းဥစ္စာဆုံးရှုံးမှုမဖြစ်စေရေး အဂတိလိုက်စားမှုကို တိုက်ဖျက်ကြရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံတော်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေး ချော်ဆိပ်ကမ်းတွင် ကုန်စည်ရရှိမှုများပြားလာ၍ ကုန်တင်၊ကုန်ချလုပ်သား ဦးရေ ၄၀၀ ကျော်ထိရှိလာ



**မန္တလေး ဒီဇင်ဘာ ၈**

မန္တလေး ချော်ဆိပ်ကမ်းတွင် ကုန်စည်ရရှိမှု များပြားလာ၍ ကုန်တင်၊ကုန်ချလုပ်သား ဦးရေ ၄၀၀ ကျော်ထိ ရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလ ဖြစ်သော်လည်း ချော်ဆိပ်ကမ်းမှ ကုန်စည်မျိုးစုံဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်း၊ ငါးပိ၊ ငါးခြောက် အပါအဝင် အခြားကုန်စည်အမျိုးမျိုးကို ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော် စသည့်မြို့များသို့ တင်ပို့လျက်ရှိကြောင်း၊ ဒီဇင်ဘာလ ပထမပတ်မှစ၍ ချော်ဆိပ်ကမ်းတွင် ကုန်စည်ရရှိမှု များပြားလာ၍ ကုန်တင်၊ကုန်ချလုပ်သားဦးရေလည်း များပြားလာကြောင်း သိရသည်။

"ချော်ဆိပ်ကမ်းကနေ ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော် စတဲ့ မြို့တွေကို ဆန်နဲ့ အဝတ်အထည် တင်ပို့မှုကတော့ အခုလတ်တလော အများဆုံးပါ။ ချော်ဆိပ်ကမ်းကနေ အရင်က ဆန်၊ဆီ၊ငါးပိ၊ ငါးခြောက် စတဲ့ ကုန်စည်တွေကိုတင်ပို့တဲ့ ကုန်တင်သင်္ဘောက အစီးရေ ၁၀၀ ကျော်ပဲရှိတယ်။ အခုလက်ရှိ အဲဒီကုန်စည်တွေကို တင်ပို့တဲ့ကုန်တင်သင်္ဘောက အစီးရေ ၁၂၀ ကျော်ထိရှိလာတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ချော်ဆိပ်ကမ်းမှ ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်စသည့်မြို့များသို့ နိုဝင်ဘာလ နောက်ဆုံးပတ်က တင်ပို့သည့်ကုန်စည် အနည်းငယ်သာရှိသောကြောင့် ကုန်တင်၊ ကုန်ချ လုပ်သားမှာ တစ်ရက်လျှင် ဦးရေ ၁၅၀ ကျော်သာရှိခဲ့ကြောင်း၊ ဒီဇင်ဘာလ ပထမပတ်တွင် ကုန်စည်ရရှိမှု များပြားလာပြီး ကုန်တင်၊ ကုန်ချလုပ်သားမှာ တစ်ရက်လျှင် ဦးရေ ၄၀၀ ကျော်ထိ လုပ်ငန်းလုပ်ကိုင်လျက်ရှိကြောင်းသိရသည်။

မန္တလေး ချော်ဆိပ်ကမ်းမှ ဆန်၊ ကြက်သွန်၊ဆီ၊ဆား၊ငရုတ် စသည့် ကုန်စည်အမျိုးမျိုးကို သပိတ်ကျင်း၊ ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်၊ မြစ်ကြီးနား စသည့်မြို့များသို့ ကုန်တင်သင်္ဘောအစီးရေ ၂၀၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဒီဇင်ဘာ ၈**

မန္တလေးကားဈေးကွက်အတွင်း အရောင်းအဝယ်များ ပြန်လည်လှုပ်ရှားစပြုလာပြီး နံပါတ်နိမ့်ကားလေးများ အရောင်းအဝယ်သွက်လာကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိပြီး အမြင့်ကားများမှ တိုယိုတာအယ်လ်ဖတ်၊ တိုယိုတာကလူဂါ၊ တိုယိုတာဘင်ဂတ်၊ တိုယိုတာကရောင်း၊ တိုယိုတာနိုအာ ကားများ အမေးများသော်လည်း အရောင်းအဝယ်ဖြစ်မှု အလွန်နည်းကြောင်း သိရသည်။

၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ်သိန်း ၁၅၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၃၀ ခန့်ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၀၀၊ Auto ငွေကျပ်သိန်း ၁၂၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၃၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် ၁၂၅ သိန်း၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ထိုင်းဆိုင်ကယ်များ အရောင်းအဝယ် ပြန်ဖြစ်လာသော်လည်း တရုတ်နိုင်ငံထုတ် ဆိုင်ကယ်များနှင့် အခြားဘီးများမှာ အရောင်းအဝယ် အေးနေဆဲဖြစ်ကြောင်း ဆိုင်ကယ်ဈေးကွက်အတွင်းမှ သိရသည်။

တစ်ပတ်ရစ်ဘီးများတွင်လည်း အော်တိုဂီယာ ထိုင်းဘီးများနှင့် တရုတ်အမြင့် ဘီးများ၊ ဒိုး၊ ထရက်ကာဘီးများ ပို၍အရောင်းအဝယ်ဖြစ်နေကာ ငွေကျပ် ၄ သိန်းခန့် ဆိုင်ကယ်များ ပို၍အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်း၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့်ဈေးရှိကြောင်း၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၀ သိန်းမှ သိန်း ၄၀ ခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅သောင်းမှ ၁၂သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိနေကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးဖြိုးထံမှ သိရသည်။ (၁၇၃)

# ဈေးကွက်အတွင်း သကြားအသစ်များထွက်ရှိလာသည့်အတွက် ဈေးအနည်းငယ်ကျဆင်းသော်လည်း အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဒီဇင်ဘာ ၈**

ဈေးကွက်အတွင်း သကြားအသစ်များ ထွက်ရှိလာသည့်အတွက် သကြားဈေး အနည်းငယ်ကျဆင်းသော်လည်း အရောင်းအဝယ်ကောင်းနေကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်လုပ်ငန်းရှင်များအသင်း (မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဒွေးက ပြောပြ၍ သိရသည်။

ယခုနှစ်ကြံရာသီတွင် သကြားစက်ရုံများသည် ဒီဇင်ဘာလဆန်းမှစ၍ စတင်လည်ပတ်နေသည့်အတွက် ဈေးကွက်အတွင်းသို့ သကြားအသစ်များဝင်ရောက်လာသောကြောင့် သကြားဈေးအနည်းငယ်ကျဆင်းလာကြောင်း၊ ထိုသို့ ကျဆင်းနေသော်လည်း ပြည်တွင်းဈေးကွက်၌ လက်ရှိ သကြားဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ မှ ၂၄၀၀ ထိ ရရှိကာ အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"လက်ရှိမှာ ပြည်တွင်းသကြားအရောင်းအဝယ် အေးသွားပါပြီ။ သကြားအသစ်ထွက်ရှိလာတဲ့အတွက် သကြားဈေးအနည်းငယ်ကျဆင်းလာတယ်။ အဲဒီလိုကျဆင်းနေပေမဲ့လဲ ဈေးကွက်အတွင်းမှာ သကြားက အရောင်းအဝယ်ကောင်းနေပါတယ်။ သကြားဈေးနှုန်းက အရင်နှစ်ထက်တက်လာတယ်။ မနှစ်က သကြားဈေးက တစ်ပိဿာကို ငွေကျပ် ၁၀၀၀ ကျော်ပဲရှိပါတယ်။ အခု ကြံရာသီမှာတော့ သကြားစက်တွေ ကြိတ်ဝါးနေပါပြီ။ ပြည်တွင်းစားသုံးမှုဖူလုံရေးကို အဓိကဦးတည်ဆောင်ရွက်နေတာပါ။ ပြည်တွင်းဖူလုံရင်တော့ ပြည်ပကိုတင်ပို့ပါတယ်။ လက်ရှိအချိန်မှာတော့ သကြားအသစ်တွေ ဈေးကွက်ကို စတင် ဝင်ရောက်လာပါပြီ"ဟု ဒုတိယဥက္ကဋ္ဌ ဦးဝင်းဒွေးက ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# နမ့်စန်မြို့နယ် အမှတ်(၁)ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာဆီပြုလုပ်နည်းသင်တန်းဆင်း

**နမ့်စန် ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ပုံကျေးရွာအုပ်စု အမှတ်(၁)ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဆပ်ပြာဆီပြုလုပ်နည်းသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၇ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ စာကြည့်တိုက်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းက သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးခဲ့သော အတတ်ပညာများကို စဉ်ဆက်မပြတ်ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချကာ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မိုးက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကသင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများထံ အသီးသီး လွှဲပြောင်းပေးအပ်ခဲ့ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဆပ်ပြာဆီထုတ်လုပ်နည်းသင်တန်းသို့ နမ့်စန်မြို့နယ်အတွင်းရှိ အမှတ်(၁)ကျေးရွာ၊ ဝမ်ကျောင်းကျေးရွာ၊ ကျောင်းကုန်းကျေးရွာ၊ မီးသွေးကုန်းကျေးရွာ၊ ထင်းရှူးမြိုင်ကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ဆပ်ပြာဆီ၊ ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ လက်သန့်ဆေးရည် စသည့် ဘာသာရပ်အမျိုးမျိုးကို ကျွမ်းကျင်နည်းပြဆရာမနှစ်ဦးက စာတွေ့၊လက်တွေ့ဖြင့် ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၇ ရက်ထိ ခုနစ်ရက်ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းထံမှ သိရသည်။

**ချိုသန်းညွန့်**

# မော်လမြိုင်မြို့၌ ဂဟေဆက်သင်တန်းဖွင့်

**မော်လမြိုင် ဒီဇင်ဘာ ၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဂဟေဆက်သင်တန်းကို ဒီဇင်ဘာ ၇ ရက်က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် အတတ်ပညာ၊ အသိပညာများတိုးတက်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့်ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦးက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ပြီး သင်တန်းနည်းပြဆရာက သင်တန်းတွင် လိုက်နာရမည့် စည်းကမ်းချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဂဟေဆက်နှင့်ပတ်သက်သည့် ဘာသာရပ်များကို သင်တန်းနည်းပြဆရာက စာတွေ့၊လက်တွေ့ဖြင့် ဒီဇင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၂၁ ရက်ထိ ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ မော်လမြိုင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူ ၁၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သုတ**

# ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၅၈၉၃ ဧက စိုက်ပျိုးပြီးစီး



**ရွှေဘို ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၅၈၉၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်အတွင်း ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၆၆၂၅၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြေပဲ ၆၅၈၉၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုခရိုင်မှာ ဆောင်းမြေပဲစိုက်ပျိုးမှုအနေနဲ့က တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့အနေအထားမှာရှိပါတယ်။ ဒီနှစ်လဲ ဆောင်းမြေပဲသီးနှံဧက လျာထားချက်ပြည့်မီအောင် ဆောင်ရွက်နေပါတယ်။ ဒီနှစ်မှာဆိုရင် ရာသီဥတုကောင်းမွန်တဲ့အတွက်ကြောင့် လျာထားချက်ထက် ပိုစိုက်ပျိုးနိုင်မဲ့အနေအထားရှိပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်အတွင်း ဆောင်းမြေပဲ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၁၇၄၃၈ ဧက၊ ဝက်လက်မြို့နယ်တွင် ၁၄၆၈၉ ဧက၊ ခင်ဦးမြို့နယ်တွင် ၃၃၇၆၆ ဧက စုစုပေါင်း ၆၅၈၉၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်အတွင်း ယခုနှစ်ဆောင်းမြေပဲသီးနှံစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# နတ်မောက်မြို့နယ် တယ်ထပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နတ်မောက် ဒီဇင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တယ်ထပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေကို ယနေ့နံနက် ၈ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရနှင့် ကျေးရွာတာဝန်ခံဝန်ထမ်းများသည် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တယ်ထပ်ကျေးရွာ၌ ငွေစာရင်းဖြည့်သွင်းထားရှိမှု၊ စာရင်းဇယားထိန်းသိမ်းမှုများနှင့် စီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နေကြာစိုက်ပျိုးဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ယခုဘဏ္ဍာနှစ်မှ စတင်၍ ကျေးရွာ သုံးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အနက် တယ်ထပ်ကျေးရွာ၌ ငွေကျပ် ၁၀ သန်းဖြင့် အိမ်ထောင်စု ၅၀ တွင် ဆီထွက်သီးနှံ(နေကြာ)များ စိုက်ပျိုးလျက်ရှိကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရထံမှ သိရသည်။

**သော်သော်**

# မောင်တောမြို့နယ် မကျည်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းတိုးချဲ့ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မောင်တော ဒီဇင်ဘာ ၈**

ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် မကျည်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းတိုးချဲ့ ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မကျည်းကုန်းကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းလမ်း ဘေးတစ်ဖက်လျှင် နှစ်ပေစီ တိုးချဲ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စံချိန်စံညွှန်းအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျည်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၅ သိန်း စုစုပေါင်းငွေကျပ် ၁၂၅ သိန်းဖြင့် ကျေးရွာတွင်းလမ်းအရှည် ပေ ၃၈၀ ကို တစ်ဖက်လျှင် နှစ်ပေစီ တိုးချဲ့ဆောင်ရွက်ခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကြီးကြပ်၍ ကျေးရွာသူ၊ကျေးရွာသားများ ကိုယ်တိုင် နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း ၆၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**



# သိချင်ရင်မေး ရေးချင်ရင်ဖတ်

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

“သူငယ်ချင်းရေ. . . မင်းတို့စာရေးဆရာအသင်းက စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းတွေလဲ ရပ်ထားရပြီနော်”

“အေးပေါ့ကွာ။ တို့စာရေးဆရာအသင်း တတိယအကြိမ်ညီလာခံကျင်းပပြီးမှပဲ အဲဒီလုပ်ငန်းတွေကိုလုပ်နိုင်တော့မယ်ကွ”

“မင်းတို့စာရေးဆရာအသင်းက တစ်နှစ်တစ်ခါပဲ အဲဒီသင်တန်းတွေကို ဖွင့်ခဲ့တာဘယ်နှကြိမ်ရှိပြီလဲကွ”

“တစ်နှစ်တစ်ခါတောင် အချိန်လုပြီး ဖွင့်လှစ်နေရတာကွ။ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ သက်တမ်းကာလကတည်းက ဖွင့်လှစ်ခဲ့တာကွ။ **စာပေရေးသားကြဖို့၊ ဝါသနာပါကြသူတွေကို စာရေးသားနည်းအခြေခံသဘောတရားတွေ သင်ကြားပေးခြင်းအားဖြင့် စာပေလောကသားမျိုးဆက်သစ်တွေ တိုးပွားများပြားလာပြီး စာပေလောကဖွံ့ဖြိုးတိုးတက်စေဖို့** ရည်ရွယ်ချက်နဲ့ တစ်နှစ်တစ်ကြိမ်ဖွင့်လှစ်ပို့ချပေးခဲ့တာပဲကွ။ ၁၀ ကြိမ်တိတိရှိခဲ့တယ်။

**စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၁)**ကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၇ ရက်ထိ စာပေဗိမာန်အစည်းအဝေးခန်းမှာ တစ်လတိတိဖွင့်လှစ်ပို့ချခဲ့တယ်။ သင်တန်းသား၊ သင်တန်းသူအယောက် ၆၀ ကျော် တက်ရောက်ခဲ့ကြတယ်။ အလှူငွေထည့်ဝင်လှူဒါန်းခဲ့ကြသူ စေတနာရှင်တွေ ပေါ်ပေါက်လာခဲ့တယ်။ ပထမဆုံးအကြိမ်စတင်ဖွင့်လှစ်ခဲ့တဲ့သင်တန်းမှာ သင်ကြားပို့ချနည်းလမ်းပြခဲ့ကြတဲ့ စာရေးဆရာ၊ ဆရာမ အယောက် ၂၀ ရဲ့ သင်ကြားပို့ချချက်တွေကို စုစည်းဖော်ပြထားတဲ့ **စာရေးနည်းလမ်းညွှန်** စာအုပ်ကိုလဲ အမှတ်တရအတွက်ရော၊ နောင်ဆက်လက်ဖွင့်လှစ်မဲ့ သင်တန်းတွေအတွက်ပါ ထုတ်ဝေခဲ့တယ်။ ရပ်ဝေးက သင်တန်းမတက်ရောက်နိုင်သူတွေအတွက်လဲ အထောက်အကူရစေခဲ့တယ်။ ဒါကြောင့် အဲဒီစာအုပ်ဟာ စာရေးသားနည်းသမိုင်းဝင်စာအုပ်အဖြစ် အမှတ်တရတင်ကျန်ခဲ့တယ်။

**စာရေးနည်းအခြေခံလမ်းညွှန် သင်တန်းအမှတ်စဉ်(၂)** ကို ၂၀၁၁ ခုနှစ် မေ ၂၅ ရက်မှ ဇွန် ၂၅ ရက်ထိ စာပေဗိမာန်အစည်းအဝေးခန်းမှာပဲ တစ်လတိတိ ဖွင့်လှစ်ပို့ချခဲ့တယ်။ သင်တန်းသား၊ သင်တန်းသူအယောက် ၇၀ တက်ရောက်ခဲ့ကြတယ်။ ပါဝင်ကူညီပံ့ပိုးကြသူတွေနဲ့ အလှူရှင်တွေတိုးပွားလာလို့ သင်တန်းအမှတ်စဉ်(၁)ထက် ပိုမိုအောင်မြင်ခဲ့တယ်။ ခေတ်စနစ်အရ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကို ၂၀၁၂ ခုနှစ် ဇွန် ၁၆ ရက်က **မြန်မာနိုင်ငံစာရေးဆရာအသင်း**လို့ ပြင်ဆင်ဖွဲ့စည်းခဲ့ရတယ်။ မြန်မာနိုင်ငံ စာရေးဆရာအသင်းအနေနဲ့ အစဉ်အလာကောင်းခဲ့တဲ့ စာရေးနည်းအခြေခံ လမ်းညွှန်သင်တန်းကို ဆက်လက်မြှင့်တင်ထိန်းကျောင်းပေးလိုတဲ့စေတနာနဲ့ စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းတွေကို နှစ်စဉ်ဆက်လက်ဖွင့်လှစ်ပေးခဲ့တယ်။

**စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၃)**ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၈ ရက်ထိ ပန်းဆိုးတန်းလမ်းမှာရှိတဲ့ မြန်မာနိုင်ငံစာရေးဆရာအသင်းရုံးသစ် အစည်းအဝေးခန်းမှာ တစ်လတိတိဖွင့်လှစ်ပို့ချခဲ့တယ်။ သင်တန်းသား၊ သင်တန်းသူအယောက် ၁၀၀ တက်ရောက်ခဲ့ကြတယ်။ ရပ်ဝေးဒေသတွေနဲ့ ဌာနဆိုင်ရာတွေပါ တက်ရောက်လာခဲ့ကြလို့ အရင်သင်တန်းတွေထက် ထူးထူးခြားခြားအောင်မြင်တိုးတက်ခဲ့တယ်။ သင်တန်းသား၊ သင်တန်းသူတွေ စုပေါင်းပြီး **နပျိုသောခြေလှမ်းသစ်များ**ဆိုတဲ့ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုတွေပါဝင်တဲ့ လုံးချင်းစာအုပ်ကို အမှတ်တရထုတ်ဝေခဲ့ကြတယ်။

**စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၄)**ကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ အောက်တိုဘာ ၁၇ ရက်ထိ မြန်မာနိုင်ငံစာရေးဆရာအသင်းရုံးအစည်းအဝေးခန်းမှာပဲ တစ်လတိတိဖွင့်လှစ်ပို့ချခဲ့တယ်။ သင်တန်းသား၊ သင်တန်းသူ ၁၀၃ ယောက်တက်ရောက်ခဲ့ကြတယ်။ တက်ရောက်မှုအင်အားအများဆုံးသင်တန်းဖြစ်တယ်။ သင်တန်းသား၊ သင်တန်းသူတွေစုပေါင်းပြီး **ပန်းရတု**(သုတ/ရသစာစုများ)လုံးချင်း၊ **ပန်းစေတမန်**(သုတ/ရသစာစုများ-၂)လုံးချင်း၊ **ပန်းတံတား** (သုတ/ရသစာစုများ-၃) လုံးချင်းစာအုပ်သုံးအုပ်တိတိကို ဆက်တိုက်ထုတ်ဝေခဲ့ကြတယ်။ တစ်ယောက်ချင်းအနေနဲ့ ကဗျာ၊ လုံးချင်း၊ ဆောင်းပါးလုံးချင်းတွေကို ဆက်တိုက်ထုတ်ဝေနိုင်ခဲ့ကြတယ်။ နေ့စဉ်ထုတ်သတင်းစာ၊ အပတ်စဉ်ထုတ်ဂျာနယ်၊ လစဉ်ထုတ်မဂ္ဂဇင်းတွေမှာလဲ ရေးသားဖော်ပြတာခံနေကြရသူတွေကလဲ တိုးပွားများပြားလာတယ်။ စာပေပြိုင်ပွဲတွေမှာလဲ စာပေဆုတွေကို ထိုက်ထိုက်တန်တန်ရနေကြတယ်။ ဒါကြောင့် သင်ကြားပို့ချနည်းလမ်းပြနေခဲ့ကြတဲ့ စာရေး ဆရာကြီး၊ ဆရာမကြီးတွေ (တစ်နည်းအားဖြင့်) စာပေဥယျာဉ်မှူးကြီးတွေရဲ့ ရင်တွင်းမှာပီတိဖြစ်လို့ မဆုံး၊ ကြည်နူးလို့မဆုံးတပြုံးပြုံးဖြစ်နေကြရတယ်။

**စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၅)**ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ မြန်မာနိုင်ငံစာရေးဆရာအသင်းအစည်းအဝေးခန်းမှာပဲ တစ်လတိတိဖွင့်လှစ်ပို့ချပေးခဲ့တာ သင်တန်းသား၊ သင်တန်းသူ ၇၈ ယောက် တက်ရောက်ခဲ့ကြတယ်။ သံဃာတော်သုံးပါးနဲ့ အငြိမ်းစား သက်ကြီးရွယ်အိုတွေလဲ တက်ရောက်ခဲ့ကြတယ်။ ဒ့ါပြင် အငြိမ်းစားဝန်ထမ်းတွေ၊ ရှေ့နေတွေ၊ စစ်မှုထမ်းဟောင်းတွေ၊ ဌာနဆိုင်ရာတွေမှာ လက်ရှိတာဝန်ထမ်းဆောင်နေကြသူတွေပါ တက်ရောက်ခဲ့ကြတယ်။ ချင်းပြည်နယ်နဲ့ ရှမ်းပြည်နယ်ထဲကလဲ ပါဝင်တက်ရောက်ခဲ့ကြတယ်။ တချို့ဆိုရင် လက်ရှိမှာ လုံးချင်းသုံးအုပ်ရေးသားထုတ်ဝေပြီးသူတွေ၊ စာနယ်ဇင်းတွေမှာ ရေးသားနေဆဲစာပေဝါသနာရှင်တွေ ပါဝင်တက်ရောက်ခဲ့ကြတယ်။ နယ်စုံ၊ လူမျိုးစုံပါဝင်တက်ရောက်ခဲ့ကြလို့ ထူးခြားတဲ့ သင်တန်းအဖြစ် မှတ်တမ်းတင်ထားရတယ်။ သင်တန်းသား၊ သင်တန်းသူတွေ စုပေါင်းပြီး ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုတွေပါဝင်တဲ့ **အိပ်မက်လှေ**(အမှတ်တရစုစည်းမှု)လုံးချင်း စာအုပ်ကိုထုတ်ဝေနိုင်ခဲ့တယ်။

**စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၆)**ကို ၂၀၁၅ ခုနှစ် ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၅ ရက်ထိ မြန်မာနိုင်ငံစာရေးဆရာအသင်းအစည်းအဝေးခန်းမှာပဲ တစ်လနဲ့တစ်ပတ်တိတိ ဖွင့်လှစ်ပို့ချခဲ့တယ်။ သင်တန်းသား၊ သင်တန်းသူ ၈၈ ယောက်တက်ရောက်ခဲ့ကြတယ်။ **စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၇)**ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်ထိ မြန်မာနိုင်ငံ စာရေးဆရာအသင်းအစည်းအဝေးခန်းမှာ တစ်လတိတိဖွင့်လှစ်ပို့ချခဲ့တယ်။ သံဃာတော်လေးပါးအပါအဝင် သင်တန်းသား၊ သင်တန်းသူ ၈၄ယောက် တက်ရောက်ခဲ့တယ်။

**စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၈)**ကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်မှစက်တင်ဘာ ၃၀ ရက်ထိ သင်တန်းသား၊ သင်တန်းသူအယောက် ၈၀ တက်ရောက်ခဲ့ပြီး **စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၉)**ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ သင်တန်းသား၊ သင်တန်းသူ ၅၈ ယောက်တက်ရောက်ခဲ့ကာ **စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၁၀)**ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၈ရက်မှ ဖေဖော်ဝါရီ ၂၇ ရက်ထိ သင်တန်းသား၊ သင်တန်းသူ ၃၅ ယောက်နဲ့ဖွင့်လှစ်ခဲ့တယ်”

“မရှင်းလို့ မေးပါရစေ။ စာရေးဆရာ၊ ဆရာမဖြစ်ဖို့ သင်တန်းပို့ချပေးလို့ ရသလားကွ။ ဥပမာပြောရရင် မင်းတို့စာရေးဆရာဖြစ်လာတာဟာ ဘာသင်တန်းမှမတက်ရဘဲ စာရေးဆရာဖြစ်လာတာမဟုတ်လား”

“မင်းမေးထိုက်ပါတယ်။ ငါ နှစ်ပိုင်းခွဲခြားပြီး ရှင်းပြမယ်။ တို့ငယ်စဉ်က စာရေးနည်းသင်တန်းမရှိခဲ့ဘူး။ ဒါပေမဲ့ တို့က စာပေဝါသနာပါလို့ စာရှူးပေရှူးလေးတွေဖြစ်ခဲ့ကြတယ်။ စာသင်ခန်းထဲမှာ စကားပြေ၊ ကဗျာ၊ စာစီစာကုံးအရေးအသားတွေကိုလဲ ကြိုးစားလေ့ကျင့်ခဲ့ကြတယ်။ **တတ်ချင်ရင်သင်၊ မြင်ချင်ရင်ကြည့်၊ သိချင်ရင်မေး၊ ရေးချင်ရင်ဖတ်**လို့ တို့ရဲ့ မြန်မာစာပြဆရာကြီးဦးရွှေဝိုင်းက လမ်းညွှန်ပြခဲ့တယ်။ ဆရာကြီးဦးရွှေဝိုင်းဆိုတာက ဒဂုံမဂ္ဂဇင်းခေတ်ကတည်းက ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ တေးထပ်၊ ရတုတွေကိုရေးသားခဲ့တဲ့ စာရေးဆရာကြီး ရွှေငယ်ဝိုင်း(ကြို့ပင်ကောက်)ပဲကွ။ တို့စာရေးဆရာအသင်းက နှစ်စဉ်ကန်တော့နေခဲ့ရတဲ့ သက်ကြီးစာပေပညာရှင်ကြီးကွ။ အသက် ၉၃ နှစ်အရွယ် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှာကွယ်လွန်သွားရှာပြီကွ။ ဆရာကြီး ဦးရွှေဝိုင်းရဲ့ ပြုစုပျိုးထောင်ပေးမှုကြောင့် သက်နိုင်(ကြို့ပင်ကောက်)၊ ချောသန့်စင်၊ မောင်စိန်ဝင်း(ပုတီးကုန်း)နဲ့ ငါအပါအဝင် ဦးမြင့်ဝေ(ကြို့ပင်ကောက်)၊ ကြို့ပင်ကောက်တင်မောင်ဦး၊ ငယ်လေးမောင်(သပြေရုံ)တို့ စာရေးဆရာတွေဖြစ်လာတာပေါ့ကွာ။ တို့စာရေးဆရာအသင်းက ကျင်းပခဲ့တဲ့စာပေပြိုင်ပွဲမှာ ဆောင်းပါးပထမဆုရခဲ့တယ်။

ဆရာကြီး ဦးရွှေဝိုင်းက “ဘာပဲလုပ်ချင်လုပ်ချင်၊ တတ်အောင်လုပ်ရတယ်။ ဒါပေမဲ့ တကယ်လုပ်ချင်တဲ့ စိတ်ရင်းအမှန် ဇွဲ၊ ဝီရိယရှိကြဖို့လိုတယ်။ ကောက်ရိုးမီးလို ကျင့်လို့မရဘူး။ ရှားမီးလိုကျင့်ရမယ်။ စာရေးဆရာ၊ သတင်းစာဆရာဖြစ်ချင်သလား။ စာများများဖတ်ကြပါ။ မှတ်သားကြပါ။ အချက်အလက်၊ အကိုးအကား၊ အထောက်အထားတွေကို ရသမျှ **ရ**ထားကြပါ။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေရဲ့ ရေးနည်းရေးဟန်တွေကို **အတု**ယူထားကြပါ။ **မြု**ရေးသားကြပါ။ အချုပ်ကိုပြောရရင်တော့ **တတ်ချင်ရင်သင်၊ မြင်ချင်ရင်ကြည့်၊ သိချင်ရင်မေး၊ ရေးချင်ရင်ဖတ်**ကြပါ။ **ရ**၊ **တု**၊ **မြု**နည်းလမ်းကို လေ့ကျင့်ကြပါ”လို့ လမ်းညွှန်လှုံ့ဆော်ပေးလေ့ရှိခဲ့တယ်ကွ။ ၁၀ တန်းမှာ ပြဋ္ဌာန်းခဲ့တဲ့ သိပ္ပံမောင်ဝရဲ့ ဝတ္ထုဆောင်းပါးတွေနဲ့ ဦးပုည ဝတ္ထု လေးပုဒ်ကို သင်ကြားခွင့်ရတာကလဲ စာရေးချင်စိတ်ကို ပြင်းပြစေတယ်ကွ။

တို့ကျောင်းသားဘဝက စာရေးနည်းစာအုပ်အနည်းငယ်ထုတ်ဝေထားတာကို ဖတ်ရှုခဲ့ဖူးတယ်။ ဆရာသူရိယကန္တိ၊ ဆရာတက္ကသိုလ်နန္ဒမိတ်၊ ဆရာသော်တာဆွေ၊ ဆရာရန်ကုန်ဘဆွေ၊ ဆရာမောင်ထင်တို့က စာရေးနည်းအခြေခံတွေကို လမ်းညွှန်ရေးသားခဲ့ကြတယ်။ အဲဒီစာအုပ်တွေဟာ တို့ရဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေပဲကွ။ ဖတ်ပါများတော့ စုမိ၊ ပြုစုမိရာက ကြာတော့ စာရေးဆရာဖြစ်လာရတော့တာပေါ့ကွာ။ ဒီနေရာမှာ မင်းရှင်းအောင်၊ မင်းနားလည်အောင် ငါပြောပြမယ်။ **စာရေးသားနည်းကို သင်ပေးလို့မရဘူးဆိုတာထက် လွယ်လင့်တကူ သင်ပေးလို့မရဘူးဆိုတာက ပိုမှန်တယ်။** ဘယ်ပညာရပ်မဆို ဆရာမပြနည်းမကျတဲ့ကွ။ ဆရာပြမှ နည်းကျတာ။ ဥပမာပြောရရင်ကွာ။ **ဆရာသိပ္ပံမောင်ဝ**က “မင်္ဂလာဆောင်တွင်ဖတ်ရမည့် ဩဘာစာကို ဝါကျတိုတိုတောင်းတောင်းကလေးများနှင့် ရေးသားမည်ဆိုလျှင် လူရယ်စရာဖြစ်နေပေလိမ့်မည်။ တစ်ယောက်နှင့် တစ်ယောက် အချင်းဖြစ်ပွားသောအကြောင်း၊ မီးလောင်၍ ပြေးလွှားရသောအကြောင်းများကို ရေးသောအခါ မင်္ဂလာဆောင်ဩဘာစာကဲ့သို့ ရေးသားနေမည်ဆိုလျှင် လူရယ်စရာဖြစ်သွားမည်ကို သတိထားသင့်လှသည်”လို့ လမ်းညွှန်သတိပေးခဲ့တယ်။ **ဆရာမောင်ထင်**ကလဲ “စာရေးကောင်းသည့်လက္ခဏာမှာ မိမိဆိုလိုရင်းကို သူတစ်ပါး ချက်ချင်းနားလည်အောင်ရေးနိုင်ခြင်းပင်ဖြစ်သည်။ ခက်ခဲနက်နဲသော အချက်အလက်များကိုပင်လျှင် သူတစ်ပါး ရှင်းရှင်းလင်းလင်း သိလွယ်အောင်ရေးနိုင်လျှင် စာကောင်းသည်ဟု ဆိုရပေမည်”လို့ လမ်းညွှန်ခဲ့တယ်။ **ဆရာဇဝန**ကတော့ “သတင်းစာသုံး မြန်မာစာသည် တိုတောင်းရသည်။ သူတစ်ပါး၏ပစ္စည်းဥစ္စာကို ခိုးယူခြင်းမပြုရဟူသော အရေးအသားသည် ကျမ်းစာသုံးဖြစ်၏။ သတင်းစာ၌ မသုံးရ။ သတင်းစာသုံးမှာ **သူ့ဥစ္စာကို မခိုးရ**ဟု ရေးရ၏။ တိုရမည်။ ရှင်းလင်းပြတ်သားရမည်”လို့ သတင်းရေးသားနည်းကို လမ်းညွှန်ခဲ့သလို “အလွမ်းအသော့၊ သည်းထိတ်ရင်ဖို ခံစားချက်များဖြင့် ထုံမွမ်းပေးခြင်းဖြင့် သတင်းစာဆောင်းပါးဖြစ်လင့်ကစား ရသစာပေဝင်ကာ ဂုဏ်မြောက်စေပါသည်”လို့ သတင်းစာဆောင်းပါးရေးသားနည်းကို မီးမောင်းထိုးပြခဲ့တယ်။

**ဆရာကြီး ရွှေဥဒေါင်း**ကတော့ “ခွန်အားရှိသောစာ (Force Language) ရေးတတ်ရန် ရေးလိုသောအကြောင်းအရာကို ကောင်းစွာနားလည်ခြင်း၊ အချက်ကျကျရေးတတ်ခြင်း (တစ်နည်းအားဖြင့်)သင့်တော်သော စကားလုံးကို ရွေးချယ်တတ်ခြင်း၊ ကြံ့ခိုင်ကျစ်လျစ်သော ဝါကျမျိုးတည်ဆောက်တတ်ခြင်းနှင့်ပြည့်စုံရန်လိုသည်”လို့ လမ်းညွှန်ခဲ့တယ်။ **ဆရာသော်တာဆွေ**ကတော့ “ဘာအကြောင်းအရာပဲ ရေးရေး ဖတ်လိုက်တာနဲ့ လက်ကမချနိုင်အောင်၊ စာဖတ်သူကို ဆွဲခေါ်သွားနိုင်အောင် ဆွဲဆောင်ပြီးရေးသင့်တယ်။ ဖတ်သူစိတ်ဝင်စားအောင်၊ ရင်းရင်းနှီးနှီးနှင့် အသက်ဝင်အောင်၊ ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးရမယ်”လို့ တွန်းအားပေးလှုံ့ဆော်ခဲ့တယ်။ **ဆရာ ဒဂုန်ရွှေမျှား**က “သတင်းဆောင်းပါးက အချိန်မီဖြစ်ခြင်း၊ စာဖတ်သူ

❖ ဆရာကြီး ရွှေဥဒေါင်းကတော့ “ခွန်အားရှိသောစာ(Force Language)ရေးတတ်ရန် ရေးလိုသောအကြောင်းအရာကို ကောင်းစွာနားလည်ခြင်း၊ အချက်ကျကျရေးတတ်ခြင်း(တစ်နည်းအားဖြင့်) သင့်တော်သောစကားလုံးကို ရွေးချယ်တတ်ခြင်း၊ ကြံ့ခိုင်ကျစ်လျစ်သော ဝါကျမျိုးတည်ဆောက်တတ်ခြင်းနှင့် ပြည့်စုံရန်လိုသည်”လို့ လမ်းညွှန်ခဲ့တယ်။ ဆရာသော်တာဆွေကတော့ “ဘာအကြောင်းအရာပဲရေးရေး ဖတ်လိုက်တာနဲ့လက်ကမချနိုင်အောင်၊ စာဖတ်သူကို ဆွဲခေါ်သွားနိုင်အောင် ဆွဲဆောင်ပြီးရေးသင့်တယ်။ ဖတ်သူစိတ်ဝင်စားအောင်၊ ရင်းရင်းနှီးနှီးနှင့် အသက်ဝင်အောင်၊ ဖတ်ချင်စဖွယ်ဖြစ်အောင်ရေးရမယ်”လို့ တွန်းအားပေးလှုံ့ဆော်ခဲ့တယ်။ ❖

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

➤ စာမျက်နှာ ၄ မှအဆက်

တို့ မျှော်လင့်ချိန်ဖြစ်ခြင်းတွေ ရေးသားရတယ်။ မဂ္ဂဇင်းဆောင်းပါးက ကျယ်ပြန့်ခိုင်ခံ့ရေရှည်အသုံးပြုနိုင်ရမယ်။ အစီအစဉ်ကျနရမယ်။ မဂ္ဂဇင်းအင်္ဂါရပ်တွေရှိရမယ်။ **ဝတ္ထုဟာ စားဆေးနဲ့တူပြီး ဆောင်းပါးဟာ ထိုးဆေးနဲ့တူတယ်။** ဝတ္ထုဟာ စိတ်ကူးကပေါ်ထွက်လာပြီး ဆောင်းပါးဟာ အကျိုးအကြောင်းအချက်အလက် တိကျမှုရှိရမယ်"လို့ ရှင်းလင်းလမ်းညွှန်ခဲ့တယ်။

စာရေးတတ်သွားကြလို့ စာရေးဆရာဖြစ်လာကြသူတွေထဲက စာပေတာဝန်မကျေပွန်သူတွေနဲ့ပတ်သက်လို့ **ဆရာကြီးဓေယျ**က စာမလေ့စာအုပ်ထဲမှာ **ကလောင်သွားနဲ့မှုန့်ဟင်းခါး**ဆိုပြီး သတိပေးရေးသားခဲ့တယ်။ ကိုယ့်တာဝန်ကိုယ်မသိ။ ရေးရရင်ပြီးရော၊ ပိုက်ဆံရရင်ပြီးရော၊ နာမည်ကြီးရင်ပြီးရော တာဝန်ကင်းသဘောထားကြရင် လက်ထဲက ကလောင်လေးကို လမ်းဘေးအမှိုက်ပုံထဲပစ်ထည့်ပြီး ဈေးတောင်းခေါင်းရွက် မုန့်ဟင်းခါးတစ်ထမ်းနှင့် လမ်းတကာလည်ရောင်းခြင်းက ပိုသင့်မြတ်ပေလိမ့်မယ်"လို့ ရှုတ်ချသတိပေးခဲ့တယ်။ **ဆရာတက္ကသိုလ်ဘုန်းနိုင်**ကတော့ "အရေးလှတယ်ဆိုတာ၊ အတွေးလှခြင်းကလာတယ်။ အတွေးလှတယ်ဆိုတာကလဲ မြင်တတ်ရာတတ်ပြီး ဆင်ခြင်တတ်လို့ပဲပေါ့"လို့ လမ်းညွှန်ခဲ့တယ်။ **ဆရာသိန်းဖေမြင့်**ကတော့ "အတွေးသက်သက်ဖြင့် မရှာ၊ လူထုကြီးထံ ချဉ်းကပ်ရှာဖွေဖို့လိုသည်(ပြည်သူကြားမှာ အမှန်ရှာပါ)"လို့ တပ်လှန့်နှိုးဆော်ခဲ့တယ်။ **ဆရာကြီးဦးရန်အောင်**ကတော့ **"ဝမ်းတွင်းမပေါ၊ စိတ်မှာမထင်၊ ယင်းကြောင်းအင်ကို၊ စာတင်ရေးသား၊ သင့်ရှောင်ရှားလော့"** လို့ သတိပေးခဲ့တယ်ကွ။

ရှေးက စာပေပညာရှင်ကြီးတွေရဲ့ စာပေရေးသားနည်းအဆိုအမိန့်တွေကို ဖော်ပြရရင် ကုန်မှာမဟုတ်ဘူး။ အဲဒီရေးသားနည်းတွေကိုနည်းယူပြီး ဝါသနာလဲပါ၊ ဥာဏ်လဲရှိရှိနဲ့ ကြိုးစားကြရရင်တော့ စာရေးဆရာဖြစ်လာမှာသေချာတယ်။ စာရေးနည်းသင်တန်းတက်ထားကြရင်တော့ စာဖတ်အား၊ မှတ်အားထက် လက်တွေ့အရေးအသား၊ အယူအဆတွေကို ပိုပြီးနားလည်လာကြတယ်။ ဘယ်စာကို ဘယ်လိုရေးသားပြီး ဘယ်လိုအသိတရားမျိုးပေးနိုင်တယ်ဆိုတာကို ပိုမိုသိရှိလာကြတယ်ကွ။ အတွေ့အကြုံရှိကြတဲ့ သမ္မာရင့်စာပေပညာရှင်ကြီးတွေရဲ့ ကိုယ်တွေ့တွေကို ခဏလေးနဲ့ ရယူနိုင်ကြတယ်။ ယူတတ်ရင်ရတယ်ကွ။

နောက်တစ်ပိုင်းက မှုခင်းသတင်းနဲ့ မှုခင်းဆောင်းပါးရေးသားနည်းကိုတော့ ဖတ်မှတ်အားထက်၊ လက်တွေ့သင်ကြားနိုင်ရင် ပိုကောင်းတယ်။ ဘာကြောင့်လဲဆိုရင် အခြားသုတရသ စာပေတွေနဲ့မတူဘဲ တော်တော်အန္တရာယ်ရှိလို့ပဲကွ။ သတင်းဆိုကတည်းက **၅ဘ** ခြောက်လုံးကို သိထားကြဖို့လိုသလို အရပ်လေးမျက်နှာကရတာတွေဟာ သတင်း(News)ဖြစ်တယ်ဆိုတဲ့ သတင်းရဲ့ဇာစ်မြစ်ကိုလဲ သိထားကြဖို့လိုတယ်။ (သတင်းရေးရန် **ဘယ်သူ့**ထံ၊ တွေးကြံသိထားကြ။ **ဘယ်သူက၊ ဘယ်တုံးက ဘယ်မှာ၊ ဘာကြောင့်**ဗျ။ **ဘယ်နည်း၊ ဘယ်ပုံ၊ ဘာဖြစ်တုံ** အကုန်ရေးဖော်ပြ၊ အတည်ပြုရန် **ဘယ်သူ့ထံ**မေးရန်သိထားကြ)၊ ဘယ်သူ(Who)၊ ဘယ်တုံးက(When)၊ ဘယ်မှာ(Where)၊ ဘာကြောင့်(Why)၊ ဘယ်နည်း ဘယ်ပုံ(How)၊ ဘာဖြစ်တုံ(What) **၅ဘ**ခြောက်လုံးနဲ့အညီသာ သတင်းရေးသားရင် ပြဿနာတွေနဲ့ ကင်းဝေးတယ်။ **၅ဘ** ခြောက်လုံးနဲ့မညီလို့ အချို့မီဒီယာသမားတွေ တရားစွဲခံနေကြရသလို ထောင်ချခံနေကြရတယ်။

**၅ဘ** ခြောက်လုံးနဲ့ညီပေမဲ့ ဖော်ပြသင့်တဲ့ သတင်း၊ မဖော်ပြသင့်တဲ့ သတင်းရှိသေးတယ်။ အချို့နိုင်ငံတော်ရဲ့ လျှို့ဝှက်ချက်သတင်းမျိုး၊ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားထိခိုက်နိုင်တဲ့ သတင်းမျိုးတွေကို ရှောင်ကြဉ်ကြရတယ်။ မှုခင်းသတင်းတွေ ရေးသားတဲ့နေရာမှာ ကြားသတင်းကို လုံးဝမရေးသားရဘူး။ ရဲစခန်းမှာ အမှုဖွင့်ထားပြီး ပထမသတင်းပေးတိုင်ကြားချက် **(ပ)** နံပါတ်ပါတဲ့ အမှုကိုပဲ ရေးသားဖော်ပြကြရတယ်။ အသက် ၁၆ နှစ်မပြည့်သေးတဲ့ ကလေးသူငယ်တွေရဲ့အမှုမှာ ဓာတ်ပုံမဖော်ပြရဘူး။ ပြည့်တန်ဆာတွေရဲ့အမှုမှာ မျက်နှာတွေကို ဖုံးအုပ်ထားကြရမယ်။ ရက်စက်မှုအနိဋ္ဌာရုံဓာတ်ပုံတွေကို မဖော်ပြရဘူး။ ဘာသတင်းပဲရေးရေး ကိုယ့်အယူအဆကို မထည့်ရဘူး။ ဆောင်းပါးနဲ့ သတင်းဟာ မတူဘူး။ ဆောင်းပါးမှာ ကိုယ့်ထင်မြင်ယူဆချက် ထည့်ရေးမိလို့ အသရေပျက်မှု၊ တရားရုံးများ မထီမဲ့မြင်မှုတွေနဲ့ ရင်ဆိုင်ဖြေရှင်းနေကြရတယ်။

ငါ့ မှုခင်းသတင်းထောက်တချို့ဆိုရင် ငါဘယ်လိုပဲပြောပြောရေးရေး၊ ကျွဲပါးစောင်းတီးအချည်းနှီးဖြစ်နေကြသူတွေ အများကြီးရှိနေတုန်းပဲ။ မှုခင်းသတင်းတစ်ပုဒ်ကို ဟုတ်တိ၊ ပတ်တိမရေးသားနိုင်သူတွေ ၅၀ ရာခိုင်နှုန်းကျော်ရှိနေသေးတယ်။ **၅ဘ**ခြောက်လုံးနဲ့အညီ အစီအစဉ်တကျမရေးသားနိုင်ကြသေးတဲ့သတင်းထောက်တွေကိုကြည့်ပြီး သူတို့အစားတော်တော်ရှက်ဖို့ကောင်းနေပြီ။ သူတို့ကိုယ် သူတို့တော့ ဟုတ်လှပြီထင်နေကြတယ်။ သူတို့ ရေးသားတဲ့သတင်းနဲ့ ငါပြင်ဆင်တည်းဖြတ်ပေးလိုက်တဲ့သတင်းကို နှိုင်းယှဉ်ဖတ်ရှုပြီး ပြင်ရေးကြပါဆိုလဲ မပြင်ကြဘူးကွ။ အချို့သတင်းတွေကို နယ်မြေအနံ့ပါအောင်သာ ငါက ထည့်ပေးနေရတာ။ ကြာလေ စိတ်ကုန်လာလေပါပဲကွာ။ တချို့ဆိုရင် တစ်ပုဒ်၊ နှစ်ပုဒ်လောက် ပြင်ပေးလိုက်ရုံနဲ့ နောက်ပိုင်းမှာပြေပြစ်အောင်ရေးသားနိုင်ကြလို့ ငါကျေနပ် အားရနေရတယ်ကွ။ သတင်းနဲ့ သတင်းဆောင်းပါးရေးသားနည်းဝါသနာပါသူတွေကို သင်ကြားပေးလို့ရတယ်ကွ။

ရသစာပေတောင်မှ နှလုံးသားက ဝေဒနာခံစားချက်ရှိရမယ်။ အဲဒီဝေဒနာခံစားချက်ကို မျှဝေပေးချင်တဲ့ စေတနာရှိရမယ်။ ခံစားချက်နဲ့ စေတနာရှိပေမဲ့ ရေးသားတတ်တဲ့ ကျွမ်းကျင်မှုမရှိရင် အလကားပဲ။ ခံစားချက်၊ စေတနာ၊ အတတ်ပညာရှိမှ ရေးသားလို့ရတာကွ။ မှတ်မှတ်ရရ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် ည ၁၀ နာရီက SKY NET မှာ Finding Forrester ရုပ်ရှင်ဇာတ်ကားကြီးပြသခဲ့တယ်။ စာအုပ်တစ်အုပ်ရေးပြီး ဇာတ်မြုပ်နေတဲ့ **စာရေးဆရာ ဝီလျံဖော်စတာ** အကြောင်းရိုက်ကူးထားတာ။ ဂျိမ်းစ်ဘွန်းမင်းသားကြီး ရှောင်ကွန်နရီက သရုပ်ဆောင်ထားတာ။ **"စာတင်ရေးသားရင်နှလုံးသားနဲ့ရေးပါ။ နောက်မှ ဦးနှောက်နဲ့ အချောပြင်ပါ။ စာရေးဆရာရဲ့ အဓိကအလုပ်က စာရေးခြင်းပဲ"**လို့ စာရေးဆရာက ဆိုထားတယ်ကွ။ စာရေးချင်တဲ့သူတွေ မှတ်သားစရာကောင်းတဲ့ စကားပဲကွ။

ဒါ့ပြင် ၁၉၇၁ ခုနှစ်က အနောက်ဂျာမနီနိုင်ငံ စတုဂတ်မြို့မှာ ကျင်းပခဲ့တဲ့ ဂျာမန်စာရေးဆရာတွေရဲ့ ညီလာခံမှာ အဲဒီအချိန်က အနောက်ဂျာမနီရဲ့ ဝန်ကြီးချုပ်ဖြစ်ခဲ့သူ **ဝီလီဘရန့်**က **"နိုင်ငံရေးသည် စာပေ၏စွမ်းအင်များမှ အမြတ်များစွာ ထုတ်ယူနိုင်သည်။ စာပေလေးနက်၊ ထက်မြက်လေလေ နိုင်ငံအတွက်အကျိုးရှိလေလေဖြစ်၍ စာရေးဆရာများ၏ ကျေးဇူးကြီးမားလှပါသည်"**လို့ စာရေးဆရာတွေကို ဂုဏ်ပြုအမွှမ်းတင်စကားပြောကြားခဲ့တယ်။ ကမ္ဘာ့နိုင်ငံရေး သုခမိန်ကြီးတွေကလဲ **"နိုင်ငံရေးသုခမိန်သည် နိုင်ငံတစ်နိုင်ငံကိုသာ တည်ထောင်နိုင်စွမ်းရှိသော်လည်း စာပေသုခမိန်သည်ကား နိုင်ငံပေါင်းများစွာကို တည်ထောင်ဖန်တီးနိုင်စွမ်းရှိတယ်"**လို့ စာရေးဆရာတွေကို ညွှန်းဆိုခဲ့တယ်။ သမ္မတတွေ၊ ဗိုလ်ချုပ်ကြီးတွေဖြစ်ဖို့လွယ်ကူပေမဲ့ စာရေးဆရာဖြစ်ဖို့ မလွယ်ဘူးလို့လဲ အဆိုရှိကြတယ်။ စာရေးဆရာဆိုတာကလဲ မည်ကာမတ္တ သာမညစာရေးဆရာမျိုးကို ဆိုလိုတာမဟုတ်ဘူးကွ။ နိုင်ငံနဲ့ လူမျိုးအကျိုးကို အသက်ထက်ဆုံးအကျိုးပြုနိုင်စွမ်းရှိအောင်၊ ဂန္ထဝင်ဖြစ်အောင်ရေးသားနိုင်စွမ်းရှိတဲ့ စာရေးဆရာကိုဆိုလိုတာကွ။ စာရေးဆရာ၊ ဆရာမ စစ်စစ်ဖြစ်ချင်တယ်ဆိုရင် ဥာဏ်၊ ဝီရိယရှိရှိနဲ့ စဉ်ဆက်မပြတ် တစိုက်မတ်မတ် ဖတ်ရှုရေးသား၊ ကြိုးစားနေကြဖို့တော့ လိုတာပေါ့ကွာ"

"မင်းပြောတာ သဘာဝကျပြီး လက်တွေ့အမှန်တရားဆိုတာ ငါယုံကြည်ပါတယ်သူငယ်ချင်းရာ။ အခြေအနေပေးရင် စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းတွေ ဆက်လက်ဖွင့်လှစ်ပေးနိုင်ပါစေလို့ ဆုတောင်းနေပါ့မယ်ကွာ"

## သားကောင်းလူချွန်

- ကမ်းပါးလျှိုမြောင် သေလာတောင်နှင့်
ကျောက်ဆောင် ခင်တန်း ဂနိုင်နန်းတို့
သွားလမ်းကာပြီး ကန့်လန့်ဆီးလည်း
မညည်းလျှောက်လျက် ငါချီတက်။

- ချောင်းကြီးမြစ်ငယ် အသွယ်သွယ်နှင့်
ပင်လယ်သမုဒ် ဝဲစလုတ်တို့
ထွေးရှုပ် လှုပ်ခတ် ကာရံပတ်လည်း
မပြတ်ဆက်ဆက် ငါချီတက်။

- လမ်းခရီးကြား အဆီးတားနှင့်
အခြားတစ်သွယ် အန္တရာယ်တို့
ကြောက်ဖွယ်အတိ ပြည့်နေဘိလည်း
သတိမပျက် ငါချီတက်။

- ခက်ခဲကြမ်းတမ်း ခရီးလမ်းမို့
နွမ်းလျဘဝင် နားယူချင်လည်း
လိုအင်ဆန္ဒ စုံပြည့်ဝဖို့
နေ့ညမပျက် ငါချီတက်။

- အို
ငါချီသည့်လမ်း ဒုက္ခလွှမ်းပြီး
ကြမ်းတမ်းမညီ ခက်ပွေလီလည်း
ငါရည်မှန်းရာ ပန်းတိုင်သာကို
ဉာဏ်လွှာဝေခွဲ လှံ့လကဲ၍
မလွဲစင်စစ် ယူမည်တည်း။ ။

**စိုင်းနေဝန်း(ဟုမ္မလင်း)**

# မြေပုံမြို့နယ် စိတ္တရကျေးရွာ၌ ဆိပ်ခံတံတားတည်ဆောက်နေမှု စစ်ဆေး

**မြေပုံ ဒီဇင်ဘာ ၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စိတ္တရကျေးရွာအုပ်စု စိတ္တရကျေးရွာ၌ ဆိပ်ခံတံတား တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဘစောနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဆိပ်ခံတံတားဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ စိတ္တရကျေးရွာ၌ ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော မျိုးမြတ်ထည်ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မြို့နယ်ဦးစီးမှူး ဦးဘစောက သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြေပုံမြို့နယ် စိတ္တရကျေးရွာ၌ အရှည်ပေ ၅၀၊ အကျယ် ၁၂ ပေ အမြင့် ရှစ်ပေ သံကူကွန်ကရစ်ဆိပ်ခံတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၃၁ သန်းဖြင့် မျိုးမြတ်ထည်ကုမ္ပဏီကတာဝန်ယူ၍ စက်တင်ဘာလတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့ထိ ၅၀ ရာနှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဆိပ်ခံတံတားပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၅၇၂ အိမ်မှ လူဦးရေ ၂၇၂၀ အတွက် အကျိုးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုသန်း**

# နိုင်ငံတကာ သတင်းများ

## ယူကရိန်းအထူးစစ်ဆင်ရေးများ အချိန်ကြာမြင့်နိုင်ကြောင်း သမ္မတပူတင် ပြောကြား

**မော်စကို ဒီဇင်ဘာ ၈**

ရုရှား လက်နက်ကိုင်တပ်များ အနေဖြင့် ယူကရိန်းနိုင်ငံ၌တိုက်ပွဲများအချိန်ကြာမြင့်စွာ ဆင်နွှဲရဖွယ်ရှိကြောင်း ရုရှားသမ္မတ ပူတင်က ဒီဇင်ဘာ ၇ ရက်တွင် ဝန်ခံပြောကြားလိုက်သည်။

ဒီဇင်ဘာ ၇ ရက်က ကျင်းပခဲ့ပြီး ရုပ်သံမှတစ်ဆင့်ထုတ်လွှင့်ခဲ့သည့် ဆွေးနွေးပွဲတစ်ခု၌ သမ္မတပူတင်က ယူကရိန်းစစ်ပွဲအချိန်ကာလ အတိုင်းအတာနှင့်ပတ်သက်၍ အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယူကရိန်း အထူးစစ်ဆင်ရေးများသည် အချိန်ကာလကြာမြင့်မည့် စစ်ဆင်ရေးများဖြစ်လာနိုင်ကြောင်း သမ္မတ ပူတင်က ဒီဇင်ဘာ ၇ ရက်ဆွေးနွေးပွဲ၌ သုံးသပ်ခဲ့သည်။

ထို့အတူ လက်ရှိအခြေအနေအရ အရန်တပ်များ ထပ်မံဆင့်ခေါ်ရန် အစီအစဉ်မရှိကြောင်း ရုရှားသမ္မတက ပြောကြားခဲ့သည်။

ရုရှားသမ္မတ ပူတင်သည် ယူကရိန်းအထူးစစ်ဆင်ရေးများကို ကူညီရေးအတွက် အရန်တပ်ဖွဲ့ဝင် ၃၀၀၀၀၀ ဆင့်ခေါ်ရေးအမိန့်ကို ယခုနှစ်စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ အမိန့်အရ ဆင့်ခေါ်စုဆောင်းထားသည့် အရန်တပ်ဖွဲ့ဝင် ၃၀၀၀၀၀ အနက် ၁၅၀၀၀၀ ကို ယူကရိန်းသို့ စေလွှတ်ဖြန့်ကြက်ထားပြီး ကျန် ၁၅၀၀၀၀ တို့မှာ လေ့ကျင့်နေဆဲဖြစ်ရာ လက်ရှိအခြေအနေအရ အရန်တပ်များ ဆင့်ခေါ်ရန် အစီအစဉ်မရှိကြောင်း သမ္မတ ပူတင်က ပြောကြားခဲ့သည်။

KKO



## သမ္မတစွပ်စွဲပြစ်တင်ရေး လုပ်ငန်းစဉ်ကြောင့် ပီရူးသမ္မတကတ်စတီလို ရာထူးမှဖယ်ရှားခံရ

**လီမာ ဒီဇင်ဘာ ၈**

ပီရူးနိုင်ငံ၏ လက်ဝဲဝါဒီသမ္မတ ပက်ဒရိုကတ်စတီလိုကို ပီရူးလွှတ်တော်အမတ်များက ဒီဇင်ဘာ ၇ ရက်တွင် သမ္မတစွပ်စွဲပြစ်တင်ရေးလုပ်ငန်းစဉ်ဖြင့် ရာထူးမှ ဖယ်ရှားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သမ္မတ ကတ်စတီလိုသည် လွှတ်တော်ကိုဖျက်သိမ်း၍ အာဏာ ဆက်ယူထားနိုင်ရန် ကြိုးစားခဲ့သော်လည်း လွှတ်တော်အမတ်များ၏ သမ္မတစွပ်စွဲပြစ်တင်ရေးလုပ်ငန်းစဉ်ကြောင့် ရာထူးမှဖယ်ရှားခံခဲ့ရခြင်း ဖြစ်သည်။

သမ္မတ ကတ်စတီလိုကို လွှတ်တော်က ရာထူးမှ ဖယ်ရှားခဲ့ပြီးနောက် ဒုတိယသမ္မတ ဒီနာဘိုလော်တီက ပီရူးသမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ပီရူးနိုင်ငံ၏ပထမဆုံးအမျိုးသမီး သမ္မတဖြစ်လာသည့် ဒီနာဘိုလော်တီသည် ၂၀၂၆ ခုနှစ်ထိ သမ္မတရာထူးရယူနိုင်မည်ဖြစ်သည်။

၂၀၂၁ ခုနှစ် ဇွန်လအတွင်း ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့၌ ပြိုင်ဘက် သမ္မတလောင်းကို အနိုင်ရခဲ့သည့် ကတ်စတီလိုသည် သမ္မတရာထူး သက်တမ်း ၁၇ လအတွင်း နိုင်ငံရေးပြဿနာ အများအပြားနှင့် ရင်ဆိုင်ခဲ့ရသည်။

ပီရူးလွှတ်တော်အမတ်များက သမ္မတစွပ်စွဲပြစ်တင်ရေးလုပ်ငန်းစဉ်ဖြင့် ရာထူးမှ ဖြုတ်ချခဲ့ပြီးနောက် ပီရူးရဲတပ်ဖွဲ့သည် သမ္မတဟောင်း ကတ်စတီလိုကို ပုန်ကန်ထကြွရန် ကြံစည်မှုဖြင့် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

KKO

## တရုတ်သမ္မတ ရှီကျင့်ဖျင် ပင်လယ်ကွေ့အာရပ်နိုင်ငံများမှ ခေါင်းဆောင်များနှင့် ထိပ်သီးဆွေးနွေးပွဲကျင်းပရန် ဆော်ဒီအာရေဗျနိုင်ငံသို့ ရောက်ရှိ




**ရီယာဒ် ဒီဇင်ဘာ ၈**

တရုတ်သမ္မတရှီကျင့်ဖျင်သည် ပင်လယ်ကွေ့ အာရပ်နိုင်ငံများမှ ခေါင်းဆောင်များနှင့် ထိပ်သီးဆွေးနွေးပွဲများကျင်းပရန် ဒီဇင်ဘာ ၇ ရက်က ဆော်ဒီအာရေဗျနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သမ္မတရှီကျင့်ဖျင် လိုက်ပါလာသော တရုတ်လေကြောင်းလိုင်း ဘိုးအင်း-၇၄၇ လေယာဉ် ရီယာဒ်လေဆိပ်သို့ ဆင်းသက်စဉ် ဆော်ဒီလေတပ်မှ တိုက်လေယာဉ်များက တရုတ်အမျိုးသားအလံနှင့် ဆော်ဒီအမျိုးသားအလံများကို ရောင်စုံမီးခိုးများဖြင့် ပုံဖော်၍ ဆီးကြိုနှုတ်ဆက်ခဲ့ကြသည်။

ဆော်ဒီခရီးစဉ်အတွင်း သမ္မတရှီကျင့်ဖျင်သည် တရုတ်-အာရပ်နိုင်ငံများထိပ်သီးညီလာခံသို့ တက်ရောက်မည်ဖြစ်ပြီး ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီအဖွဲ့ဝင်နိုင်ငံများနှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

တင်းကျပ်သည့် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရေးစည်းမျဉ်းများကြောင့် ကျဆင်းခဲ့ရသော စီးပွားရေးကို ပြန်လည်တွန်းတင်ရန် တရုတ်အစိုးရက ကြိုးစားနေစဉ် ပင်လယ်ကွေ့အာရပ်နိုင်ငံများမှ ခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေးရန် သမ္မတ ရှီကျင့်ဖျင်က စီစဉ်ထားခြင်းဖြစ်သည်။

ရေနံသယံဇာတကြွယ်ဝသည့် ပင်လယ်ကွေ့အာရပ်နိုင်ငံများသည် တရုတ်နိုင်ငံ၏စွမ်းအင်လိုအပ်ချက်အတွက် အရေးကြီးသည့် နိုင်ငံများဖြစ်သည်။

တစ်ချိန်တည်းမှာပင် အာရပ်နိုင်ငံများသည်လည်း အမေရိကန်နိုင်ငံ၏အာရုံ အခြားကမ္ဘာ့ပြဿနာများဘက်ရောက်နေချိန်တွင် ၎င်းတို့၏ နိုင်ငံခြားရေးမူဝါဒများကို ပြန်လည်ထိန်းညှိလာခဲ့ကြပြီး တရုတ်နိုင်ငံနှင့် ဆက်ဆံရေး တည်ဆောက်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

KKO

## ကာတာကမ္ဘာ့ဖလားပြိုင်ပွဲအတွက် နိုင်ငံတကာခရီးသွားဦးရေ ၇၆၅၀၀၀ ကျော်သာရောက်ရှိ

**ဒိုဟာ ဒီဇင်ဘာ ၈**

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ပထမ ရက်သတ္တနှစ်ပတ်အတွင်း ကာတာနိုင်ငံသို့ ဘောလုံးပရိသတ် ဦးရေ ၇၆၅၀၀၀ ကျော်သာရောက်ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ပထမပိုင်း ၁၇ ရက်အတွင်းကာတာနိုင်ငံသို့ နိုင်ငံတကာ ခရီးသွား ၇၆၅၈၅၉ ဦး ဝင်ရောက်လာခဲ့ပြီး ယခုအခါ ထက်ဝက်ကျော်ပြန်လည်ထွက်ခွာသွားပြီဖြစ်ကြောင်း ကာတာအစိုးရ ကမ္ဘာ့ဖလားဘောလုံးပွဲ စီစဉ်ကျင်းပရေးကော်မတီက ဒီဇင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများအတွက် ကာတာနိုင်ငံသို့ ရောက်ရှိလာသည့် နိုင်ငံတကာခရီးသွားဧည့်သည် အရေအတွက်သည် ကာတာတာဝန်ရှိသူများ မျှော်လင့်ထားသည်ထက်ပို၍ နည်းပါးခဲ့သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများအတွက် ကာတာနိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည် ၁ ဒသမ ၂ သန်းထိ ရောက်လာနိုင်ကြောင်း ကာတာတာဝန်ရှိသူများက ယခင်က ခန့်မှန်းထားသည်။

ဒီဇင်ဘာ ၁၈ ရက်တွင် ပြီးဆုံးမည့် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ နိုင်ငံအလိုက် ပွဲစဉ်များအတွက် လက်မှတ်ရွေးချယ်ဝယ်ယူထားသူပေါင်း ၁၂ ဒသမ ၃၃ သန်းရှိခဲ့ပြီး ကာတာနိုင်ငံတစ်ဝန်းရှိ အားကစားကွင်း ရှစ်ကွင်း၌ လက်မှတ်စောင်ရေပေါင်း ၃ ဒသမ ၃၉ သန်းထိ ရောင်းချခဲ့ရကြောင်း ကာတာတာဝန်ရှိသူများ၏အဆိုအရ သိရသည်။

ကာတာနိုင်ငံသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် ပထမဆုံး လက်ခံကျင်းပခဲ့သည့် အရှေ့အလယ်ပိုင်း နိုင်ငံဖြစ်သော်လည်း ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ နေရေးစားရေးနှင့်လက်မှတ်ဈေး အမြင့်ဆုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများထဲ၌ ပါဝင်ကြောင်း သိရသည်။

KKO

## သံမဏိလုပ်ငန်း၊ ရေနံနှင့်ဓာတုထုတ်လုပ်မှုလုပ်ငန်းမှ ကုန်တင်ယာဉ်မောင်းများ အလုပ်ခွင်ပြန်ဝင်ရန် တောင်ကိုရီးယားအစိုးရ အမိန့်ထုတ်ပြန်

**ဆိုးလ် ဒီဇင်ဘာ ၈**

သံမဏိထုတ်လုပ်မှု လုပ်ငန်းနှင့်ရေနံနှင့်ဓာတုထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်များမှ သပိတ်မှောက် ကုန်တင်ယာဉ်မောင်းများ အလုပ်ခွင်ပြန်ဝင်ရန် တောင်ကိုရီးယားအစိုးရက ယနေ့တွင် အမိန့်ထုတ်ပြန်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လုပ်ခလစာ မြှင့်တင်ပေးရေးအတွက် တောင်းဆိုနေကြသည့် ကုန်တင်ယာဉ်မောင်းများကို ပြည်လုံးကျွတ်သပိတ် ၁၄ ရက်တာကာလအတွင်း ဝင်ရောက်လာချိန်တွင် သံမဏိ ထုတ်လုပ်ရေးလုပ်ငန်းနှင့် ရေနံနှင့်ဓာတုပစ္စည်း ထုတ်လုပ်မှုနယ်ပယ်များမှ ကုန်တင်ယာဉ်မောင်းများ အလုပ်ခွင်ပြန်ဝင်ရန် တောင်ကိုရီးယားအစိုးရက အမိန့်ထုတ်ပြန်ထားခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း တောင်ကိုရီးယားအစိုးရသည် ဘိလပ်မြေထုတ်လုပ်မှု လုပ်ငန်းနယ်ပယ်မှ သပိတ်မှောက်အလုပ်သမား ဦးရေ၂၅၀၀ခန့်ကို အလုပ်ခွင်ပြန်ဝင်ရန်အမိန့်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယား အစိုးရတာဝန်ရှိသူများသည် ယာဉ်မောင်းများ အလုပ်ခွင်ပြန်ဝင်ရေးအတွက် ကုန်တင် ယာဉ်မောင်းများသမဂ္ဂတာဝန်ရှိသူများနှင့် ဆွေးနွေးမှုများ နှစ်ကြိမ်ပြုလုပ်ခဲ့သော်လည်း မည်သည့် သဘောတူညီချက်မျှရယူနိုင်မှုမရှိခဲ့ကြောင်း သိရသည်။

ကုန်တင် ယာဉ်မောင်းများ၏ ပြည်လုံးကျွတ်သပိတ်ကြောင့် အာရှ၏စတုတ္ထမြောက်စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံ၏ ကုန်စည်စီးဆင်းမှုများ ပျက်ပြားခဲ့ရသည်။

ကုန်တင် ယာဉ်မောင်းများ၏ ပြည်လုံးကျွတ်သပိတ် ပထမ ၁၂ ရက်အတွင်း အချိန်မီဖြန့်ဖြူးနိုင်မှု မရှိခဲ့သော ကုန်ပစ္စည်းများ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၅ ဘီလီယံထိ ရှိခဲ့ကြောင်း သိရသည်။

KKO



# SCIENCE AND TECHNOLOGY

## တီယန်ကောင်းအာကာသစခန်းယာဉ်ပေါ်၌ တရုတ်အာကာသယာဉ်မှူးများ စမ်းသပ်စိုက်ပျိုးထားသည့်အပင်တစ်မျိုး ရှင်သန်ကြီးထွားနေပြီဖြစ်



**ဝါရှင်တန် ဒီဇင်ဘာ ၈**

တရုတ်နိုင်ငံ၏ ရှန်ကျိုး-၁၅ အာကာသယာဉ်မှူးများက တီယန်ကောင်း အာကာသစခန်းယာဉ်ပေါ်၌ စမ်းသပ်စိုက်ပျိုးထားသည့် အပင်တစ်မျိုးမှာ စတင်ရှင်သန်ကြီးထွားနေပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဒီဇင်ဘာ ၇ ရက်က ရေးသားတင်ပြထားသည်။

တရုတ်နိုင်ငံသည် ရှန်ကျိုး-၁၅ အာကာသလူသယ်ယာဉ်ကို ယခုနှစ် နိုဝင်ဘာ ၂၉ ရက်က တီယန်ကောင်း အာကာသစခန်းသို့လွှတ်တင်ခဲ့သည်။

လွှတ်တင်ပြီး နာရီ ၂၀ ခန့်အကြာတွင် ရှန်ကျိုး-၁၅ အာကာသယာဉ်မှူးများသည် တီယန်ကောင်း အာကာသစခန်း၏ ဝန်တီယန် သုတေသန ပင်မခန်းအတွင်းရှိ ဇီဝမှန်လုံခန်းထဲ၌ Arabidopsis Thaliana အပင်ကို စတင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အပင်များ၏မျိုးဗီဇအပေါ် ဒြပ်ဆွဲအား သုညအဆင့်ဝန်းကျင်၏ အကျိုးသက်ရောက်မှုကို လေ့လာရေးအတွက် တရုတ်အာကာသယာဉ်မှူးများက Arabidopsis Thaliana အပင်ကို စိုက်ပျိုးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

နောင်လာမည့် ရက် ၃၀ မှ ရက် ၅၀ အတွင်း တရုတ်အာကာသယာဉ်မှူးများသည် ဒြပ်ဆွဲအားမဲ့ ဝန်းကျင်အောက်၌ Arabidopsis Thaliana အပင်များ၏ မျိုးဗီဇ အမူအကျင့်များ အပြောင်းအလဲကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအပင်နမူနာများ ကမ္ဘာပေါ်သို့ ပြန်ရောက်ချိန်တွင်လည်း အပင်တို့၏ဇီဝစနစ်အပေါ် ဒြပ်ဆွဲအားမဲ့ အခြေအနေများ၏ အကျိုးသက်ရောက်မှုကို တရုတ်သိပ္ပံပညာရှင်များက ဆက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။

KKO


## နာဆာ၏ အင်ဂျီနျူတီရဟတ်ယာဉ်က ၃၅ ကြိမ်မြောက် အင်္ဂါဂြိုဟ်လေထုလွှာအတွင်းပျံသန်းမှုတွင် စံချိန်တင်အမြင့်ပေသို့ တက်ရောက်နိုင်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အင်ဂျီနျူတီရဟတ်ယာဉ်သည် ၃၅ ကြိမ်မြောက် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ပျံသန်းမှုတွင် စံချိန်တင်အမြင့်ပေသို့ တက်ရောက်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၇ ရက်က ရေးသားတင်ပြထားသည်။

အလေးချိန် ၁ ဒသမ ၈ ကီလိုဂရမ်ရှိ အင်ဂျီနျူတီရဟတ်ယာဉ်သည် ဒီဇင်ဘာ ၃ ရက်က ၃၅ ကြိမ်မြောက် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ပျံသန်းမှုကိုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၃ ရက်ပျံသန်းမှုအတွင်း အင်ဂျီနျူတီရဟတ်ယာဉ်သည် အမြင့် ၄၆ ပေ (၁၄ မီတာ)



ထိ တက်ရောက်ခဲ့ရာ အမြင့်ဆုံး တက်ရောက်ပျံသန်းနိုင်မှု စံချိန်သစ်ကို တင်နိုင်ခဲ့သည်။

ယခင်ပြုလုပ်ခဲ့သည့် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း စမ်းသပ်ပျံသန်းမှုများ၌ အမြင့်ပေ ၃၉ ပေထိသာ စံချိန်တင်တက်ရောက်ခဲ့ဖူးကြောင်း သိရသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် နာဆာ၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်နှင့်အတူ အင်္ဂါဂြိုဟ် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ဆင်းသက်ခဲ့သည်။

လက်ရှိအချိန်တွင် အင်ဂျီနျူတီရဟတ်ယာဉ်သည် ပါးဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်၏ ကင်းထောက်ယာဉ်တာဝန်ကို ရယူထားကြောင်း သိရသည်။

KKO

## သိပ္ပံပညာရှင်များတွေ့ရှိခဲ့သော ထူးဆန်းသည့်အာကာသအလင်းရောင်သည် ကြယ်တစ်စင်းကို မဟာအာကာသတွင်းနက်တစ်ခုက ဖိကြိတ်နေမှုကြောင့် ထွက်ပေါ်လာခြင်းဖြစ်

**ဝါရှင်တန် ဒီဇင်ဘာ ၈**

ယခုနှစ် ဖေဖော်ဝါရီလအတွင်း နက္ခတ္တရူပသိပ္ပံပညာရှင်များတွေ့ရှိခဲ့သော ထူးဆန်းသည့်အာကာသအလင်းရောင်သည် ကြယ်တစ်စင်းကို မဟာအာကာသတွင်းနက်တစ်ခုက ဖိကြိတ်ခြေနေမှုကြောင့် ထွက်ပေါ်လာသော အလင်းရောင်ဖြစ်ကြောင်း The Daily Mail သတင်းစာက ဒီဇင်ဘာ ၇ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် ယခုနှစ် ဖေဖော်ဝါရီလတွင် နေအစင်းပေါင်း တစ်ထရီလီယံ၏ အလင်းအားထက် ပို၍ပြင်းထန်သော စွမ်းအင်ပေါက်ကွဲမှုဖြစ်စဉ်တစ်ရပ်ကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ စွမ်းအင်ပေါက်ကွဲမှုသည် မဟာအာကာသတွင်းနက်တစ်ခု၏အနီးသို့ ရောက်ရှိသွားသော ကြယ်တစ်စင်းကအာကာသတွင်းနက်၏ ဒြပ်ဆွဲအားဖိကြိတ်ခံနေရမှုကြောင့် ထွက်ပေါ်လာသည့် စွမ်းအင် ပေါက်ကွဲမှုဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

AT2022cmc ဟူ၍ အမည်ပေးထားသည့် အထက်ပါစွမ်းအင်ပေါက်ကွဲမှုသည် ကမ္ဘာမြေနှင့် အလင်းနှစ် ရှစ်ဘီလီယံအကွာရှိ အာကာသနယ်မြေအတွင်း ပေါ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

AT2022cmc စွမ်းအင်ပေါက်ကွဲမှုသည် စကြဝဠာ၏အပြင်းထန်ဆုံး စွမ်းအင်ပေါက်ကွဲမှုဖြစ်စဉ်များထဲတွင်ပါဝင်ပြီး ရှာဖွေတွေ့ရှိဖူးသမျှ စွမ်းအင်ပေါက်ကွဲမှုများအနက် ကမ္ဘာနှင့်အဝေးဆုံး စွမ်းအင်ပေါက်ကွဲမှုလည်းဖြစ်သည်။

AT2022cmc စွမ်းအင်ပေါက်ကွဲမှုဖြစ်စဉ်သည် အပူချိန် ၅၄၀၀၀ ဒီဂရီဖယ်ရင်ဟိုက် (၃၀၀၀၀ ဒီဂရီဆဲလ်စီးယပ်စ်)ထိ ရှိခဲ့ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

# HEALTH

## ကိုယ်အလေးချိန်လွန်ကဲသူ ကလေးများ၌ ဦးနှောက်ဖွံ့ဖြိုးမှု ထိခိုက်နိုင်ဖွယ်ရှိ

**နယူးယောက် ဒီဇင်ဘာ ၈**

အဝလွန်သူ၊ ကိုယ်အလေးချိန်လွန်ကဲသူ ကလေးများ၌ ဦးနှောက်ဖွံ့ဖြိုးမှု ထိခိုက်နိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၇ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ယေးလ်တက္ကသိုလ်ဆေးကျောင်းမှ သုတေသနပညာရှင်များသည် အဝလွန်သူ၊ ကိုယ်အလေးချိန် လွန်ကဲသူများလည်းပါဝင်သော ကလေး ၅၁၀၀ တို့၏ ဦးနှောက်ဓာတ်မှန်များကို လေ့လာခဲ့ကြသည်။

လေ့လာတွေ့ရှိချက် ရလဒ်များအရ အဝလွန်သူ၊ ကိုယ်အလေးချိန် လွန်ကဲသူကလေးများသည် ပုံမှန်ကိုယ်အလေးချိန်ရှိသူ ကလေးများနှင့် နှိုင်းယှဉ်ပါက ဦးနှောက်ဖွဲ့စည်းတည်ဆောက်ပုံနှင့် လုပ်ငန်းလည်ပတ်ပုံပြဿနာများ ရှိနေတတ်ကြောင်း သိရသည်။

အထက်ပါ ဦးနှောက်ဖွဲ့စည်းတည်ဆောက်ပုံနှင့် လုပ်ငန်းလည်ပတ်ပုံပြဿနာများကြောင့် အဝလွန်ကလေးများ၏ ပညာသင်ယူနိုင်စွမ်းလည်း ထိခိုက်သွားနိုင်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

အထူးသဖြင့် ကိုယ်အလေးချိန်လွန်ကဲသူ၊ အဝလွန်သူကလေးများတွင် Cortex ခေါ် ဦးနှောက်၏ အပြင်ဘက်အကျဆုံး အလွှာမှာ ပါးနေတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အဝလွန်ကလေးများ၏ ဦးနှောက်ဖွံ့ဖြိုးမှု အပြောင်းအလဲတချို့ကို လေ့ကျင့်ခန်းပြုလုပ်ခြင်း ကိုယ်အလေးချိန်လျှော့ချပေးခြင်းတို့ဖြင့် တားဆီးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။ KKO

## အယ်ဇိုင်းမားရောဂါ၏ ရှေ့ပြေးလက္ခဏာများကို သွေးစစ်နည်းတစ်မျိုးဖြင့် ဖော်ထုတ်ပေးနိုင်ဖွယ်ရှိ

**နယူးယောက် ဒီဇင်ဘာ ၈**

အယ်ဇိုင်းမားရောဂါ၏ရှေ့ပြေးလက္ခဏာများကို ရောဂါလက္ခဏာများမပေါ်မီ သွေးစစ်နည်းတစ်မျိုးဖြင့် ကြိုတင်၍ဖော်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဒီဇင်ဘာ ၇ ရက်က ရေးသားတင်ပြထားသည်။

အယ်ဇိုင်းမားရောဂါ လူနာအများစုသည် မှတ်ဉာဏ်ပြဿနာများပေါ်ပေါက်ပြီးချိန်မှသာ အယ်ဇိုင်းမားရောဂါကို စစ်ဆေးတွေ့ရှိရလေ့ရှိသည်။

သို့ရာတွင် အယ်ဇိုင်းမားရောဂါ၏ ရှေ့ပြေးလက္ခဏာများသည် ဦးနှောက်အတွင်း စုစည်းတည်ရှိနေသော အမီလွိုက်ဘီတာခေါ် ပရိုတင်းအစုအဝေးများမှ ပေါ်ထွက်လာတတ်ကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

SOBA ဟူ၍ အမည်ပေးထားသည့် သွေးစစ်နည်းသည် အမီလွိုက်ဘီတာ ပရိုတင်းအစုအဝေးများကို ထောက်လှမ်းနိုင်ပြီး အယ်ဇိုင်းမားရောဂါကို ဖော်ထုတ်ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် SOBA သွေးစစ်နည်းကို အယ်ဇိုင်းမားရောဂါလူနာ ၁၄၇ ဦးတို့ဖြင့် စမ်းသပ်ခဲ့ရာ တစ်ဦးမှတစ်ပါး ကျန်အားလုံးတို့၌ ရောဂါရှိနေမှုကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။

သို့ရာတွင် အဆိုပါသွေးစစ်နည်း၏ထိရောက်မှုကို အတည်ပြုနိုင်ရေးအတွက် ကျယ်ပြန့်သည့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ရန်လိုဆဲဖြစ်သည်ဟု သုတေသနပညာရှင်များက ဝန်ခံထားကြောင်း သိရသည်။

KKO






# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး ဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲများ ဆက်လက်ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၈**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတို့ကို နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် အားကစားရုံတို့၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို နံနက် ၉ နာရီမှ စတင်ပြီး ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)တွင် ကျင်းပခဲ့ရာ အမျိုးသမီးပြိုင်ပွဲအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ အမျိုးသားပြိုင်ပွဲအဖြစ် ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ နေပြည်တော်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲ တစ်ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် အသီးသီး အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

ဆက်လက်ပြီး မွန်းလွဲ ၃ နာရီက ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက်အမျိုးသမီး ဘောလုံးပြိုင်ပွဲအဖြစ် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းလေ့ကျင့်ရေးကွင်း အမှတ် (၁) တွင် နေပြည်တော်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ကစားခဲ့ရာ နေပြည်တော်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

STA

# ရိုးမားအသင်းက တိုက်စစ်မှူး အေဗရာဟမ်ကို စတာလင်ပေါင် ၄၃ သန်းဖြင့် ရောင်းချရန်ပြင်ဆင်


**ရောမ ဒီဇင်ဘာ ၈**

ရိုးမားအသင်းသည် ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသည့် တိုက်စစ်မှူး အေဗရာဟမ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၃ သန်းဝန်းကျင်ရရှိပါက ရောင်းချသွားမည်ဖြစ်ကြောင်း Dailycan-non. com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် တိုက်စစ်မှူး အေဗရာဟမ်အနေဖြင့် နည်းပြမော်ရင်ဟိုလက်အောက်တွင် ပုံစံကောင်းရရှိရန် ရုန်းကန်နေရပြီး ပြိုင်ပွဲစုံ ၁၅ ပွဲတွင် သွင်းဂိုး သုံးဂိုးသာ သွင်းယူနိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက ရောင်းချရန် ပြင်ဆင်နေသကဲ့သို့ ကစားသမားကိုယ်တိုင်ကလည်း အသင်းမှ ထွက်ခွာ၍ အင်္ဂလန်သို့ ပြန်လည်ပြောင်းရွှေ့ရန် ဆန္ဒရှိနေသောကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

ထို့အတူ အာဆင်နယ်အသင်းသည် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒူးဒဏ်ရာရရှိခဲ့သည့် တိုက်စစ်မှူး ဂျီးဆပ်စ်၏နေရာတွင် အစားထိုးနိုင်ရန်အတွက် တိုက်စစ်မှူး အေဗရာဟမ်ကို ခေါ်ယူရန် ပြန်လည်ကြိုးပမ်းနေသကဲ့သို့ ရိုးမားအသင်းကလည်း ကစားသမားအတွက် ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၄၃ သန်းဝန်းကျင်ရရှိပါက ပြောင်းရွှေ့ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ တိုက်စစ်မှူး အေဗရာဟမ်သည် ရိုးမားအသင်းသို့ ပြီးခဲ့သည့် ဘောလုံးရာသီက ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့်အတူခြေစွမ်းပြသနိုင်ခဲ့ကာ ပြိုင်ပွဲစုံတွင် သွင်းဂိုး ၂၇ ဂိုးထိ သွင်းယူ၍ အသင်းအား ယူရိုပါကွန်ဖရင့်လိဂ်ဆုဖလားရရှိအောင် ပါဝင်ကူညီနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် နည်းပြမော်ရင်ဟို၏ ကစားကွက်၌ အံဝင်မှုမရှိတော့ဘဲ ပြိုင်ပွဲစုံတွင် သွင်းဂိုး လေးဂိုးသာ သွင်းယူနိုင်ခဲ့သောကြောင့် အသင်းအနေဖြင့် ရောင်းချရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ ML




# ရုရှားတင်းနစ်ကစားသမားများနှင့် ဘီလာရုစ်တင်းနစ်ကစားသမားများအား ပြိုင်ပွဲဝင်ခွင့်ပိတ်ပင်ခဲ့သည့် LTA ကို ATP က ဒဏ်ရိုက်

**လန်ဒန် ဒီဇင်ဘာ ၈**

အင်္ဂလန်အခြေစိုက် Lawn Tennis Association (LTA) အဖွဲ့အစည်းသည် ၂၀၂၂ ခုနှစ် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲတွင် ရုရှားတင်းနစ်ကစားသမားများနှင့် ဘီလာရုစ် တင်းနစ်ကစားသမားများအား ပြိုင်ပွဲဝင်ခွင့်ပိတ်ပင်ခဲ့သည့်အတွက် အင်္ဂလန်နိုင်ငံအခြေစိုက် ATP Tour အဖွဲ့ချုပ်က LTA အဖွဲ့အစည်းကို ဒဏ်ရိုက်လိုက်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှား-ယူကရိန်းအရေးကြောင့် ရုရှား တင်းနစ်ကစားသမားများနှင့် ရုရှား-ယူကရိန်းအရေးတွင် ရုရှားနိုင်ငံဘက်မှ ရပ်တည်ခဲ့သော ဘီလာရုစ်နိုင်ငံမှ တင်းနစ်ကစားသမားများကို ၂၀၂၂ ခုနှစ် တင်းနစ်ရာသီအတွင်း နိုင်ငံမဲ့ ကစားသမားများအနေဖြင့်သာ ATP Tour က ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုထားသည်။

သို့သော်လည်း ရုရှားတင်းနစ်ကစားသမားများနှင့် ဘီလာရုစ်တင်းနစ်ကစားသမားများကို တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပိတ်ပင်ထားခြင်းမျိုး မရှိခဲ့ကြောင်း သိရသည်။

ATP Tour ၏ ဆုံးဖြတ်ချက်ကို ကျော်လွန်ကာ ရုရှားတင်းနစ်ကစားသမားများနှင့် ဘီလာရုစ်တင်းနစ်ကစားသမားများကို ပြိုင်ပွဲဝင်ခွင့်ပိတ်ပင်ခဲ့သည့် LTA အဖွဲ့အစည်းအား ATP Tour က ဒဏ်ကြေးငွေအဖြစ် စတာလင်ပေါင် ၈၂၀၀၀၀ ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။


LTA အဖွဲ့အစည်းက "စိတ်ပျက်စရာကောင်းတဲ့ ဆုံးဖြတ်ချက်ပါ။ ရုရှား-ယူကရိန်းအရေးမှာ လူသားချင်း စာနာထောက်ထားမှုအနေနဲ့ LTA အဖွဲ့အစည်းဟာ ယူကရိန်းဘက်ကနေ ရပ်တည်ပြခဲ့တာဖြစ်ပါတယ်။ ရုရှား-ယူကရိန်းအရေးနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတကာအားကစားအဖွဲ့အစည်းတွေနဲ့ဗြိတိန်အစိုးရရဲ့ ယူကရိန်းဘက်ကရပ်တည်တဲ့ကိစ္စကို ATP Tour အဖွဲ့ချုပ်က မထောက်ခံတဲ့သဘောမျိုး သက်ရောက်နေပါတယ်။ ATP Tour အဖွဲ့ချုပ်ရဲ့ ရုရှား-ယူကရိန်းအရေးမှာ ယူကရိန်းဘက်ကနေ ရပ်တည်ကြောင်း ပြသမှုဟာ လုံလောက်မှုမရှိပါဘူး"ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ AZL

# အမ်မရာဘတ်ကို ခေါ်ယူရန် ကစားသမား၏အေးဂျင့်နှင့်တွေ့ဆုံခဲ့ဟု နည်းပြ ကလော့ပ်ပြောကြား

**လန်ဒန် ဒီဇင်ဘာ ၈**

လီဗာပူးအသင်းသည် ကွင်းလယ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ကြိုးပမ်းလျက်ရှိရာ ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင် မော်ရိုကိုအသင်းအတွက် ခြေစွမ်းပြကစားနေသည့် ကွင်းလယ်ကစားသမား အမ်မရာဘတ်ကို ခေါ်ယူနိုင်ရန် ကစားသမား၏အေးဂျင့်ဖြစ်သူနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်ဟု နည်းပြကလော့ပ်က ပြောကြားခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စီရီးအေကလပ် ဖီအိုရင်တီးနားအသင်းတွင် ကစားနေသည့် ကွင်းလယ်ကစားသမား အမ်မရာဘတ်သည် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲတွင် မော်ရိုကိုလက်ရွေးစင်အသင်း၌ ပါဝင်လာခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲတိုင်း ပွဲချိန်ပြည့်ပါဝင်ခွင့်ရခဲ့ကာ ၎င်းသည်ပြိုင်ဘက်အသင်း၏ တိုက်စစ်ဆင်မှုများကို ဖျက်ထုတ်နိုင်ခဲ့သည့်အပြင် မိမိအသင်းတိုက်စစ်ပိုင်းအတွက်လည်း ဂိုးရရှိရန် အခွင့်အရေးကောင်းများ ဖန်တီး၍ အသင်းအား ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်အဆင့်ထိ ရောက်ရှိအောင် ကူညီနိုင်ခဲ့သောကြောင့် လီဗာပူးအသင်း နည်းပြကလော့ပ်က ၎င်းကိုခေါ်ယူရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။



လီဗာပူးအသင်း ကွင်းလယ်ပိုင်းတွင် ချိန်ဘာလိန်း၊ ဂျိမ်းမင်နာ၊ နာဘီကီတာတို့မှာ လာမည့်နွေရာသီတွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သကဲ့သို့ လူငယ်ကစားသမား ကာတစ်ဂျုန်းနှင့် ဖာဘင်ဟိုတို့မှာလည်း ပုံစံကောင်းရရှိရန် ရုန်းကန်နေရသဖြင့် နည်းပြကလော့ပ်က ကွင်းလယ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ပြီးခဲ့သည့်အပြောင်းအရွှေ့က ဂျူအာမန်နီကို ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရခဲ့သဖြင့် ယခုအခါမော်ရိုကိုအသင်း ကွင်းလယ်ကစားသမား အမ်မရာဘတ်ကို ခေါ်ယူနိုင်ရန် ဆုံးဖြတ်ခဲ့ပြီး ကစားသမား၏အေးဂျင့်ဖြစ်သူနှင့်တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- ပြင်သစ်အသင်းကွင်းလယ်ကစားသမား ရာဘီယို့စ်က မိမိအနေဖြင့် ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသော်လည်း မည်သည့်အသင်း၏ကမ်းလှမ်းချက်ကိုမှမရရှိသေးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်စီးတီးအသင်းက ရောင်းချရန်ပြင်ဆင်နေသည့် ဂရီလစ်ကို အေစီမီလန်အသင်းက ကွင်းလယ်ကစားသမား လီအို၏နေရာတွင် အစားထိုးနိုင်ရန် ချိတ်ဆက်နေကြောင်း သိရသည်။
- ယခုနှစ် ဘောလုံးရာသီကုန်တွင် ပဲလေ့စ်အသင်းနှင့် စာချုပ်ကုန်ဆုံးတော့မည့် ကွင်းလယ်ကစားသမား ဇာဟာကို မာဆေးအသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ရန် စီစဉ်လျက်ရှိသည်။
- ဘိုင်ယန်မြူးနစ်အသင်းက အသက် ၁၉ နှစ်ရှိ လူငယ်ကစားသမား မူစီအာလာကို စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ ML

# ဖီဖာက ခရိုအေးရှားဘောလုံးအဖွဲ့ချုပ်ကို ဆွစ်ဖရန့်ငွေ ၅၀၀၀၀ ပြစ်ဒဏ်ချမှတ်




ဇူးရစ် ဒီဇင်ဘာ ၈

ပြီးခဲ့သည့် နိုဝင်ဘာ ၂၇ရက်က ကျင်းပခဲ့သည့် ခရိုအေးရှားအသင်းနှင့် ကနေဒါအသင်းတို့ ပွဲစဉ်တွင် ခရိုအေးရှား ပရိသတ်တစ်ဦးက ကနေဒါဂိုးသမား ဘိုဂျန်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့်အတွက် ကမ္ဘာ့ဖလားဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ခရို အေးရှားအသင်းအား အဆိုပါ ပရိသတ်ကို ထိန်းသိမ်းရန် အားနည်းမှုဖြင့် ဆွစ်ဖရန့်ငွေ ၅၀၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကနေဒါဂိုးသမား ဘိုဂျန်သည် ခရိုအေးရှားနိုင်ငံ ကနင်မြို့၌ မွေးဖွားသူ တစ်ဦးဖြစ်သော်လည်း စစ်ရေးပဋိပက္ခများကြောင့် ၁၉၉၅ ခုနှစ်တွင် ဆားဘီးယားနိုင်ငံ၌ သွားရောက်ခိုလှုံခဲ့ပြီး လွတ်လပ်ရေး ရရှိချိန်တွင် ကနေဒါနိုင်ငံသို့ ပြောင်းရွှေ့၍ ကနေဒါနိုင်ငံသား အဖြစ်ခံယူခဲ့ကာ လက်ရှိကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ကနေဒါလက်ရွေးစင် အသင်းအတွက် ပါဝင်ကစားခဲ့သည့်အချိန်တွင် ခရိုအေးရှားအသင်းနှင့် တွေ့ဆုံခဲ့ရာ ပရိသတ်တစ်ဦးက ဂိုးသမား ဘိုဂျန်အား ပုဂ္ဂိုလ်ရေးပစ်မှတ်ထားတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ကနေဒါအသင်းသည် ခရိုအေးရှားအသင်းကို လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်၍ပြိုင်ပွဲမှထွက်ခွာခဲ့ရသော်လည်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ကနေဒါ ဂိုးသမား ဘိုဂျန်ကို ပုဂ္ဂိုလ်ရေးပစ်မှတ်ထား တိုက်ခိုက်ခဲ့သည့် ခရိုအေးရှား ပရိသတ်တစ်ဦးကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်၍ အရေးယူခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်က "အဖွဲ့ချုပ်အနေနဲ့ ဒီဖြစ်စဉ်ကို စုံစမ်းမှုပြုလုပ်ခဲ့ပြီး အရေးယူခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ ချမှတ်ထားတဲ့ စည်းမျဉ်းတွေအရ ကစားသမားတွေကို အားကစားနဲ့ မသက်ဆိုင်တဲ့ စကားလုံးနဲ့ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အရာဝတ္ထုဖြင့်ဖြစ်စေ တိုက်ခိုက်မှုပြုလုပ်မယ်ဆိုရင် Article 16 အရ ပြစ်ဒဏ်ချမှတ်တာဖြစ်ပါတယ်။ အခုဖြစ်စဉ်မှာ ခရိုအေးရှား ပရိသတ်က ပုဂ္ဂိုလ်ရေးအရ ပစ်မှတ်ထားတဲ့ စာတန်းကို ကိုင်ဆောင်တိုက်ခိုက်ခဲ့တာ ဖြစ်လို့ ခရိုအေးရှား ဘောလုံးအဖွဲ့ချုပ်ကို ပရိသတ်အားထိန်းသိမ်းရန် အားနည်းမှုနဲ့ဒဏ်ငွေချမှတ်လိုက်တာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML

# ကမ္ဘာ့ဖလားကွာတားအဆင့်တွင် စတားလင်း ပါဝင်မည်ဖြစ်သော်လည်း ဒီကလန်ရိုက် လွဲချော်ဖွယ်ရှိ

ဒိုဟာ ဒီဇင်ဘာ ၈

၂၀၂၂ကမ္ဘာ့ဖလားပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ကစားမည့် ပြင်သစ်အသင်းနှင့် ပွဲစဉ်မတိုင်မီ အင်္ဂလန်အသင်းနှင့်အတူစတားလင်း ပြန်လည်ပူးပေါင်း ခဲ့သော်လည်း အဓိကကွင်းလယ်ကစားသမားဖြစ်သည့် ဒီကလန်ရိုက်အနေဖြင့် အဖျားရောဂါကြောင့် လွဲချော်ရဖွယ်ရှိနေသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စတားလင်းသည် ပြီးခဲ့သည့် (၁၆)သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ်ကစားခဲ့သည့် အင်္ဂလန်အသင်းနှင့် ဆီနီဂေါအသင်းတို့ပွဲစဉ် မတိုင်မီတွင် အင်္ဂလန်ရှိ ၎င်း၏ မိသားစုနေအိမ်တွင်း အကြမ်းဖက်မှုနှင့် ရင်ဆိုင်ခဲ့ရသည့်အတွက် အင်္ဂလန်နိုင်ငံသို့ ပြန်သွားခဲ့ရသောကြောင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိတွင် အင်္ဂလန်ရှိ စတားလင်း၏နေအိမ်နှင့် မိသားစုဝင်များမှာ လုံခြုံစိတ်ချရပြီ ဖြစ်သည့်အတွက် အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ပြီး လာမည့် အရေးကြီးပွဲစဉ်ဖြစ်သည့် ပြင်သစ်အသင်းနှင့် ပွဲစဉ်ကို ပြန်လည်ပါဝင်နိုင်ဖွယ်ရှိနေသည်။

သို့သော် အင်္ဂလန်အသင်းအဓိက ကွင်းလယ်ကစားသမားအဖြစ် ပါဝင်နေသည့်ဒီကလန်ရိုက်သည် လက်ရှိတွင် အဖျားဝေဒနာခံစားနေရသည့်အတွက် အသင်းနှင့်အတူစခန်းသွင်း လေ့ကျင့်မှုပင် မပြုလုပ်နိုင်သောကြောင့် ပြင်သစ်အသင်းနှင့်ကစားမည့်ပွဲစဉ်ကို လွဲချော်ရဖွယ်ရှိနေပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်မှသာ ပြန်လည်ပါဝင်နိုင်မည်ဖြစ်သည်။

၂၀၂၂ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အင်္ဂလန်အသင်းနှင့် ပြင်သစ်အသင်းတို့သည် လာမည့် ဒီဇင်ဘာ ၁၁ ရက်တွင် ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

STA

# Jorge Newberry Award ဆုကို လက်စ်ကူရက် ဆွတ်ခူး

ဗျူနို့စ်အေးရိစ် ဒီဇင်ဘာ ၈

အာဂျင်တီးနား နိုင်ငံ၏ အားကစားကဏ္ဍအသီးသီးမှတစ်နှစ်တာအကောင်းဆုံး ကစားသမားများအား ရွေးချယ်ချီးမြှင့်ပေးသည့် Jorge Newberry Award ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၇ ရက်တွင် အာဂျင်တီးနားနိုင်ငံ ဗျူနို့စ်အေးရိစ်မြို့တွင် ကျင်းပခဲ့ရာ လက်ဝှေ့အားကစားနည်းမှ Jorge Newberry Award ဆုကို WBA စူပါဖလိုင်းဝိတ်တန်း အမျိုးသမီးကမ္ဘာ့ချန်ပီယံ လက်စ်ကူရက်က ဆွတ်ခူးခဲ့ကြောင်း Archy Sports က ယနေ့တွင် ဖော်ပြခဲ့သည်။

Jorge Newberry Award ဆုသည် ၁၉၁၄ ခုနှစ်က ကွယ်လွန်ခဲ့သည့် အာဂျင်တီးနားသိပ္ပံပညာရှင်နှင့် လေကြောင်းပညာရှင်ဖြစ်သူ Jorge Newberry အားရည်ညွှန်းဂုဏ်ပြုကာ ချီးမြှင့်သည့်ဆုဖြစ်ပြီး အာဂျင်တီးနား အားကစားလောကအတွက် တန်ဖိုးထားရသည့်ဆုတစ်ဆုလည်းဖြစ်သည်။

လက်စ်ကူရက်သည် ၂၀၂၂ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် WBA စူပါဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် မက္ကဆီကို လက်ဝှေ့မယ် ရာမီရက်ဇ်နှင့် အာဂျင်တီးနားနိုင်ငံ ဗျူနို့စ်အေးရိစ်မြို့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့် အနိုင်ရရှိပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည်။

ထို့ပြင်၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် WBA စူပါဖလိုင်းဝိတ်တန်း အမျိုးသမီးကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် အာဂျင်တီးနားနိုင်ငံ ဗျူနို့စ်အေးရိစ်မြို့တွင် မက္ကဆီကို လက်ဝှေ့မယ်တစ်ဦးပင်ဖြစ်သည့် ဆာနာဘီယာဖြင့် ထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့် အနိုင်ရရှိပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည်။



၂၀၂၂ ခုနှစ်အတွင်း WBA စူပါဖလိုင်းဝိတ်တန်း လက်ရှိချန်ပီယံဆုကို နှစ်ကြိမ်တိုင်တိုင် ကာကွယ်နိုင်ခဲ့ခြင်းကြောင့် လက်ဝှေ့အားကစားကဏ္ဍမှ Jorge Newberry Award ဆုကို ချီးမြှင့်ပေးအပ်ရန် ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

Jorge Newberry Award ဆုကို ဆွတ်ခူးခဲ့သည့် လက်စ်ကူရက်သည် နိုင်ငံတကာအမျိုးသမီးလက်ဝှေ့လောကတွင် အာဂျင်တီးနားလက်ဝှေ့မယ်များ၏ ကြီးကျယ်ခမ်းနားမှုကို ပြသနိုင်ခဲ့သလို အာဂျင်တီးနား လက်ဝှေ့လောက၏ ဂုဏ်ကိုလည်း ဆောင်နိုင်ခဲ့သည့်အတွက် ပြိုင်ဘက်မရှိဘဲ Jorge Newberry Award ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

AZL

# စပိန်နည်းပြအင်းနရစ် နည်းပြရာထူးမှနုတ်ထွက်

မက်ဒရစ် ဒီဇင်ဘာ ၈

စပိန်လက်ရွေးစင်အသင်းနည်းပြ အင်းနရစ်သည် လက်ရှိ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် (၁၆) သင်း အဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် အသင်းနည်းပြရာထူးမှ တရားဝင်နုတ်ထွက်ခဲ့သည်ဟု ကြေညာခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်အသင်းနည်းပြ အင်းနရစ်သည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က ဘာစီလိုနာအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ၂၀၁၈ ခုနှစ် ဇူလိုင်လက စတင်ပြီး စပိန်အသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရကာ ၎င်းတာဝန်ယူကိုင်တွယ်ခဲ့သည့် သက်တမ်းတစ်လျှောက်တွင် အမြင့်ဆုံးအောင်မြင်မှုအဖြစ် ပြီးခဲ့သည့် ၂၀၂၀-၂၀၂၁ ဘောလုံးရာသီ ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပြိုင်ပွဲ၌ ဒုတိယဆု ရရှိခဲ့ခြင်းဖြစ်သည်။

နည်းပြအင်းနရစ်သည် လက်ရှိ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲမစတင်မီ ကစားသမား ရွေးချယ်ခဲ့ရာတွင်လည်း ရာမို့စ်၊ ဒီဂီယာ အစရှိသည့် ကစားသမားများကို ရွေးချယ်ခြင်း မရှိခဲ့သည့်အတွက်ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရပြီး အုပ်စုပွဲစဉ်များ ကစားခဲ့ရာတွင် အဖွင့်ပွဲစဉ်၌ ကော်စတာရီကာအသင်းကို ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း အုပ်စုလက်ကျန်နှစ်ပွဲတွင် ဂျာမနီအသင်းနှင့် တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သကဲ့သို့ ဂျပန်အသင်းနှင့်ပွဲစဉ်တွင်လည်း နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး အုပ်စုဒုတိယဖြင့်သာ (၁၆)သင်းရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၂ကမ္ဘာ့ဖလားပြိုင်ပွဲ(၁၆)သင်း ရှုံးထွက်အဆင့်တွင်လည်း မော်ရိုကိုအသင်းနှင့်ကစားခဲ့ရာ၌ ပွဲချိန် မိနစ် ၁၂၀ ထိ အနိုင်အရှုံးရလဒ် မပေါ်ခဲ့သည့်အတွက် ပင်နယ်တီအဆုံးအဖြတ်ကစားခဲ့ရာတွင် သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် (၁၆) သင်းအဆင့်မှ အံ့အားသင့်ဖွယ် ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် (၁၆)သင်းရှုံးထွက်အဆင့်မှထွက်ခွာခဲ့ရပြီးနောက် စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် နည်းပြ အင်းနရစ်တို့ ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး နှစ်ဖက်သဘောတူစာချုပ် ဖျက်သိမ်းကာ အသင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# ဂျာမနီဘောလုံးအဖွဲ့ချုပ်က နည်းပြဟန်ဆီဖလစ်ကို ယူရို ၂၀၂၄ ပြိုင်ပွဲထိ တာဝန်ပေးအပ်သွားမည်

ဘာလင် ဒီဇင်ဘာ ၈

ဂျာမနီနိုင်ငံဘောလုံးအဖွဲ့ချုပ်က လက်ရှိ ၂၀၂၂ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသော်လည်း နည်းပြအပြောင်းအလဲ ပြုလုပ်ရန် အစီအစဉ်မရှိဘဲ လက်ရှိနည်းပြ ဟန်ဆီဖလစ်ကို လာမည့် ယူရို ၂၀၂၄ ပြိုင်ပွဲထိ တာဝန်ပေးအပ်သွားမည်ဟု ထုတ်ပြန်ခဲ့ကြောင်း Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျာမနီအသင်းသည် လက်ရှိ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲမစတင်မီက ချန်ပီယံဆုဆွတ်ခူးရန်ရေပန်းစားသည့်အသင်းများတွင် ပါဝင်ခဲ့ပြီး စပိန်အသင်း၊ ဂျပန်အသင်း၊ ကော်စတာရီကာအသင်းတို့နှင့်တစ်အုပ်စုတည်းကျရောက်ပြီး ရှုံးထွက်အဆင့်တက်ရောက်ရန်အခြေအနေကောင်းမွန်ခဲ့သော်လည်း အုပ်စုပွဲစဉ်များကစားခဲ့ရာတွင် ရှုံးကန်ခဲ့ရခြင်းဖြစ်သည်။

ဂျာမနီအသင်းသည် အဖွင့်ပွဲစဉ်တွင် ဂျပန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး စပိန်အသင်းကို တစ်ဂိုးစီ သရေလဒ်နှင့်အုပ်စုနောက်ဆုံးပွဲစဉ်တွင် ကော်စတာရီကာအသင်းကိုလေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ရမှတ် လေးမှတ်သာရရှိခဲ့ပြီး စပိန်အသင်းနှင့် ရမှတ်တူညီခဲ့သော်လည်း ဂိုးကွာခြားချက်ဖြင့် အုပ်စု တတိယနေရာတွင်သာ ရပ်တည်ခဲ့သည့်အတွက် အုပ်စုအဆင့်မှပင်ထွက်ခွာခဲ့ရကာ အသင်းသမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားပြိုင်ပွဲ နှစ်ကြိမ်ဆက် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည့် မှတ်တမ်းဆိုးကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် ဂျာမနီအသင်းအနေဖြင့် နည်းပြအပြောင်းအလဲ ပြုလုပ်လာဖွယ်ရှိနေပြီး လက်ရှိနည်းပြ ဟန်ဆီဖလစ်၏နေရာတွင် ချဲလ်ဆီးအသင်းနှင့် လမ်းခွဲခဲ့သည့် နည်းပြ တူချယ်ကို ခန့်အပ်ဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ ဂျာမနီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က နည်းပြ ဟန်ဆီဖလစ်ကို ထုတ်ပယ်မည်မဟုတ်ဘဲ ယူရို ၂၀၂၄ ထိ တာဝန်ပေးအပ်မည်ဟု အတည်ပြု ကြေညာခဲ့ကြောင်း သိရသည်။

STA



ခရီးသွားဆောင်းပါး

# ကျောက်ခေတ်လူသားများနေထိုင်သွားခဲ့သည့် ပြဒါးလင်းဂူ

သက်နိုင်(မြင်ဦးလွင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်အတွင်းမှာ ရှိတဲ့ ပြဒါးလင်းဂူအနီးကို ရောက်ရှိနေကြပါပြီ။ ဂူရှိရာကို လာခဲ့ရတဲ့ခရီးက မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကင်းတားဆည်အတွင်းကနေ ရေလမ်းခရီး၊ ကုန်းကြောင်းတောလမ်းခရီး စသည်ဖြင့် ခက်ခက်ခဲခဲ၊ ကြမ်းကြမ်းတမ်းတမ်း လာခဲ့ကြရတယ်။ ဂူအရှေ့ မလှမ်းမကမ်းက ရွှေဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနက ဖွင့်လှစ်ထားတဲ့ ရုံးငယ်လေးတစ်ခုမှာ ခေတ္တခဏ နားနေခဲ့ကြပြီးမှ ဂူအစောင့်ဝန်ထမ်း ပေးလိုက်တဲ့ သော့တွေကိုယူပြီး ဂူရှိရာကို လာခဲ့ကြရတယ်။ ရုံးနဲ့ဂူနဲ့က ပေ ၂၀၀ လောက် ဝေးကွာနေပါသေးတယ်။

ပြဒါးလင်းဂူက ဂူအမှတ် (၁) နဲ့ အမှတ်(၂)ဆိုပြီး ဂူနှစ်ဂူရှိနေတဲ့အနက် ပထမဦးဆုံး တွေ့မြင်ရောက်ရှိကြရမဲ့ဂူက ဂူအမှတ်(၂) ပါ။ ဂူအမှတ်(၂) ရှိရာကို ပြေပြစ်တဲ့မြေသားလမ်းလေးအတိုင်း လျှောက်လှမ်းခဲ့ပြီး လမ်းဆုံးသွားတာနဲ့ တစ်ဆစ်ချိုးအကွေ့တစ်ခုပါတဲ့ အုတ်လှေကားငယ်တစ်ခုကို ထပ်မံတက်ရောက်ရပါတယ်။ လှေကားဆုံးသွားရင် သံဆန်ခါတပ်တံခါးတစ်ခုနဲ့ သော့ခတ်ထားတဲ့ ဂူအဝင်ဝအပေါက်ရှိရာကိုရောက်ရှိကြပါပြီ။ ဂူအဝင်ဝက အနည်းငယ်ကျယ်ဝန်းပေမဲ့ ဂူထဲကိုဝင်ဝင်ချင်း အလင်းရောင်အားနည်းသွားတာကြောင့်ရယ်၊ ဆင်ခြေလျှောဖြစ်နေပြီး ဂူအမိုးပေါ်က တစိမ့်စိမ့်ကျနေတဲ့ ကျောက်စက်ကျရေတွေကြောင့် ဂူအတွင်းကို စတင်ဝင်ရောက်ကြတဲ့အခါ တစ်ယောက်လက်ကို တစ်ယောက်ဆွဲပြီး သတိထားဝင်ကြရတယ်။ ဂူအဝင်ဝ ဆင်ခြေလျှောနေရာကို ကျော်လွန်လာတာနဲ့ ဂူအတွင်းကိုရောက်ရှိလာကြတယ်။

ပြဒါးလင်းဂူအမှတ်(၂)က အလွန်ကျယ်ဝန်းပြီး မြင့်မားလှပါတယ်။ ပုံသဏ္ဍာန်က အဝန်းအဝိုင်းပုံစံဖြစ်ပြီး ဘောလုံးကွင်းတစ်ဝက်လောက်ထိ ကျယ်ဝန်းတာကို တွေ့မြင်နေရတယ်။ ဂူအတွင်းမှာ သစ်ပင်၊ ချုံနွယ်တွေမရှိ။ ကျောက်စက်ကျစမ်းရေ၊ စိမ့်ရေတွေမရှိဘဲ သဲဆန်တဲ့မြေတွေသာ ရှိနေကြတယ်။ ဂူစတင်ဖြစ်ပေါ်စဉ် ကမ္ဘာဦးကာလကတည်းက နောင်နှစ်ပေါင်းများစွာထိ ဂူကြီးရဲ့အပေါ်အမိုးပေါ်မှာ လေဝင်၊ လေထွက်နဲ့ အလင်းရောင်ရရှိနိုင်တဲ့ အပေါက်ကြီးတစ်ခုမရှိဘဲ ဂူတစ်ခုလုံး မှောင်မှောင်မည်းမည်း၊ မွန်းမွန်းကျပ်ကျပ် နေထိုင်ခဲ့ကြရမယ်ထင်ပါတယ်။ အခုအခါမှာတော့ ဂူအပေါ်မျက်နှာပြင်အမိုးမှာ ကြီးမားတဲ့အပေါက်ကြီးတစ်ခု ဖောက်လုပ်ထားတာကို မြင်တွေ့နေရတယ်။ အဲဒီအပေါက်ကြီးရှိနေတာကြောင့် လေဝင်၊ လေထွက်နဲ့ အလင်းရောင်တွေကောင်းကောင်းရရှိနေတယ်။ ပြင်ဦးလွင်မြို့မှာရှိတဲ့ ပိတ်ချင်းမြောင်မဟာနန္ဒမူလိုဏ်ဂူတော်မှာလဲ လေဝင်၊ လေထွက်ကောင်းအောင် နောက်ပိုင်းကာလတွေရောက်မှ ဂူအပေါ် အမိုးပေါက်ကို ဖောက်လုပ်ထားတာပါ။ အခုလဲ ပြဒါးလင်းဂူမှာ နောက်ပိုင်းကာလတွေရောက်မှသာ ဖောက်ထားတာဖြစ်တဲ့ ဂူအမိုးပေါ်က အပေါက်ကြီး တစ်ခုရှိနေတယ်။ အပေါက်ကြီးရဲ့ အောက်တည့်တည့်မှာ ဂူဖောက်လိုက်တာကြောင့် ပြုတ်ကျလွင့်စဉ်လာတဲ့ ကျောက်တုံး၊ ကျောက်ခဲကြီးတွေ ပြန့်ကျဲနေကြတယ်။

ဂူအပေါ်အမိုးပေါက်ကြောင့် လေဝင်၊ လေထွက်ကောင်းပြီး လင်းလင်းကျင်းကျင်းရှိနေသလို အပေါက်ကြီးကနေ ထွက်ရှိဖြာကျလာတဲ့ နေရောင်ခြည်အလင်းတန်းတွေကလဲ လှလှပပဖြစ်နေတာကို တွေ့မြင်နေရတယ်။ အပေါက်ဝမှာ တွယ်ကပ်ပေါက်ရောက်နေတဲ့ သစ်ပင်ချုံနွယ်တွေက လေအဝှေ့မှာလှုပ်ရှားလိုက်တိုင်း နေရောင်ခြည်အလင်းတန်းတွေကလဲ တည်တည်ငြိမ်ငြိမ်မရှိတော့ဘဲ ယိမ်းနွဲ့လှုပ်ခါသွားနေကြတယ်။ ဂူအတွင်းက အလင်းရောင်ဖျော့ဖျော့နေရာတွေနဲ့ နေရောင်ခြည်အလင်းတန်းတွေကို ပေါင်းစပ်ကြည့်ရှုနေရတာက ပန်းချီဆရာတစ်ယောက်ရဲ့ အလင်းနဲ့အမှောင်သဘာဝကိုပုံဖော်ခြယ်မှုန်းထားတဲ့ ပန်းချီကားတစ်ချပ်ကို ကြည့်ရှုခံစားနေရသလို ဖြစ်နေတယ်။ တိုက်တိုက်ဆိုင်ဆိုင်အနေနဲ့ နေရောင်ခြည်အလင်းတန်းကျရောက်နေတဲ့ ဂူအတွင်းဘေးတစ်ဖက်တစ်ချက်မှာ စေတီတော်လေးနှစ်ဆူရှိနေတာကြောင့်လဲ မြင်ကွင်းက ပိုမိုလှပသွားရတယ်။

ဂူထဲမှာ လှည့်လည်ကြည့်ရှု လေ့လာနေတုန်း ဒီဘက်မှာလဲ ဂူကြီးတစ်ဂူရှိနေသေးတယ်ဆိုတဲ့ ခရီးဖော်တစ်ယောက်ရဲ့အသံကြောင့် နောက်ထပ် ဂူကြီးတစ်ဂူရှိရာကို ဆက်လက်သွားရောက်ကြရပြန်တယ်။ ဒုတိယသွားရောက်ကြရတဲ့ဂူက ပထမဂူနဲ့တစ်ဆက်တည်းလိုဖြစ်နေပြီး ပထမဂူလိုပဲ ကြီးမားကျယ်ဝန်းပါတယ်။ ဒုတိယဂူရဲ့အပေါ်မှာလဲ အပေါက်ကြီးတစ်ခုဖောက်လုပ်ထားတာကို တွေ့မြင်နေရပေမဲ့ ပထမဂူမှာတုန်းကလို နေရောင်ခြည်အလင်းတန်းတွေနဲ့ လှလှပပရှိမနေတော့ပါဘူး။ သာမန်အလင်းရောင်ရတာမျိုး



ပြဒါးလင်းဂူ အမှတ်(၁) ကို တွေ့ရစဉ်။

လောက်သာ ဖြစ်နေတယ်။ ဂူကြီးနှစ်ဂူစလုံးက အလွန်ကျယ်ဝန်းကြတာကြောင့် အိမ်ထောင်စုရာနဲ့ချီပြီး တည်းခို၊ ပုန်းအောင်း၊ အိပ်စက်နိုင်ပါတယ်။ ဒါကြောင့်လဲ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်စစ်တပ် ပြေးလမ်းကြောင်းပေါ်မှာရှိနေတဲ့ ပြဒါးလင်းဂူကြီးထဲမှာ ဂျပန်စစ်သားတွေ ပုန်းအောင်းစခန်းချနေထိုင်သွားကြတယ်လို့ လမ်းပြကပြောပြပါတယ်။

ဂူကြီးတွေထဲမှာ ခြင်၊ ယင်၊ ပုရွက်ဆိတ်စတဲ့ အင်းဆက်ပိုးမွှားကောင်တွေမရှိသလို ဘာအနံ့အသက်မှလဲ မရှိပါဘူး။ ဒါ့ပြင် ကျောက်စက်မိုးမျှော်တွေ၊ ကျောက်စက်ပန်းဆွဲတွေ၊ ကျောက်စက်တိုင်တွေလဲမရှိဘဲ ကျယ်ကျယ်လွင့်လွင့် ရှင်းရှင်းလင်းလင်းဖြစ်နေတယ်။ ဒီလိုအကြောင်းအချက်တွေကြောင့်စစ်အတွင်းက ဂျပန်စစ်သားအများအပြား မိုးလုံလေလုံ အန္တရာယ်ကင်းကင်းနဲ့ စခန်းချနေသွားနိုင်ကြတာဖြစ်မှာပါ။ အခုခေတ်အခြေအနေမှာတောင် ဝေးလံခေါင်ခက်ပြီး လူသူအရောက်အပေါက် မရှိသလောက်နည်းလွန်းလှတဲ့ ဂူကြီးတွေနေရာကို အဲဒီခေတ်အခါက မဟာမိတ်တပ်တွေ ဘယ်လိုမှရှာဖွေတွေ့ရှိ တိုက်ခိုက်နိုင်မှာမဟုတ်တာကြောင့် ဂျပန်စစ်တပ်ကြီးတစ်ခုလုံး အေးအေးဆေးဆေး နေထိုင်သွားနိုင်ကြပါတယ်။

ဒုတိယဂူက ပထမဂူလောက် ဓာတ်ပုံရိုက်လို့ မကောင်းတဲ့အပြင် အနည်းငယ်လဲ မှောင်နေပါတယ်။ ဒါပေမဲ့ ဆက်လက်တိုးပွားဖြစ်ပေါ်တာမရှိတော့တဲ့ ကျောက်စက်ပန်းဆွဲနဲ့ ကျောက်စက်မိုးမျှော်လေးတွေကို များများစားစားမဟုတ်ဘဲ ဟိုတစ်ခု ဒီတစ်ခု တွေ့မြင်နေရတယ်။ ကျောက်စက်တိုင်တွေကတော့ မရှိကြပါဘူး။ ဂူကြီးတွေထဲမှာ အန္တရာယ်ကင်းပြီး နေချင်စဖွယ်ကောင်းနေတာကြောင့် ညဥ့်အိပ်ညဥ့်နေ ခရီးသည်တွေ၊ ပျော်ပွဲစားထွက်ကြတဲ့ မိသားစုတွေ၊ ကျောင်းသား၊ ကျောင်းသူတွေ၊ ကုမ္ပဏီဝန်ထမ်းတွေ အစရှိသဖြင့် လေ့လာလည်ပတ် ချက်ပြုတ်စားသောက်ကြရင်း နှစ်ရက်၊ သုံးရက်ကြာ ညအိပ်တည်းခိုစခန်းချနေထိုင်ခွင့်ပြုသလားလို့ လမ်းပြဖြစ်သူကိုမေးမြန်းကြည့်တော့ ဂူအတွင်းမှာ ဘယ်သူ့ကိုမှ ညအိပ်ခွင့်၊ မီးဖိုခွင့်၊ ချက်ပြုတ်စားသောက်ခွင့် ပြုမထားကြောင်း ရှင်းပြတယ်။ တကယ်လို့ခွင့်ပြုတယ်ဆိုရင် မိတ်ဆွေ၊ သူငယ်ချင်း အပေါင်းအသင်းတွေ၊ တပည့်တပန်းတွေနဲ့အတူ လာရောက်ပြီး ညအိပ်ခရီးအဖြစ် လေ့လာလည်ပတ်သင့်တဲ့ နေရာကောင်းတစ်ခုပါ။ ဒါပေမဲ့ စည်းကမ်းမရှိတဲ့ လူတွေကြောင့် ဂူတွေရဲ့သဘာဝအလှတွေပျက်စီးသွားနိုင်သလို ပတ်ဝန်းကျင်တစ်ခုလုံးမှာလဲ စွန့်ပစ်ပစ္စည်းပေါင်းစုံနဲ့ ညစ်ညမ်းသွားနိုင်ပါတယ်။ ဒါကြောင့် ဂူတွေအတွင်းမှာ ညဥ့်အိပ်ညဥ့်နေ ခွင့်မပြုတာက ပိုမိုကောင်းမွန်စေတယ်ဆိုပြီး တွေးတောမိလိုက်တယ်။ ဒီဂူကြီးတွေထဲမှာတော့ ကျောက်ခေတ်လူသားတွေ နေထိုင်သွားခဲ့ကြမှာပါ။

ဂူအမှတ်(၂)မှာ လေ့လာပြီးတာနဲ့ကျန်ရှိနေသေးတဲ့ ဂူအမှတ်(၁)ရှိရာကို သွားကြရမှာပါ။ ဂူအမှတ်(၁)ကို သွားဖို့အတွက် ဂူအမှတ်(၂)ရှေ့က လှေကားအတိုင်း ပြန်ဆင်းလာခဲ့ကြရပြီး ဘယ်ဘက်တောလမ်းကနေ ဆက်လက်သွားရောက်ကြရတယ်။ ခန့်မှန်းခြေအားဖြင့် ပေ ၃၀၀ လောက် လမ်းလျှောက်ကြရတယ်။ ပြဒါးလင်းဂူကို သွားရောက်လေ့လာမယ်ဆိုပြီး မရောက်ဖူးခင်ကတည်းက ကျောက်ခေတ်လူသားတွေနေထိုင်သွားကြတဲ့ နေရာ၊ ရှေးဟောင်းပန်းချီတွေရှိတဲ့နေရာ၊ ရှေးနှစ်ပေါင်း ၁၃၀၀၀ လောက်ကနေရာ စသဖြင့် စိတ်ဝင်စားခဲ့ရတယ်။ ဂူကိုရောက်ရှိလာတဲ့အခါမှာလဲ ရှေးဟောင်းပန်းချီတွေနဲ့၊ ကျောက်ခေတ်လူသားတွေ နေထိုင်သွားတဲ့နေရာတွေ မရောက်ရောက်အောင် လိုက်လံပို့ဆောင်ပေးပါလို့ လမ်းပြကိုပြောဆိုထားခဲ့ရတယ်။ အခုသွားရောက်နေတဲ့ ဂူအမှတ်(၁)က ရှေးဟောင်းပန်းချီတွေရှိတဲ့ နေရာပါ။


ဂူအမှတ်(၁)က အမှတ်(၂)လိုမဟုတ်ဘဲ သေးသေးငယ်ငယ်လေးဖြစ်နေတယ်။ ပုံသဏ္ဍာန် အနေအထားကလဲ ဂူပုံစံမပေါက်ဘဲ ကျောက်တောင်ကြီးတစ်ခုမှာ အစွန်းထွက်နေတဲ့ ကျောက်တုံး၊ ကျောက်ချပ်ကြီးအောက် ရောက်သွားရသလို ခံစားလိုက်ရတယ်။ ဂူအမှတ်(၂)မှာလို ဂူအတွင်းဝင်ရောက်စရာ မရှိပါဘူး။ ဂူအရှေ့ အနီးအနားမှာ သတိပေးတားမြစ်၊ စည်းကမ်းချက်တွေ၊ ဆေးရေးနံရံပန်းချီပုံတွေနဲ့ ပတ်သက်တဲ့ သရုပ်ဖော်ပုံတွေ၊ အညွှန်းနံပါတ်တွေကို ဗီနိုင်းချပ်ကြီးတစ်ချပ်နဲ့ စိုက်ထူပြသထားပေမဲ့ ဂူနံရံမှာရှာဖွေဖို့ ခက်နေတယ်။ ဗီနိုင်းချပ်ကြီးထဲမှာ နေပုံ၊ ငါးပုံ၊ နွားရိုင်းသားအမိပုံ၊ လက်ဝါးပုံစတဲ့ပုံတွေ ဖော်ပြထားတယ်။ ခရီးဖော်တွေအားလုံးက သူ့အာရုံနဲ့သူ ဓာတ်ပုံရိုက်သူတွေက ရိုက်၊ အမောပြေနားနေသူတွေက နားနေကြတဲ့အချိန်မှာ ကျောက်ခေတ်လက်ရာပန်းချီပုံတွေဆိုတာကို မတွေ့တွေ့အောင် ရှာဖွေနေမိတယ်။ လမ်းပြဖြစ်သူကို မေးမြန်းကြည့်တော့လဲ သူကိုယ်တိုင်က မသိဘူးဆိုတာကြောင့် ပိုပြီးအခက်တွေ့ရတော့တယ်။ ဒါပေမဲ့ တစ်ခုသောကျောက်နံရံကြီးတစ်ခုကို သံဆန်ခါတွေနဲ့ ကာရံထားတာတွေ့လို့ အနီးကပ်ပြီး သေသေချာချာစူးစိုက်ရှာဖွေကြည့်တော့မှ နေပုံပန်းချီတစ်ခုကို စတင်တွေ့ရှိခဲ့ရတယ်။ ပန်းချီပုံတွေရှိတဲ့နေရာကို ထူးထူးခြားခြားနဲ့ သံဆန်ခါတွေ ကာရံထားတာကြောင့် ဖြစ်နိုင်ခြေရှိတယ်ထင်ပြီး သေချာလေ့လာကြည့်ရှုခဲ့တာ အကျိုးရှိသွားခဲ့ရတယ်။

နေပုံပန်းချီကားကို စတင်တွေ့ရှိပြီးတာနဲ့ ကျန်တဲ့ပုံတွေဖြစ်တဲ့ ငါးပုံ၊ နွားရိုင်းသားအမိပုံ၊ လက်ဝါးပုံ စတာတွေကို ရှာဖွေတွေ့ရှိဖို့ လွယ်ကူသွားပါပြီ။ ဘာကြောင့်လဲဆိုတော့ ကျောက်ခေတ်ပန်းချီကားတွေ ရေးဆွဲထားတဲ့ အထက်အပေါ်ပိုင်းနေရာတိုင်းမှာ အင်္ဂတေလိုင်း အတားအဆီးတွေရှိနေကြတယ်။ မိုးရွာတဲ့အခါမှာ ကျောက်နံရံကနေတစ်ဆင့် စီးဆင်းလာတဲ့ မိုးရေတွေက ပန်းချီကားတွေပေါ် စီးကျဖျက်ဆီးမှုမရှိနိုင်အောင် တားဆီးကာရံထားတဲ့ သဘောပါ။ အဲဒီလို အင်္ဂတေလိုင်းအတားအဆီးရှိနေတဲ့နေရာ အောက်ပိုင်းတွေကို လိုက်လံကြည့်ရှုရှာဖွေလိုက်တာနဲ့ ကျန်တဲ့ပုံတွေကို တွေ့မြင်ရတော့တယ်။ ဒါပေမဲ့ နေပုံတစ်ခုတည်းကိုသာ ရှင်းရှင်းလင်းလင်းပီပီသသ တွေ့မြင်နေရပြီး ကျန်တဲ့ပုံတွေက အရာလောက်သာထင်ကျန်ရစ်နေပါတယ်။ ဗီနိုင်းစမှာပြသထားတဲ့ ပုံတွေနဲ့ဆက်စပ်နှိုင်းယှဉ်ပုံဖော်ကြည့်မှ ရေးရေးလောက်သာပေါ်လွင်နေတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၃၀၀၀ လောက်က ပန်းချီပုံတွေဆိုတော့လဲ ဒီလောက်သာကျန်ရစ်ကြတော့မှာပါ။ မကြာသေးမီနှစ်အပိုင်းအခြားလောက်က ချိတ်ဆွဲစိုက်ထူထားတယ်လို့ ယူဆရတဲ့ အညွှန်းပြ ဗီနိုင်းစကြီးတောင် အတော်ပျက်စီးစုတ်ပြတ်နေပါပြီ။ ပန်းချီပုံတွေထဲမှာ နေပုံက ထင်ထင်ရှားရှားဖြစ်နေတဲ့အပြင် အသေးဆုံးပန်းချီလေးတစ်ခုပါ။ ပန်းချီပုံတစ်ခုလုံး သုံးလက်မ၊ လေးလက်မပတ်လည်လောက်သာ ရှိနေတယ်။ ရေးဆွဲထားတဲ့ပုံစံကလဲ ဆေးအနီရောင် ဝလုံးဝိုင်းလေးတစ်ခုရဲ့ဘေးမှာ အနီရောင်ခြစ်ရာလေး တွေ့ရှိနေတယ်။ ဒီပုံကိုပဲ နေပုံလို့သတ်မှတ်ယူဆထားတာပါ။ ကျန်တဲ့ပုံတွေကတော့ ဘယ်လိုမှသိသာထင်ရှားမှု မရှိတော့ပါဘူး။

ဂူအမှတ်(၁)မှာ လေ့လာကြည့်ရှုစရာ ပန်းချီပုံတွေသာ ရှိနေတယ်။ ဂူကသေးငယ်ပြီး ဂူပုံစံမပေါက်တဲ့အပြင် နေရာအနေအထားကလဲ အလွန်ကျဉ်းနေတယ်။ ပြဒါးလင်းဂူဆိုတဲ့အတိုင်း ကျောက်သားနံရံတွေကို ဖုန်းမီး၊ ဓာတ်မီးတွေနဲ့ ထိုးကြည့်တဲ့အခါ ပြဒါးအဖြူရောင် တဝင်းဝင်းလင်းလက်နေတာက ဂူအမှတ်(၂) အတွင်းမှာသာဖြစ်ပြီး ဂူအမှတ်(၁)မှာ လုံးဝမရှိပါဘူး။ ဂူအမှတ်(၂)မှာ လေ့လာကြည့်ရှုမိခဲ့သလောက်လဲ တစ်နေရာ၊ နှစ်နေရာလောက်သာဖြစ်ပြီး ကျန်တဲ့နေရာတွေကို သာမန်ကျောက်သားနံရံတွေအဖြစ်သာ တွေ့ရှိနေရတယ်။ သမိုင်းမှတ်တမ်းမှာ ရေးသားဖော်ပြထားတာကလဲ ထုံးကျောက်ဂူအဖြစ်သာ မှတ်တမ်းထင်ထားတယ်။ အမှတ်(၁)ဂူမှာ လေ့လာကြည့်ရှုပြီးရင် ပြဒါးလင်းဂူမှာ နောက်ထပ်လေ့လာစရာ မရှိတော့ပါဘူး။ ဒါကြောင့်လဲ လူစုပြီး လာလမ်းအတိုင်း ပြန်လာကြရတယ်။

နောက်တစ်ပတ်မှာတော့ သူငယ်ချင်းမိသားစုနဲ့ ပြောဆိုတိုင်ပင်ထားတဲ့အတိုင်း ရွာငံမြို့နယ်အတွင်းမှာ ရှိတဲ့ အထင်ကရ လှလှပပ နေရာတွေအနှံ့နဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း)ကို သွားရောက်လည်ပတ်ကြပါအုံးမယ်။

# ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ အမရပန်းချီပြခန်းတွင် ပန်းချီဆရာခြောက်ဦး၏ ရေဆေးပန်းချီကားများ အွန်လိုင်းမှပြသမည်



**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ အမရပန်းချီပြခန်းတွင် ရေဆေးပန်းချီ အဓိကရေးဆွဲကြသည့် ကွယ်လွန်ထင်ရှား ပန်းချီဆရာခြောက်ဦး၏ ရေဆေးပန်းချီကားများကို အွန်လိုင်းမှ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ မသန္တာဝင်းလွင်က ပြောပြ၍ သိရသည်။

အဆိုပါ ရေဆေးသီးသန့်ပန်းချီပြပွဲတွင် ရေဆေးပန်းချီလောကတွင် ထင်ရှားသည့် ပန်းချီဆရာဆောင် (၁၈၉၈-၁၉၅၂)၊ ပန်းချီဦးငွေကိုင် (၁၉၀၁-၁၉၆၇)၊ ပန်းချီရတနာပုံ မောင်စု (၁၉၀၁-၁၉၆၅)၊ ပန်းချီဦးဘသက် (၁၉၀၃-၁၉၇၂)၊ ပန်းချီဦးချစ်မောင် (၁၉၀၈-၁၉၇၃)၊ ပန်းချီဦးကြည် (၁၉၀၃-၁၉၈၇) တို့၏ ရေဆေးပန်းချီကား ၁၂ ကားကို ဒီဇင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၂၀ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ရေဆေးလောကမှာ ထင်ရှားတဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့ ပန်းချီဆရာကြီးတွေရဲ့ လက်ရာပန်းချီကားတွေကို အွန်လိုင်းပြပွဲအနေနဲ့ ပြသပေးမှာဖြစ်ပါတယ်။ ပန်းချီကား အများစုကတော့ ၁၉၅၀ ပြည့်နှစ်လောက်က ရေးဆွဲထားတဲ့ ပန်းချီကားတွေ ဖြစ်ပါတယ်။ အားလုံးပေါင်း ပန်းချီကား ၁၂ ကားပဲ ပြသနိုင်တာ ဖြစ်ပါတယ်"ဟု မသန္တာဝင်းလွင်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၂၄×၂၄) လက်မ၊ (၃၆×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံ ပန်းချီကားများပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ် ၁၅ သိန်းမှ အများဆုံး ငွေကျပ်သိန်း ၅၀ ထိ ရှိကြောင်း သိရသည်။ ASH

# Ghostbusters ဇာတ်ကား ရိုက်ကူးရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေ

**နယူးယောက် ဒီဇင်ဘာ ၈**

Ghostbusters : Afterlife (2021) ဇာတ်ကား၏ နောက်ဆက်တွဲ Ghostbusters ဇာတ်ကား ရိုက်ကူး ထုတ်လုပ်ရေးအတွက် ဆိုနီရုပ်ရှင်ကုမ္ပဏီက ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း Dead-line သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၇ ရက်တွင် ရေးသားတင်ပြထားသည်။

Ghostbusters နောက်ဆက်တွဲ ဇာတ်ကားကို ရိုက်ကူးရေးအတွက် ဒါရိုက်တာ ဂိုးကီနန်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ရွေးချယ်ထားကြောင်း သိရသည်။


ဒါရိုက်တာ ဂိုးကီနန်သည် ယခင်က Monster House၊ City of Ember နှင့် A Boy Called Christmas ကဲ့သို့ ကမ္ဘာကျော် ဇာတ်ကားများကို ရိုက်ကူးခဲ့သူဖြစ်ကြောင်း သိရသည်။

Ghostbusters : Afterlife ကို ဒါရိုက်တာ ဂျေဆင်ရိတ်မင်းက ရိုက်ကူးပေးခဲ့ခြင်းဖြစ်သည်။

Ghostbusters နောက်ဆက်တွဲဇာတ်ကားကို ၂၀၂၃ ခုနှစ်တွင် စတင်ရိုက်ကူးရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို Ghostbusters : Afterlife ဒါရိုက်တာ ဂျေဆင်ရိတ်မင်းက ဂိုးကီနန်နှင့်ပူးတွဲ ရေးသားမည်ဖြစ်ကြောင်း သိရသည်။

KKO



# အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပမည့် Asean Tourism Forum တွင် မြန်မာနိုင်ငံမှ ခရီးသွားကုမ္ပဏီခြောက်ခု ပါဝင်ပြသသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

၂၀၂၃ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပမည့် Asean Tour-ism Forum (အာဆီယံခရီးသွားပြပွဲ)တွင် မြန်မာနိုင်ငံမှ ခရီးသွားကုမ္ပဏီခြောက်ခု ပါဝင်ပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က ပြောပြ၍ သိရသည်။

Asean Tourism Forum (အာဆီယံခရီးသွားပြပွဲ)ကို နှစ်စဉ် အာဆီယံနိုင်ငံများတွင် အလှည့်ကျ ကျင်းပလျက်ရှိပြီး ၂၀၂၃ နှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ခရီးသွားကုမ္ပဏီ ခြောက်ခုက သွားရောက်၍ မြန်မာနိုင်ငံ၏ ခရီးသွားဒေသများရှိ အလှအပဓာတ်ပုံများ၊ ခရီးစဉ်ဒေသများရှိ အထင်ကရနေရာများ၏ အကြောင်းအရာများကို ဗီဒီယိုကလစ်များဖြင့် ပြပွဲလာသူများအား ရှင်းလင်းပြသကာ ခရီးစဉ်များကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ်ကျင်းပနေကျ အာဆီယံခရီးသွားဖိုရမ်နဲ့ အာဆီယံခရီးသွားပြပွဲကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်ကနေ ၅ ရက်ထိ အင်ဒိုနီးရှားနိုင်ငံ Yogyakarta မြို့မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံကလဲ ခရီးသွားကုမ္ပဏီခြောက်ခုက မြန်မာနိုင်ငံက ခရီးသွားဒေသတွေအကြောင်း မိတ်ဆက်ပြသပြီးတော့ ခရီးစဉ်တွေ သွားရောက် ရောင်းချပေးမှာဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေရဲ့ခရီးသွားဖိုရမ်ကတော့ ဇန်နဝါရီ ၃၁ ရက်မှာ စမှာဖြစ်ပါတယ်"ဟု ဦးနောင်းနောင်းဟန်က ပြောပြသည်။



အာဆီယံခရီးသွားဖိုရမ်တွင် အာဆီယံနိုင်ငံများ၏ ခရီးသွားကဏ္ဍနှင့် ပတ်သက်၍ ကိုဗစ်ကာလအပြီး ခရီးသွားလုပ်ငန်းများအတွက် ပြန်လည်ဆောင်ရွက်ထားမှု အခြေအနေများ၊ လက်ရှိ မြန်မာနိုင်ငံအတွင်း လည်ပတ်တိုးတက်နေသည့် ခရီးသွားဒေသများကို အာဆီယံခရီးသွားဖိုရမ်မှတစ်ဆင့် ကမ္ဘာ့ခရီးသွားကုမ္ပဏီများသိရှိပြီး ပြန်လည်ရောင်းချပေးနိုင်ရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Blitz ၌ မင်းသား ဟားရစ်ဒစ်ကင်ဆင်နှင့် မင်းသမီး ဆာအာရှာရိုနင်တို့ သရုပ်ဆောင်မည်

**နယူးယောက် ဒီဇင်ဘာ ၈**

Blitz အမည်ရှိ ဒုတိယကမ္ဘာစစ်နောက်ခံ ဒရာမာဇာတ်ကားတွင် မင်းသား ဟားရစ်ဒစ်ကင်ဆင်နှင့်မင်းသမီး ဆာအာရှာရိုနင်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၇ ရက်တွင် ရေးသားတင်ပြထားသည်။

Blitz ဇာတ်ကားကို ကမ္ဘာကျော် ဒါရိုက်တာ စတီဗဲမက်ကွင်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဒါရိုက်တာ စတီဗဲမက်ကွင်းသည် 12 Years a Slave ဇာတ်ကားဖြင့် အော်စကာဆုရရှိထားသော ဒါရိုက်တာဖြစ်သည်။

လက်ရှိအချိန်တွင် Blitz ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို လျှို့ဝှက်ထားဆဲဖြစ်ပြီး အထက်ဖော်ပြပါသရုပ်ဆောင်များပါဝင်ရမည့် ဇာတ်ကောင်နေရာများကိုလည်း ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် Blitz ဇာတ်ကားကို မကြာမီကာလအတွင်း ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ စတင်ရိုက်ကူးရန် ဒါရိုက်တာ စတီဗဲမက်ကွင်းက စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ စတီဗဲမက်ကွင်းကပင် ရေးသားပေးထားခြင်းဖြစ်ကြောင်း သိရသည်။

KKO





# မင်းတုန်းမြို့နယ် မိုးနတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းတုန်း ဒီဇင်ဘာ ၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးနတ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ပြန်လည်ထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မိုးနတ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးကျော်မင်းလွင်က စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် အသင်းသား၊ အသင်းသူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းကို ပြောကြားသည်။

ထို့နောက် မင်းတုန်းမြို့နယ် မိုးနတ်ကျေးရွာရှိ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၇ ဦးကို ငွေကျပ် ၃၁၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညီ

# Chairman of State Administration Council of Republic of Union of Myanmar Prime Minister Senior General Min Aung Hlaing sends video message to 21st Myanmar Traditional Medicine Practitioners Conference and Myanmar Traditional Medicine Seminar



Senior General Min Aung Hlaing delivers message on the 21st Myanmar Traditional Medicine Practitioners Conference and Myanmar Traditional Medicine Seminar.

**Nay Pyi Taw December 8**

Officials, distinguished guests, Myanmar traditional medicine practitioners and scholars of the related branches attending the 21ST Myanmar Traditional Medicine Practitioners Conference and Myanmar Traditional Medicine Seminar,

Since 2000 Myanmar traditional medicine practitioners and scholars of the related branches have been organizing a pleasant gathering to share knowledge and experience cordially. This is the 21st anniversary of the annual cold-season gathering.

In accord with the practice of attending the conference by the predecessors without fail, all the practitioners are poised to hold talks for the progress of Myanmar traditional medicine at the plenary meeting. On this occasion, I, with a heartfelt delight, wish you all health and happiness.

Myanmar traditional medicine is a profession that has been flourishing throughout the past successive eras including Tagaung, Sriksetra, Bagan, Inwa, Pinya and Konboung periods. Successive generations have relied on it. Thanks to traditional medicine, Myanmar people were fit and healthy enough to protect their country. Myanmar traditional medicine is formed with four main branches. Unlike medicines from other countries, it is suitable with Myanmar geographical conditions and has been standing as an advanced medical branch all along the history.

**Traditional medicine practitioners and attendees,**

The unity and efforts of traditional medicine practitioners for public health is so encouraging. For any organization, unity means strength. I believe that traditional medicine practitioners value unity and are serving the interest of the nation and people with united efforts. In fact, traditional medicine practitioners are honourable persons of the professional field **that generates income as well as merits**. They are the persons who inherit, preserve and hand down traditional medicine, the most basic need of the people and one of the main ancestral heritages. Hence, they deserve honor and respect.

At this conference, the delegates will find means to develop traditional medicines in all areas, further enhance the medical potency, qualifications and moral ethics of practitioners, develop production technology in cooperation with internal and external scholars and organizations. Thanks to the excellent goals, the conference will produce good results. As the conference focuses on sharing experiences and academic concepts, it will also be an invaluable gathering for the future of both the ancestors and the inheritors.

Despite the continuous advancement of western medicine, people around the world are relying more on their own traditional medicines and therapies. The State Administration Council has adopted an objective to ensure health and fitness of the entire country and has been taking COVID-19 preventive measures as a long-term program.

Variants of Covid-19, a global pandemic, are appearing one after another at present. The infectious disease is not likely to end in a short period, it may stay. In this regard, the global countries are trying to take preventive measures and conduct treatment with their own traditional medicine. Myanmar should follow their example.

I'd like to praise officials and all ethnic national people for their efforts to eliminate the disease in short period of time although the country suffered from the severe infection of the pandemic. Therefore, the attempts are made related to the traditional medicines internationally as well as in Myanmar for prevention and treatment against COVID-19.

To produce traditional medicines that can prevent and treat the COVID -19 and seasonal flus, the research Vi-tha-ma fever medicine which was mentioned in the treatise of traditional medicine of Ma-dha-wa-nidan and the main content is bitter traditional medicine, Say-Khar-Gyi. Firstly, the quality tests were done. The tests were followed by immediate and short-term toxicological tests ensuring its safety and efficacy in human subjects. And the clinical trials are done in healthy voluntary human subjects followed by clinical trials on COVID -19 patients with normal signs and symptoms. These successful clinical trials outputs will be followed by production of this traditional medicine soon. In addition, the standard operating procedures and guidelines for the prevention and treatment of COVID-19 are being established for traditional medicine practitioners. Moreover, guidelines were adopted for prevention and treatment of those practitioners to fight against COVID -19. I'd like to urge all to make strive for doing effective treatment over ethnic national brethren with the use of local traditional medicines.

**Esteemed officials and traditional medicine practitioners,**

Those are the historical records of Myanmar traditional medicine practitioners took care of the health of the people with the use of traditional medicines in successive eras. Therefore, developing the standards of Myanmar traditional medicinal products in accordance with the international standards and that will enable effective Myanmar traditional medicinal products to penetrate internationally, and all Myanmar traditional medicine practitioners have to work together in unity to carry out scientific research on Myanmar traditional medicine.

Subtle and profound Myanmar traditional medicine, traditional medicine treatises and remedies need to be organized systemically. Therefore, I would also like to further encourage that collective effort among Myanmar Traditional practitioners is needed to develop our Traditional Medicine as a national heritage medicine. In addition, it is necessary to preserve the traditional heritage of our traditional medicine as a national culture.

At this time, the state is taking special measures to promote the development of traditional medicine in Myanmar, and Myanmar Traditional Medicine Council has been established. One of the many responsibilities of the council, I would like to emphasize the maintenance and discipline of traditional medicine ethics for traditional medicine professionals.

The Myanmar Traditional Medicine Physicians' Conference and Traditional Medicine Symposium like this plays an important role in all round development of Myanmar Traditional Medicine. In this conference and symposium, the Ministry of Health, Department of Traditional Medicine, University of Traditional Medicine, professionals and representatives from related ministries, Myanmar Traditional Medicine Council, Myanmar Traditional Medicine Association, and representatives of traditional medicine physicians from all over Myanmar, Traditional Medicine Advisory Group, Myanmar Traditional Medicine Manufacturers and Medical Equipment Manufacturers Association etc., will have good discussions and consultations leading to fruitful outcomes of the conference and symposium.

Therefore, in this 21st Myanmar Traditional Medicine Conference and the Myanmar Traditional Medicine Symposium, delegates will be engaged in friendly, open discussions and consultations in unity, submitting proposals to give more public health services through traditional medicine and I send this message in honour of the 21st Myanmar Traditional Medicine Practitioners Conference and Symposium.

Than you all.

# 21st Myanmar Traditional Medicine Practitioners Conference and Myanmar Traditional Medicine Seminar opened



Vice-Senior General Soe Win addresses the opening of the 21st Myanmar Traditional Medicine Practitioners Conference and Myanmar Traditional Medicine Seminar.

**Nay Pyi Taw December 8**

The opening ceremony of the 21st Myanmar Traditional Medicine Practitioners Conference and Myanmar traditional medicine Seminar took place at Myanmar International Convention Centre (2) here this morning.

Present on the occasion were Patron of the Leading Committee on Organizing the 21st Myanmar Traditional Medicine Practitioners Conference and Myanmar traditional medicine Seminar Vice-Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, SAC members, Union ministers, the Nay Pyi Taw Command commander, deputy ministers, Nay Pyi Taw Council members, heads of department, ambassadors from the foreign embassies in Myanmar, resident representatives from UN agencies, members of NGOs, the Traditional Medicine Council and Myanmar Traditional Medicine Practitioner Association, traditional medicine practitioner delegates from across the country, traditional medicine science advisers, traditional medicine manufacturers and medical equipment entrepreneurs.

First, SAC members Daw Aye Nu Sein and U Moung Har, Union Minister Dr Thet Khaing Win, Director General Dr Su Su Dway of the Traditional Medicine Department and veteran traditional medicine practitioner U Thein Nyunt formally opened the ceremony.

Next, the Vice-Senior General pressed the button to unveil the signboard of the seminar.

Then, the ceremony continued and the honorary video message of Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing was shown.

Afterwards, the Vice-Senior General delivered a speech. He said Myanmar traditional medicine is a national medical branch that has existed as Myanmar's cultural heritage for successive eras. Myanmar's traditional medicine has been safeguarded and passed down throughout the successive periods of Tagaung, Sri Ksetra, Bagan, Pinya and Inwa and Konbaung based on four Nayas: Desana, Bethitsa, Weitzadara and Natkhatta, the tap root of Myanmar traditional medicine, and medical papers and treatises.

Then, the Vice-Senior General spoke of the state of holding the Myanmar traditional practitioners conference and seminar at the State level from 2000 to date, more development of traditional medicine science through reading papers on traditional medicine research works at Myanmar health research conferences and paper reading sessions, goals of holding the 21st Myanmar Traditional Practitioners Conference and Myanmar traditional medicine Seminar, the state of negotiation and discussion on proposals at the conference and seminar, measures to be taken for development of traditional medicine through systematic research works to enable new generation traditional practitioners to bring the traditional medicine proudly to all, the state of Myanmar traditional medicine industry being helpful to GDP growth of the nation as part of MSMEs of the State, and the State's assistance and encouragement to fulfill the needs of Myanmar traditional medicine industry as much as it can.

Afterwards, a documentary video on measures taken by the Traditional Medicine Department was shown.

The Vice-Senior General and party had a group record photo taken with traditional medicine practitioners, traditional medicine manufacturers, representatives and officials.

After the opening ceremony, the Vice-Senior General, along with the officials, took a tour of the exhibits of traditional medicine from regions and states.

Later, the conference and seminar went on with Union Minister for Health Dr Thet Khaing Win led as the head of the conference.

In the evening, the Vice-Senior General hosted dinner in honour of the representatives participating in the conference. At the dinner, staff of the Department of Fine Arts, Ministry of Religious Affairs and Culture, presented a performance of traditional dances and songs. After the dinner, the Vice-Senior General presented gifts to the staff.

100



Vice-Senior General Soe Win cordially greets the attendees.



Vice-Senior General Soe Win views an exhibit of traditional medicine.



Vice-Senior General Soe Win hosts dinner in honour of the representatives participating in the conference.

# အမေရိကန်နိုင်ငံ၏ နျူကလီးယားရေငုပ်သင်္ဘောများ

အမေရိကန် နျူကလီးယားလက်နက်တိုက်၏ ထက်ဝက်ကျော်သည် ပဲ့ထိန်းဒုံးကျည်ရေငုပ်သင်္ဘောများပေါ်တွင်အခြေခံထားပြီး နိုင်ငံတစ်ခုလုံးကိုဖျက်ဆီးပစ်ရန် လုံလောက်သော နျူကလီးယားလက်နက်များ ပိုင်ဆိုင်ထားသည်။ အမေရိကန်နိုင်ငံတွင် နျူကလီးယားရေငုပ်သင်္ဘောအရေအတွက် မည်မျှရှိသနည်း။ နိုင်ငံ၏ နျူကလီးယားမူဝါဒအောက်တွင် ၎င်းတို့၏ အသုံးပြုမှုအတွက် အခြေအနေများမည်မျှတင်းကျပ်ထားသနည်း။ အတိုချုံးအဖြေကတော့ စိုးရိမ်ဖွယ်ကောင်းလောက်စွာ ဂရုတစိုက်တင်းကျပ်ထားခြင်းမရှိပါဟူ၍သာ ဖြေရမည်ဖြစ်သည်။

အမေရိကန်၏ မဟာဗျူဟာမြောက်အဟန့်အတား ဖြစ်သော ပင်လယ်ပြင်အခြေစိုက်ရေငုပ်သင်္ဘောများသည် ပြီးခဲ့သောရက်သတ္တပတ်က သတင်းများတွင် တွေ့ခဲ့ရသည်။ ယခုနှစ်တွင် စကော့တလန်အနောက်ပိုင်း Faslane ရှိ ဗြိတိသျှရေတပ်အခြေစိုက်စခန်း Clyde တွင် US Ohio အတန်းအစား နျူကလီးယားရေငုပ်သင်္ဘောကို ပုံမှန်မဟုတ်ဘဲနှစ်ဆတိုး၍ ချထားခဲ့ကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့သည်။ အမေရိကန်မီဒီယာများက အရှေ့အာရှ၊ အိန္ဒိယသမုဒ္ဒရာနှင့် အာရေဗျပင်လယ်ရှိ အမေရိကန်၏ နျူကလီးယားရေငုပ်သင်္ဘောလှုပ်ရှားမှုများအကြောင်း အလွန်ထူးခြားသောလူသိရှင်ကြားထုတ်ဖော်မှုများအဖြစ် အသေးစိတ်ဖော်ပြလျက် ရန်ဘက်နိုင်ငံများထံ သတင်းစကားပေးပို့လိုရင်းဖြစ်သည်။

**အမေရိကန်နိုင်ငံတွင် ဒုံးကျည်တင်ရေငုပ်သင်္ဘောများ မည်မျှရှိသနည်း။**

အမေရိကန်၏ စုစုပေါင်းနျူကလီးယားလက်နက် ၁၇၄၄ လုံး၏ ၅၄ ရာခိုင်နှုန်းကို ၎င်း၏ဒုံးကျည်တင်ရေငုပ်သင်္ဘောများပေါ်တွင် တင်ဆောင်ထားသည်။ အထူးသဖြင့် ၎င်းတို့သည် General Dynamics Electric Boat ဖြင့်တည်ဆောက်ထားသော Ohio အတန်းအစား နျူကလီးယားစွမ်းအင်သုံးပဲ့ထိန်းဒုံးကျည်ရေငုပ်သင်္ဘောများ(SSBNs) ဖြစ်သည်။

၁၉၆၇ ခုနှစ်နှင့် ၁၉၉၇ ခုနှစ်ကြားတွင်တည်ဆောက်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ်နှင့် ၁၉၉၀ ပြည့်နှစ်များအတွင်း တာဝန်ပေးအပ်ခြင်းခံရသော ရေတပ်၏ Ohio-class SSBNs ၁၄ စီးသည် အမေရိကန်နိုင်ငံ နျူကလီးယားအဟန့်အတား၏ ပင်လယ်ပြင်အခြေစိုက်အစိတ်အပိုင်းတစ်ခုအဖြစ် ဖွဲ့စည်းထားသည်။ အဆိုပါရေငုပ်သင်္ဘောများသည် Trident II ရေငုပ်သင်္ဘောမှပစ်လွှတ်သော ပဲ့ထိန်းဒုံးကျည်(SLBMs) ၂၄၃ ထိ သယ်ဆောင်နိုင်ပြီး ဒုံးကျည်တစ်ခုစီသည် သီးခြားလွတ်လပ်စွာပစ်မှတ်ထားတိုက်ခိုက်နိုင်သော လေထုအတွင်းပြန်လည်ဝင်ရောက်သည့်ယာဉ်များ(MIRVs)ဖြင့် နျူကလီးယားများကို သယ်ဆောင်နိုင်စွမ်းရှိသည်။ MIRV များသည် ကြီးမားသောမြို့ပြဒေသကို ချေမှုန်းရန် လုံလောက်သောနျူကလီးယား Payload ငါးကီလိုတန်မှ ခုနစ်ကီလိုတန်(Hiroshima ဗုံး၏အဖျက်စွမ်းအားထက်ဝက်အောက်နည်းသော)မှ အဖျက်စွမ်းအား ၄၇၅ ကီလိုတန်ရှိ ဒုံးထိပ်ဖူးကို သယ်ဆောင်နိုင်စွမ်းရှိသည်။ Trident ဒုံးကျည်တစ်စင်းစီတွင် ထိပ်ဖူး တစ်ခုမှ ၁၄ ခုကြား သယ်ဆောင်နိုင်သည်။

**ဤလက်နက်များ အသုံးပြုမှုနှင့်ပတ်သက်၍ အမေရိကန်၏ နျူကလီးယားမူဝါဒက မည်သို့နည်း။**

အောက်တိုဘာလနှောင်းပိုင်းတွင် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည် 2022 Nuclear Posture Review (နျူကလီးယားရပ်တည်ချက်) ဟုခေါ်သော အမေရိကန်နျူကလီးယားမူဝါဒအတွက် ၎င်း၏ ကာလရှည်ကြာစောင့်မျှော်နေသော နောက်ဆုံးသတင်းကို ထုတ်ပြန်ခဲ့သည်။ ယခင်နှစ်များကဲ့သို့ပင် ယခုနှစ်ရပ်တည်ချက်သည် အမေရိကန်နိုင်ငံကို ကြိုတင်ကာကွယ်မှုကိုအခြေခံ၍ နျူကလီးယားလက်နက်အသုံးပြုခွင့်ပေးသည်။ အမေရိကန်နှင့် ၎င်း၏မဟာမိတ်များနှင့်မိတ်ဖက်များ နျူကလီးယားပထမဆုံးအသုံးပြုမှုကိုငြင်းပယ်ပါက ရန်ဘက်ပြုသူများ၏ လက်မခံနိုင်သောအန္တရာယ်အဆင့်ကို ပေးထားသည်။

ဝါရှင်တန်က ၎င်း၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရန် လွန်ကဲသောအခြေအနေများတွင်သာ နျူလက်နက်ကိုအသုံးပြုမည်ဟု ကတိပြုထားသည်။ သို့သော်လည်း ၎င်းတို့သည် နျူကလီးယားလက်နက်



မပြန့်ပွားရေးသဘောတူစာချုပ်တွင် အဖွဲ့ဝင်မဟုတ်ပါက နျူကလီးယားမပိုင်သောနိုင်ငံများကိုပင် နျူကလီးယားလက်နက်များအသုံးပြုခြင်းကို တားမြစ်မည်မဟုတ်ပေ။ နောက်ဆုံးတွင် အမေရိကန်၏ နျူကလီးယားလက်နက်များသည် မဟာဗျူဟာမြောက်သက်ရောက်မှုရှိသောတိုက်ခိုက်မှုများကို ဟန့်တားရာတွင် အခန်းကဏ္ဍတစ်ခုမှပါဝင်နိုင်သည့် ကျဉ်းမြောင်းသောအခြေအနေများကျန်ရှိနေသေးသည်ဟု ထုတ်ပြန်ချက်ကသတိပေးထားသည်။ NPT အဖွဲ့ဝင်မဟုတ်သောနိုင်ငံများတွင် အိန္ဒိယ၊ ပါကစ္စတန်၊ အစ္စရေး၊ တောင်ဆူဒန်နှင့် မြောက်ကိုရီးယားတို့ပါဝင်နေသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ထုတ်ပြန်ထားသည့် Nuclear Posture Review သည် W76-2 နျူကလီးယားထိပ်ဖူးတပ်ဖြန့်ချထားမှုကို ကန့်ကွက်တားမြစ်ထားခြင်းမျိုးမရှိပေ။ ၂၀၁၈ ခုနှစ်က သမ္မတထရန့်လက်ထက် Nuclear Posture Review တွင် စတင်မိတ်ဆက်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် Ohio-class subs များပေါ်တွင် ဖြန့်ကြက်အသုံးပြုထားသော ပေါက်ကွဲအားမပြင်းသည့် နျူကလီးယားလက်နက်အမျိုးအစားဖြစ်ပြီး အတော်အသင့် အန္တရာယ်ရှိနိုင်သည်။ တစ်ဖက်လှည့်ဖြင့် အဆိုပါနျူကလီးယားထိပ်ဖူးကို ကန့်သတ်နျူကလီးယားအသုံးပြုမှုကို ဟန့်တားရန် အရေးကြီးသောနည်းလမ်းတစ်ရပ်အဖြစ် ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

**အမေရိကန်တွင် ခရုဇ်ဒုံးကျည်တင် ရေငုပ်သင်္ဘောများ မည်မျှရှိသနည်း။**

၎င်း၏ SSBN ရေယာဉ်စုအပြင် အမေရိကန်ရေတပ်သည် ပြုပြင်မွမ်းမံထားသော Ohio အတန်းအစား ခရုဇ်ဒုံးကျည်တင် ရေငုပ်သင်္ဘော (SSGN)ဖြစ်သည့် USS Ohio၊ USS Michigan၊ USS Georgia နှင့် USS Florida တို့ကိုလည်း ပိုင်ဆိုင်ထားသည်။ အဆိုပါရေငုပ်သင်္ဘောများသည် ၂၀၀၀ ပြည့်နှစ်လွန်ကာလများတွင် SSGNs အဖြစ်သို့ ပြောင်းလဲခဲ့ပြီး Tomahawk ခရုဇ်ဒုံးကျည်ဒါဇင်ပေါင်းများစွာကို သယ်ဆောင်နိုင်သည့် ဒေါင်လိုက်ပစ်လွှတ်မှုစနစ်(Vertical Launch Systems)များ တပ်ဆင်ထားသည်။ အသွင်ပြောင်းထားသော ရေငုပ်သင်္ဘောတိုင်းရှိ ဒုံးပြွန် ၂၂ ခု၏တစ်ခုစီတွင် Tomahawks ခုနစ်စင်းထိ သို့မဟုတ် ခရုဇ်ဒုံးကျည် ၁၅၄ စင်းထိ သယ်ဆောင်သည်။ SSGN များသည် ဝေးကွာသောပင်လယ်ကမ်းခြေများ၌ လျှို့ဝှက်လုပ်ဆောင်မှုများအတွက် အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင်များကိုလည်း တင်ဆောင်စစ်ဆင်နိုင်မည်ဖြစ်သည်။

Ohio အတန်းအစား ရေငုပ်သင်္ဘောလေးစီးပေါ်တွင် တင်ဆောင်ထားသည့် Tomahawks များသည် သမားရိုးကျဖောက်ခွဲရေးပစ္စည်းများနှင့် နျူကလီးယားထိပ်ဖူးများ နှစ်မျိုးစလုံးတပ်ဆင်နိုင်ပြီး နျူကလီးယားထိပ်ဖူးများ ငါးကီလိုတန်မှ ကီလိုတန် ၁၅၀ ထိ သယ်ဆောင်နိုင်စွမ်းရှိမည်ဖြစ်သည်။ ပင်တဂွန်စစ်ဌာနချုပ်သည် လစ်ဗျားတွင် အမေရိကန်ကျူးကျော်စစ်အတွင်း အသွင်ပြောင်းလဲထားသော Ohio အတန်းအစား SSGN ရေငုပ်သင်္ဘောကို ပထမဆုံးတိုက်ပွဲဝင် တပ်ဖြန့်အသုံးပြုခဲ့သည်။ USS Florida သည် ၂၀၁၁ ခုနှစ် Operation Odyssey Dawn စစ်ဆင်ရေးတွင် သမားရိုးကျ Tomahawk ဒုံးကျည်ဒါဇင်နှင့်ချီ၍ ပစ်ခတ်တိုက်ပွဲဝင်ခဲ့သည်။ တစ်ချိန်က ချမ်းသာကြွယ်ဝသော မြောက်အာဖရိကနိုင်ငံတစ်နိုင်ငံကို Failed State နိုင်ငံအဖြစ်သို့ ပြောင်းလဲရာတွင် ၎င်း၏သေးငယ်သောအစိတ်အပိုင်းအဖြစ်ပါဝင်ခဲ့သည်။

**နျူကလီးယားစွမ်းအင်သုံး တိုက်ခိုက်ရေးရေငုပ်သင်္ဘောများ အမေရိကန်တွင် မည်မျှပိုင်ဆိုင်ထားသနည်း။**

မဟာဗျူဟာမြောက် နျူကလီးယားပစ်လွှတ်သည့် ရေငုပ်သင်္ဘောများနှင့် ခရုဇ်ဒုံးကျည်များတပ်ဆင်ထားသည့် SSGN များအပြင် အမေရိကန်တွင်အမြန်တိုက်ခိုက်ရေးရေငုပ်သင်္ဘော အစီး ၅၀ ကျော်ရှိပြီး ၎င်းတို့အားလုံးသည် နျူကလီးယားဓာတ်ပေါင်းဖို(Nuclear Reactor)များဖြင့် လည်ပတ်လျက်ရှိသည်။ ၎င်းတို့တွင် ၁၉၇၀ ပြည့်နှစ်နှင့် ၁၉၉၆ ခုနှစ်များအစောပိုင်းတွင်တည်ဆောက်ခဲ့သော Los Angeles အတန်းအစားရေငုပ်သင်္ဘော ၂၉ စီးပါဝင်ပြီး Mk 48 တော်ပီဒိုများ၊ Harpoon သင်္ဘောဖျက်ဒုံးကျည်များနှင့် Tomahawk မြေပြင်တိုက်ခိုက်ရေးဒုံးကျည်များ တပ်ဆင်ပစ်လွှတ်နိုင်သည်။ ၂၀၀၀ ပြည့်နှစ်များအလယ်ပိုင်းတွင် စတင်တာဝန်ပေးအပ်ခဲ့သော ဗာဂျီးနီးယားအတန်းအစားရေငုပ်သင်္ဘောသစ် ၂၂ စီးတွင်လည်း အလားတူလက်နက်စနစ်များ သယ်ဆောင်တိုက်ပွဲဝင်နိုင်သည်။ ထို့ပြင် Seawolf-class အတန်းအစားသုံးစီးသည် တစ်စီးလျှင် အမေရိကန်ဒေါ်လာ သုံးဘီလီယံတန်ဖိုးရှိ အမြန်သွားတိုက်ခိုက်ရေးရေငုပ်သင်္ဘောများဖြစ်ပြီး တပ်ဆင်အသုံးပြုထားသည့်လက်နက်စနစ်များမှာအတူတူပင်ဖြစ်သည်။ အမေရိကန်ရေတပ်သည် ၁၉၈၀ ပြည့်နှစ်နှောင်းပိုင်းတွင်တည်ဆောက်မှုစတင်သောအခါ Seawolf အတန်းအစားရေငုပ်သင်္ဘောများကို ၂၉ စီးထိ တည်ဆောက်ရန်စီစဉ်ခဲ့သည်။ သို့သော် မတန်တဆကုန်ကျစရိတ်များကြောင့် ၎င်းတို့ထဲမှ ၂၆ စီးကို ဖျက်သိမ်းလိုက်သည်။

**အမေရိကန်နိုင်ငံ နျူကလီးယားရေငုပ်သင်္ဘော ခေတ်ရေယာဉ်စုအတွက် ဘာတွေဖြစ်လာနိုင်ဦးမလဲ။**

ပင်တဂွန်စစ်ဌာနချုပ်သည် ယခုနှစ်ဘတ်ဂျက်တွင် SSN(X) ဟုသိကြသော ၎င်း၏မျိုးဆက်သစ် နျူကလီးယားတိုက်ခိုက်ရေးရေငုပ်သင်္ဘော R&D လုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့်ရရှိထားပြီး ၂၀၂၃ ခုနှစ်တွင် နောက်ထပ်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၃၇ သန်းကို တောင်းခံထားသေးသည်။ ယခုအချိန်ထိ အမေရိကန်ရေတပ်သည် ရေငုပ်သင်္ဘောအသစ်၏ပုံသဏ္ဌာန် သို့မဟုတ် ၎င်း၏စွမ်းဆောင်ရည်များနှင့်ပတ်သက်၍ တင်းတင်းကျပ်ကျပ်နှုတ်ဆိတ်နေခဲ့သည်။ ၎င်းတွင် ပိုမိုကောင်းမွန်သောအမြန်နှုန်းနှင့် ကိုယ်ပျောက်ဝိသေသလက္ခဏာများပါရှိမည်ဟု ကတိပေးရုံမှလွဲ၍၊ ယခင်က ရေငုပ်သင်္ဘောများနှင့်နှိုင်းယှဉ်ပါက ပိုမိုကြီးမားသောလက်နက်များနှင့် Payloads အမျိုးမျိုးကို သယ်ဆောင်နိုင်စွမ်းရှိလာမည်ဟုပြောကြားထားရုံမှလွဲ၍ အခြားမည်သည့်သတင်းမျှ ထွက်ပေါ်လာခြင်းမရှိသေးပေ။ SSN(X) သည် ၂၀၃၀ ပြည့်နှစ်အစောပိုင်းတွင်စတင်တည်ဆောက်ရန်မျှော်မှန်းထားပြီး ၂၀၄၃ ခုနှစ်တွင် ပထမဆုံးထုတ်ဖော်ပြသနိုင်ရန် ရည်ရွယ်ထားသည်ဟု သိရသည်။

ဒုံးကျည်တင်ဆောင်သည့် Boomer ရေငုပ်သင်္ဘောများအတွက် Ohio-class အစားထိုး Columbia-class များကို စတင်တည်ဆောက်နေပြီဖြစ်သည်။ ရေငုပ်သင်္ဘောတစ်စီးလျှင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၅ ဘီလီယံတန်ဖိုးရှိ Ohio အတန်းအစားရေငုပ်သင်္ဘောများကို ၂၀၂၀ ပြည့်နှစ်နှောင်းပိုင်းတွင် စတင်အစားထိုးရန်စီစဉ်ထားခဲ့ခြင်းလည်းဖြစ်သည်။ တစ်စီးစီတွင် Trident II တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည် ၁၆ ခု သယ်ဆောင်နိုင်မည်ဖြစ်သည်။ အမေရိကန်နိုင်ငံသည် Columbia-class ရေငုပ်သင်္ဘောစုစုပေါင်း တစ်ဒါဇင်ကို တည်ဆောက်ရန်စီစဉ်ထားပြီး အဆိုပါ ၁၂ စီးစလုံးသည် ၂၀၄၀ ပြည့်နှစ်အစောပိုင်းတွင် ပြီးစီးမည်ဟုမျှော်လင့်ထားကြသည်။ မျှော်မှန်းထားသည့်အတိုင်း အကောင်အထည်ဖော်တည်ဆောက်နိုင်ခဲ့မည်ဆိုပါက ၂၀၈၅ ခုနှစ်မတိုင်မီ တပ်တော်ဝင်အသုံးပြုနိုင်လိမ့်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**How Many Nuclear Submarines Does the US Have? ကို ဘာသာပြန်ဆိုထားပါသည်။**

**မျိုးခိုင်(ရေနံချောင်း)**

# ဘိုကလေးမြို့နယ်တွင် ယာယီရပ်နားခဲ့သည့် ပင်လယ်ပြင် ကျော့ပိုက်ငါးဖမ်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လာ



**ဘိုကလေး ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် ယာယီရပ်နားခဲ့သည့် ပင်လယ်ပြင် ကျော့ပိုက်ငါးဖမ်းလုပ်ငန်းများပြန်လည်လုပ်ကိုင်လာကြောင်း ဘိုကလေးမြို့နယ် ကျော့ပိုက်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ ဦးနေလင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် ယာယီရပ်နားခဲ့သည့် ပင်လယ်ပြင်တွင် ကျော့ပိုက်ဖြင့်ငါးဖမ်းသည့်လုပ်ငန်းကို ၂၀၂၀ ခုနှစ်က ရပ်နားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ယာယီရပ်နားခဲ့သည့် ပင်လယ်ပြင် ကျော့ပိုက်ငါးဖမ်းလုပ်ငန်းကို စက်လှေ ၃၇ စီးဖြင့် ဒီဇင်ဘာလပထမပတ်မှ ပြန်လည်စတင် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

"ကျော့ပိုက်လုပ်ငန်းတွေကို အကြောင်းအမျိုးမျိုးကြောင့် ယာယီရပ်နားခဲ့တာပါ။ လက်ရှိတော့ ငါးဈေးတွေလဲကောင်းလာလို့ လိုအပ်တာတွေကို ပြင်ဆင်ပြီးပြန်လည်လုပ်ကိုင်တာပါ။ အခုလိုပင်လယ်ကျော့ပိုက် ငါးဖမ်းလုပ်ငန်းကို ပြန်လည်လုပ်ကိုင်လာကြတော့ ကျော့ပိုက်လုပ်ငန်းအပေါ် မှီခိုလုပ်ကိုင်စားသောက်နေကြတဲ့ ရေလုပ်သားတွေနဲ့ သူတို့မိသားစုတွေအတွက် အခွင့်အလမ်းပါပဲ။ ဒေသတွင်း ငါးလိုအပ်ချက်နဲ့ ငါးဈေးကောင်းလာတာကြောင့် ကျော့ပိုက်လုပ်ငန်းမှာ ရင်းနှီးထားတဲ့အခါ အမြတ်အစွန်းက အခြားလုပ်ငန်းတွေနဲ့ယှဉ်ရင် အဆင်ပြေလို့ ပြန်လုပ်ကိုင်ကြတာဖြစ်ပါတယ်"ဟု ဘိုကလေးမြို့နယ် ကျော့ပိုက်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ ဦးနေလင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ပင်လယ်ပြင် ကျော့ပိုက်ငါးဖမ်းသည့်လုပ်ငန်းကို လုပ်ငန်းရှင် ၂၉ ဦးမှ ကျော့ပိုက်စက်လှေ ၃၇ စီးဖြင့် ပြန်လည်လည်ပတ် လုပ်ကိုင်နေကြောင်း၊ အဆိုပါ ကျော့ပိုက်စက်လှေတစ်စီးလျှင် အနည်းဆုံးရေလုပ်သား ခြောက်ဦးမှ ၁၅ ဦးထိ ငှားရမ်းခေါ်ယူလုပ်ကိုင်ကြပြီး ရေလုပ်သားတစ်ဦးလျှင် ငွေကျပ် ၁၄၀၀၀၀ မှ ၁၆၀၀၀၀ ထိပေး၍ ငှားရမ်းလုပ်ကိုင်ရကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကွမ်းလုံမြို့နယ် ကျေးရွာငါးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**ကွမ်းလုံ ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွမ်းလုံမြို့နယ်တွင်းရှိ ကျေးရွာငါးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် လမ်း၊ တံတားများ ဖောက်လုပ်ပြီးစီးမှုနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ လည်ပတ်နေမှုတို့ကို ဒီဇင်ဘာ ၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးတင်မော်သန်း၊ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်တို့က ဆီခပ်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု၊ ရွာသစ်ကျေးရွာတွင် VDP စီမံကိန်းဖြင့် ဆောင်ရွက်သည့် ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ကောင်းဟုန်း၊ ပန်လွေး၊ ရွာသစ်ကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ လည်ပတ်နေမှုအခြေအနေများကို စစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာများမှ တာဝန်ရှိသူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ကွမ်းလုံမြို့နယ် ဆီခပ်ကျေးရွာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၀ ဒသမ ၄၉ သန်းဖြင့် လမ်းအရှည် ၅ ဒသမ ၆၅ ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် Slab Culvert တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် နေရီလင်းကုမ္ပဏီက ဇွန်လတတိယပတ်က လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ရွာသစ်ကျေးရွာတွင် (VDP) စီမံကိန်းဖြင့်ဆောင်ရွက်သည့် အရှည် ၅၆၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဩဂုတ်လဒုတိယပတ်က လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်ထံမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ညောင်ဦးမြို့နယ်၌ ရေကော်မတီဝင်များ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်လှစ်ပို့ချ

**ညောင်ဦး ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်ရေတင်ရေပေးဝေရေး ကျေးရွာများမှ ရေကော်မတီဝင်များ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် အပူပိုင်းဇုန် ကျေးလက်ရေရရှိရေးစီမံကိန်းရုံး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်က အမှာစကားပြောကြားပြီး တက်ရောက်လာသော သင်တန်းသားများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ ညောင်ဦးမြို့နယ် မြစ်ရေတင် ရေပေးဝေရေးကျေးရွာ ၁၇ ရွာမှ သင်တန်းသား ၃၄ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ရေဖိုးရေခကောက်ခံမှုစနစ်၊ စာရင်းဇယားရေးသွင်းရမည့် ပုံစံများ စသည့်သင်ခန်းစာများကို ဒီဇင်ဘာ ၇ ရက်မှ ယနေ့ထိ သင်တန်းကာလ နှစ်ရက်ကြာ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစ်ရေတင်ရေပေးဝေရေးကျေးရွာများမှ ရေကော်မတီဝင်များ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် သင်တန်းပို့ချရာတွင် သင်တန်းအကြိမ်ရေ လေးကြိမ်ခွဲကာ သင်ကြားပို့ချရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပထမအကြိမ် သင်တန်းဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၈-၁၂-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၂၈၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၆၀၀/၇၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၀၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

[၂] ရှေ့မှအဆက်

**မြဝတီ**

အားကိုးယုံကြည်စွာနဲ့ လက်ဆင့်ကမ်းသုံးစွဲခဲ့ကြတဲ့ ဆေးပညာလည်းဖြစ်ပါတယ်။ မြန်မာလူမျိုးတို့ဟာ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ နေထိုင်ကြကာ ကျန်းမာအသက်ရှည်ခဲ့ကြပြီး နိုင်ငံကိုကာကွယ်စောင့်ရှောက်နိုင်ခဲ့ကြပါတယ်။ မြန်မာ့ဆေးပညာဟာ နယကြီးလေးပါးနဲ့ဖွဲ့စည်းတည်ဆောက်ထားတာဖြစ်တဲ့အတွက် မြန်မာ့ရေမြေသဘာဝနဲ့ကိုက်ညီပြီး တစ်ခြားနိုင်ငံတွေက ဆေးဝါးတွေနဲ့မတူဘဲ အဆင့်မီတဲ့ ယှဉ်ဘက်ဆေးပညာတစ်ရပ်အဖြစ်နဲ့ သမိုင်းအဆက်ဆက် အစဉ်အလာကြီးမားခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

**တိုင်းရင်းဆေးပညာရှင်များနဲ့ တက်ရောက်လာကြသူများ ခင်ဗျား**

အခုလို တိုင်းရင်းဆေးပညာရှင်များရဲ့ စည်းလုံးညီညွတ်မှုနဲ့ ပြည်သူလူထုကျန်းမာရေးကို အထောက်အကူပြုနိုင်ဖို့ အားထုတ်ကြိုးပမ်းကြတဲ့ မြင်ကွင်းကို တွေ့မြင်ရတဲ့အတွက်လည်း နှစ်ထောင်းအားရ များစွာဖြစ်မိပါတယ်။ စည်းလုံးညီညွတ်မှုဆိုတာမျိုးဟာ မည်သည့်အဖွဲ့အစည်းအတွက်မဆို တောင့်တင်းခိုင်မာတဲ့ ခွန်အားတစ်ရပ်ဖြစ်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးသမားတော်များဟာလည်း စည်းလုံးညီညွတ်မှုကို တန်ဖိုးထားကြသူများဖြစ်ပြီး စည်းလုံးညီညွတ်မှုအားဖြင့် တိုင်းပြည်နဲ့လူမျိုးကို အကျိုးပြုနေတယ်လို့ ယုံကြည်မိပါတယ်။ တကယ်တမ်းစဉ်းစားကြည့်မယ်ဆိုရင် မြန်မာ့တိုင်းရင်းဆေးသမားတော်များဟာ **ကုသိုလ်လည်းရ ဝမ်းလည်းဝ** ဆိုတဲ့ မြင့်မြတ်တဲ့ အသက်မွေးဝမ်းကျောင်းအတတ်ပညာကို ပိုင်ဆိုင်သူများဖြစ်ကြပြီး နိုင်ငံနဲ့လူမျိုးအတွက် ဂုဏ်ယူဖွယ်ရာနဲ့ အားကိုးအားထားပြုနေရတဲ့ ပညာရှင်များဖြစ်ကြပါတယ်။ မိမိတို့လူမျိုး ဘိုးဘေးဘီဘင်အဆက်ဆက် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့တဲ့ အမွေအနှစ်များထဲက အဓိကကျပြီး ပြည်သူအတွက် အလိုအပ်ဆုံးဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမွေခံထိန်းသိမ်းစောင့်ရှောက်လာကြတဲ့ ပုဂ္ဂိုလ်များဖြစ်ကြတဲ့အတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များကို ထာဝစဉ်ဂုဏ်ယူလေးစားလျက်ရှိကြောင်း ဂုဏ်ပြုပြောကြားလိုပါတယ်။

အခုနှစ်ညီလာခံမှာ တိုင်းရင်းဆေးသမားတော်များ၊ ညီလာခံကိုယ်စားလှယ်ကြီးများအနေနဲ့ မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနဲ့ မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေးဖွံ့ဖြိုးတိုးတက်မှုပိုမိုရရှိစေရန်၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့ရဲ့ အရည်အချင်းနဲ့ ကျင့်ဝတ်ဂုဏ်သိက္ခာပိုမိုမြင့်မားလာစေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုနည်းပညာတွေ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်တွင်းပြည်ပရှိ ဆက်စပ်နှီးနွယ်ပညာရှင်များ၊ အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ရန်ဆိုတဲ့ မှန်ကန်ကောင်းမွန်တဲ့ ရည်ရွယ်ချက်များကိုအခြေခံပြီး ဆွေးနွေး၊ တိုင်ပင်၊ နှီးနှောဖလှယ်ကြမှာဖြစ်လို့ အကျိုးရှိမယ့်ရလဒ်ကောင်းတွေ ထွက်ပေါ်လာမှာဖြစ်ကြောင်း ယုံကြည်မိပါတယ်။ ဒါ့ပြင် မြန်မာ့ရိုးရာတိုင်းရင်းဆေးကုထုံးဆိုင်ရာ အတွေ့အကြုံတွေနဲ့ ပညာရပ်ဆိုင်ရာအယူအဆတွေကိုပါ နှီးနှောဖလှယ်ကြမှာဖြစ်လို့ တိုင်းရင်းဆေးပညာအမွေအနှစ်များ၊ ပေးဝေသူနဲ့ဆက်ခံသူတို့ရဲ့ အနာဂတ်အတွက် အဖိုးတန်မွန်မြတ်လှတဲ့ တွေ့ဆုံပွဲလို့ဆိုရမှာဖြစ်ပါတယ်။

ယခုခေတ်ကာလမှာ အနောက်တိုင်းဆေးပညာဟာ ဖွံ့ဖြိုးတိုးတက်လာတာမှန်ပေမယ့် ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ ပြည်သူတွေဟာ မိမိတို့ရဲ့ သဘာဝတိုင်းရင်းဆေးများနဲ့ကုသတဲ့ တိုင်းရင်းဆေးကုထုံးတွေကို လက်မလွှတ်ဘဲ အားကိုးအားထားပြုသုံးစွဲကုသနေကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ တစ်မျိုးသားလုံးရဲ့ ကျန်းမာကြံ့ခိုင်ရေးကို ဦးတည်ချက်ထားပြီး လတ်တလောဖြစ်ပွားနေဆဲဖြစ်တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားရေးကို ရှေ့လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

ယခုအခါ ကမ္ဘာတစ်ဝန်းလုံးရင်ဆိုင်နေရတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဟာ ဗီဇမျိုးကွဲအမျိုးမျိုးပြောင်းလဲပြီး ကူးစက်မှုနှုန်း မြန်ဆန်ရှိသာမက အချိန်တိုအတွင်း ကင်းစင်ပပျောက်စေနိုင်မယ့် ရောဂါမျိုးမဟုတ်ဘဲ ဆက်လက်တည်ရှိနေနိုင်သေးတာကြောင့် နိုင်ငံတကာမှာ သူတို့ရဲ့တိုင်းရင်းဆေးနဲ့ ကာကွယ်ကုသနိုင်ဖို့ ဆောင်ရွက်နေကြတဲ့နည်းတူ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း ကာကွယ်ကုသနိုင်မယ့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆိုးဆိုးရွားရွားတွေ့ကြုံခံစားခဲ့ရပေမယ့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ ကာကွယ်ကုသရေးများကို အလေးထားစီမံဆောင်ရွက်ခဲ့သလို တာဝန်ရှိသူများနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း တက်ညီလက်ညီနဲ့ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းပါဝင်ခဲ့ကြလို့ အချိန်တိုအတွင်းမှာ ကူးစက်ပြန့်ပွားမှုနဲ့ထိခိုက်မှုအနည်းဆုံးဖြစ်အောင် လုပ်နိုင်ခဲ့ကြတဲ့အတွက် တာဝန်ရှိသူများနဲ့တိုင်းရင်းသားပြည်သူများအားလုံးကို ကျေးဇူးတင်ကြောင်းကိုလည်း အခါအခွင့်သင့်တုန်းမှာ ပြောကြားလိုပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်ကုသနိုင်မယ့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ နဲ့ အလားတူ ရာသီတုပ်ကွေးရောဂါများမှာ အသုံးပြုနိုင်မယ့် မာဝေနိဒါန်းဆေးကျမ်းလာ ဆေးခါးကြီး ပါဝင်တဲ့ ဝိသမအဖျားပျောက်ဆေးကို အရည်အသွေးဆိုင်ရာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ လူနာများမှာ အန္တရာယ်ကင်းရှင်းပြီး ဘေးကင်းလုံခြုံမှုရှိဖို့အတွက် လတ်တလောအဆိပ်အာနိသင်နဲ့ ရေတိုအဆိပ်အာနိသင်ရှိ၊ မရှိတို့ကိုသိရှိနိုင်ရန် စမ်းသပ်ခြင်း၊ ဆေးရဲ့ခံနိုင်ရည်အားကို မိမိဆန္ဒအလျောက် သုတေသနစမ်းသပ်မှုတွင်ပါဝင်လိုတဲ့ ကျန်းမာတဲ့လူများအပေါ်မှာ စမ်းသပ်ခြင်း၊ ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ အတည်ပြုသာမန်လက္ခဏာရှိတဲ့ လူနာများပေါ်မှာ စမ်းသပ်ခြင်း၊ သုတေသနအဆင့်ဆင့်တို့ကိုပြုလုပ်ပြီး ဆေးဝါးထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိနေတာကြောင့် တိုင်းရင်းဆေးပညာရှင်များအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသခြင်းဆိုင်ရာလမ်းညွှန်များ ချမှတ်ဆောင်ရွက်လျက်ရှိကြတာကို အားရဖွယ်ရာတွေ့မြင်ရပါတယ်။ မိမိတို့ရဲ့ သွေးရင်းသားရင်းများဖြစ်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေကို မိမိတို့ရဲ့ ပြည်တွင်းတိုင်းရင်းဆေးဝါးများနဲ့ ထိထိရောက်ရောက် ကာကွယ်ကုသနိုင်ရေး ပိုမိုကြိုးစားကြဖို့ကိုလည်း တိုက်တွန်းမှာကြားလိုပါတယ်။

**တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ တိုင်းရင်းဆေးပညာရှင်များ ခင်ဗျား**

မြန်မာ့တိုင်းရင်းဆေးသမားတော်များဟာ ခေတ်အဆက်ဆက် တိုင်းရင်းဆေးဝါးများကိုအသုံးပြုပြီး ပြည်သူလူထုရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြတာဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာ့တိုင်းရင်းဆေးပညာနဲ့ ဆေးဝါးများ နှုန်းမီစံကိုက်ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာကို ထိုးဖောက်နိုင်မယ့် အစွမ်းထက်မြက်တဲ့ မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းတွေ၊ ကုသနည်းကုထုံးများပေါ် ထွက်လာစေရေးတို့အတွက် ဆေးပစ္စည်းများ၏ စံချိန်စံညွှန်းများရေးဆွဲခြင်း၊ တိုင်းရင်းဆေးဝါးများကို သိပ္ပံနည်းကျသုတေသနပြုခြင်းများ ဆောင်ရွက်ရာမှာ မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံးက စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြဖို့ လိုအပ်မည်ဖြစ်ကြောင်းကိုလည်း မှာကြားတိုက်တွန်းလိုပါတယ်။

သိမ်မွေ့နက်နဲတဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၊ ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်တဲ့ ဆေးကျမ်းများနဲ့ အာနိသင်ထက်မြက်တဲ့ ဆေးဝါးများရဲ့ အနှစ်သာရအဆီအနှစ်တွေကိုစုစည်းပြီး အမျိုးသားအမွေအနှစ်ဆေးပညာရပ်တစ်ရပ်အဖြစ် ဖြစ်ထွန်းရပ်တည်နေစေဖို့ စုပေါင်းစွမ်းအားနဲ့ အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြဖို့ကိုလည်း ထပ်လောင်းမှာကြားလိုပါတယ်။ ဒါ့ပြင် ကျွန်တော်တို့နိုင်ငံရဲ့ ရိုးရာအမွေအနှစ်ဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အရိုးပေါ်အရွက်မဖုံးစေဘဲ အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေနဲ့ ထိန်းသိမ်းစောင့်ရှောက်သွားဖို့လည်း လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ယနေ့အချိန်အခါမှာ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အထူးအားပေးဆောင်ရွက်လျက်ရှိရာမှာ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်လို့ ကောင်စီရဲ့ များပြားကြီးမားတဲ့တာဝန်တွေထဲက တိုင်းရင်းဆေးပညာရှင်များရဲ့ ဆေးပညာကျင့်ဝတ်ထိန်းသိမ်းခြင်းကိုလည်း အလေးထားဆောင်ရွက်ပေးစေလိုကြောင်း မှာကြားလိုပါတယ်။

အခုလို မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ခြင်းဟာလည်း မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များမှာ အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ရပ်အနေနဲ့ ပါဝင်လျက်ရှိပါတယ်။ ဒီလို ညီလာခံနဲ့ နှီးနှောဖလှယ်ပွဲတွေ ကျင်းပနိုင်ခြင်းကြောင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ နီးနွယ်ဆက်စပ်တဲ့ ဝန်ကြီးဌာနတွေက ပညာရှင်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းကြီးနဲ့ မြန်မာနိုင်ငံအနှံ့အပြားက တိုင်းရင်းဆေးသမားတော်ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့နဲ့ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနဲ့ ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းစတဲ့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ကဏ္ဍပေါင်းစုံက ကိုယ်စားလှယ်တော်ကြီးများ ဆုံစည်းဆွေးနွေးဖလှယ်ခွင့်ရရှိနိုင်ကြတာဖြစ်လို့ အထူးပဲအကျိုးဖြစ်ထွန်းစေမယ်လို့ ယုံကြည်မိပါတယ်။

ယခု (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲမှာ ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ ချစ်ခင်ရင်းနှီး၊ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်နှီးနှောကြပြီး နိုင်ငံနှင့် ပြည်သူအတွက် မြန်မာ့တိုင်းရင်းဆေးပညာလောက ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ကြပါစေ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှာ တိုင်းရင်းဆေးပညာနဲ့ ပိုမိုတိုးမြှင့်စောင့်ရှောက်နိုင်ကြရေးအတွက် ပူးပေါင်းကြံဆောင်၍ အဆိုပြုချက်များ တင်သွင်းခြင်း၊ ဝိုင်းဝန်းဆွေးနွေးအကြံပြုခြင်းတို့ဖြင့် အကျိုးရှိကောင်းမွန်တဲ့ရလဒ်များ ရရှိနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းမေတ္တာပို့သလျက် နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကိုကျေးဇူးတင်ပါတယ်။**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Russian State Atomic Energy Corporation ''ROSATOM'' တို့ ပူးပေါင်းဆောင်ရွက်မည့်စီမံကိန်းများဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Russian State Atomic Energy Corporation "ROSATOM" တို့ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ယနေ့တွေ့ဆုံဆွေးနွေးရခြင်းသည် မိမိတို့ဝန်ကြီးဌာနနှင့် ROSATOM တို့အကြား ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများအတွက် လိုအပ်သည်များ ပေါင်းစပ်နိုင်ရန်နှင့် မြေပြင်တွင်လိုအပ်ချက်များ ပေါင်းစပ်နိုင်ရန်ပြုလုပ်သည့် ဆွေးနွေးပွဲဖြစ်ပါ၍ ရုရှား-မြန်မာ နှစ်နိုင်ငံ နှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးစွာဖြင့် ရေရှည်ပူးပေါင်းမှု၏ အကျိုးရလဒ်များလည်းဖြစ်ပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့တွင် စက်တင်ဘာ ၅ ရက်မှ ၈ ရက်ထိ ကျင်းပခဲ့သည့် သတ္တမအကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (7th Eastern Economic Forum-EEF)ကာလအတွင်း စက်တင်ဘာ ၆ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ROSATOM တို့အကြား "Road Map on Cooperation in the field of the use of Nuclear Energy for Peaceful Purposes for 2022-2023" ကိုလက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့တွင် ကျင်းပခဲ့သည့် ATOMEXPO-2022 ကာလအတွင်း ရုရှားနိုင်ငံသို့သွားရောက်ခဲ့သည့် ခရီးစဉ်တွင်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rosatom Energy Projects, Joint Stock Company တို့သည် ရုရှား-မြန်မာ Small Modular Reactor (SMR) Projects အတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုဆောင်ရွက်ရန်သဘောတူစာချုပ်ကို နိုဝင်ဘာ ၂၁ ရက်တွင်လည်းကောင်း၊ နားလည်မှုစာချွန်လွှာ (MoU)ကို နိုဝင်ဘာ ၂၂ ရက်တွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသဖြင့် ပိုမိုတိုးတက်သည့်ရလဒ်ကောင်းများ ရရှိနေပြီဖြစ်ပါကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလာရောက်သော ROSATOM ကုမ္ပဏီအနေဖြင့် ထပ်မံတိုးချဲ့၍ ရင်းနှီးမြှုပ်နှံနိုင်ရန်၊ ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရန်၊ အသေးစားရေအားလျှပ်စစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးတိုးတက်စေရန်၊ လေအားလျှပ်စစ်အကောင်အထည်ဖော်နိုင်ရေးစီမံကိန်းလုပ်ငန်းများတွင်လည်း ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ပူးပေါင်းပါဝင်နိုင်ရန် ဆွေးနွေးမှုများလည်းရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးမှုများအပေါ်တွင်လည်း ဆက်လက်တိုးတက်အောင်ဆောင်ရွက်စေလိုကြောင်း၊ နည်းပညာအကူအညီများ၊ တည်ဆောက်ရေးများနှင့်ရင်းနှီးမြှုပ်နှံမှုများတွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် ဖိတ်ခေါ်လိုပါကြောင်း၊ တိုးတက်မှုများကိုစဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်အတွက် အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်း ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများ ဆောင်ရွက်ခြင်းနှင့် စက်ရုံများ တည်ဆောက်နိုင်မည့်ကနဦးနေရာများကို ကြည့်ရှုလေ့လာဆွေးနွေးခြင်းတို့အပြင် ယမန်နေ့ကလည်း မြန်မာနိုင်ငံအတွင်း လေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ဆောင်ရွက်နိုင်ရန် အလားအလာရှိသောနေရာများနှင့် အသေးစားရေအားလျှပ်စစ်တည်ဆောက် အကောင်အထည်ဖော်ရန်နေရာများကိုလည်း မြေပြင်ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သဖြင့် လေ့လာတွေ့ရှိချက်များအပေါ် ရလဒ်ကောင်းများရရှိစေရေး ဆက်လက်ဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် စီမံကိန်းလုပ်ငန်းများအလိုက် အကောင်အထည်ဖော်မည့်အဖွဲ့များနှင့် အသေးစားရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး၊ ပြန်ပြည့်မြဲစွမ်းအင်လေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး၊ အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးနှင့် မြန်မာနိုင်ငံတွင်အသုံးပြုမည့် လျှပ်စစ်သုံး မော်တော်ယာဉ်များအတွက် လီသီယံဘက်ထရီထုတ်လုပ်သည့် စက်ရုံတည်ဆောက်နိုင်ရေး စသည့်ကဏ္ဍများအလိုက် ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ




နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Mongkol Visitstump ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Mongkol Visitstump ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နယ်စပ်ရေးရာဝန်ကြီးဌာန၏ မူဝါဒ လေးရပ်နှင့်အညီ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှု၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ မယ့်ဖားလုံဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တို့တွင် ရေရှည်တည်တံ့သော အစားထိုး ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော် တပ်ရင်း၊တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲအတူတကွသုံးဆောင်

**နေပြည်တော် ဒီဇင်ဘာ ၈**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်း အပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရား ပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မှုတသည့် အုပ်ချုပ်မှုစနစ်ရှိရန်လိုအပ်ကြောင်း တပ်မတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မှုတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ်(Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊စစ်သည်၊ မိသားစုများနှင့်အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။

ထို့အတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း၊ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများအသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင် နယ်မြေခံတပ်ရင်းစာရိပ်သာ၌ အရာရှိ၊ စစ်သည်များနှင့်အတူတကွ ဂုဏ်ပြုနေ့လယ်စာသုံးဆောင်စဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး နယ်မြေခံသင်တန်းကျောင်း၌ အရာရှိ၊ စစ်သည်များနှင့်အတူတကွ ဂုဏ်ပြုနေ့လယ်စာသုံးဆောင်စဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၇၁၆၃ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၅၆၆၁ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူဦးရေ ၂၂၂၀ နှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၃၂၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများလက်ဝယ်အရောက် အခမဲ့ ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့၏ (၂၈)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ



**မန္တလေး ဒီဇင်ဘာ ၈**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့၏ (၂၈)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)ရှိ မဟာဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဇန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် တက္ကသိုလ်များ အုပ်ချုပ်ရေးဇဟိုအဖွဲ့ဆရာတော်များ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်၊မန္တလေး)တို့မှ သင်ကြား၊ စီမံဆရာတော်များနှင့် ဘွဲ့ခံသံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏အဓိပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးက သာရဏီယ ဩဝါဒကထာမိန့်ကြားပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေး ဇဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရက သမ္မောဒနီယကထာကို မိန့်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုတို့က သာသနာရေးဆိုင်ရာများလျှောက်ထားကြသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းဆရာတော်က သာသနတက္ကသီလမဟာဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ခံယူမည့် ရဟန်းတော်များနှင့် သာသနတက္ကသီလဓမ္မာစရိယဘွဲ့ခံယူမည့် ရဟန်းတော်တစ်ပါးချင်း၏ ဘွဲ့တော်ကို ကြေညာ၍ ပါမောက္ခချုပ်ဆရာတော်ထံတွင် ဘွဲ့ခံယူပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မော်ကွန်းထိန်းဆရာတော်က သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့တံဆိပ်တော်ခံယူမည့် ရဟန်းတော်များနှင့် သာသနတက္ကသီလဓမ္မာစရိယဘွဲ့ခံယူမည့် ရဟန်းတော်တစ်ပါးချင်း၏ ဘွဲ့တော်ကိုကြေညာ၍ ပါမောက္ခချုပ်ဆရာတော်ထံတွင် အသီးသီး ဘွဲ့ခံယူကြသည်။ ယခုနှစ်ဘွဲ့နှင်းသဘင် အခမ်းအနားတွင် သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့ရ ဆရာတော် ၁၃ ပါး၊ သာသနတက္ကသီလဓမ္မာစရိယ ဘွဲ့ရ ဆရာတော် ၁၂၄ ပါး စုစုပေါင်း ၁၃၇ ပါး ဘွဲ့ခံယူကြသည်။

ထို့နောက် စုစုပေါင်း နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ အဓိပတိ ဆရာတော်ကြီး၏ ရှေ့မှောက်တွင် ဘွဲ့ခံရဟန်းတော်များက သာသနာပြုကတိသစ္စာခံယူကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ ဒုတိယအဓိပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော ပင့်သံဃာတော် ၁၈ ပါး၊ ဘွဲ့ခံရဟန်းတော် ၁၃၇ ပါး စုစုပေါင်း ၁၅၅ ပါးတို့ကို ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များက ဆွမ်းဆန်တော်များ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၏ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် (၁၆)ကြိမ်မြောက် ပန်းချီ၊ ပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်စင်တင် တင်ဆက်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၈**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၏ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် (၁၆)ကြိမ်မြောက် ပန်းချီ၊ ပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ်စင်တင် တင်ဆက်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို တက်ရောက်အားပေးသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ် ဦးအောင်ဆန်းဦးနှင့် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာရပ်များကို သင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများ၏ စင်တင်တင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တွင်မြန်မာ့ယဉ်ကျေးမှု အနုသုခုမပညာရပ်များကို သင်ကြားပေးခဲ့သည်မှာ ၂၁ နှစ်တိုင်ရှိခဲ့ပြီဖြစ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၅ ကြိမ် ကျင်းပခဲ့ပြီး ဝိဇ္ဇာဘွဲ့ ၇၁၂ ဦး၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ ၁၇၈ ဦး၊ ဘွဲ့လွန် အနုပညာဒီပလိုမာ ၂၇၇ ဦး၊ ဂုဏ်ထူးဆောင်ဝိဇ္ဇာဘွဲ့ ၁၉ ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၃၉ ဦး၊ ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာဘွဲ့ ၁၈ ဦး၊ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့လေးဦး၊ ဘွဲ့လွန်စာကြည့်တိုက် ဒီပလိုမာ ၁၀၇ ဦး စုစုပေါင်း ၁၃၅၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် အနုပညာအထက်တန်းကျောင်း(မန္တလေး) ပန်းချီနှင့်ပန်းချီ၊ ပန်းပုဌာနတို့တွင် တက်ရောက်သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအတွက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မိသားစုက စက်ဘီးများပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို အမျိုးသားကဇာတ်ရုံ (မန္တလေး)တွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ကျောင်းအုပ်နှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကျောင်းသား၊ ကျောင်းသူ ဦးရေ ၂၀ ကို စက်ဘီးများ ပေးအပ်လှူဒါန်းပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဒီဇင်ဘာ ၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂ ဦးတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၈**

ဒီဇင်ဘာ ၇ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၇၉၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

| ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၃၈၀ ဦး |
| သေဆုံးသူ | ၁၉၃၈၈ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၉၀၂ ဦး |

# မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများကို တွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၈**

မြန်မာသံရုံး မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများကို ပြည်ထောင်စုဝန်ကြီးများက တွေ့ဆုံအမှာစကားပြောကြားသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာန အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ပသို့ သွားရောက် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများက တစ်ဦးချင်းစီအနေဖြင့် ၎င်းတို့သွားရောက် တာဝန်ထမ်းဆောင်ရမည့်နိုင်ငံများကို မိတ်ဆက်တင်ပြကြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက် တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအားလုံးကို ဝမ်းမြောက်ကြောင်း ဂုဏ်ပြုစကားပြောကြားလိုကြောင်း၊ နိုင်ငံ၏အချုပ်အခြာအာဏာ မဆုံးရှုံးစေရေးနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ထမ်းများသည် Diplomacy is the first line of Defence ဆိုသည့်စကားရပ်နှင့်အညီ သံခင်းတမန်ခင်းနည်းလမ်းများဖြင့် နိုင်ငံ၏အချုပ်အခြာအာဏာကိုရှေ့တန်းမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရသူများဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားပြီး ပေးအပ်သည့်တာဝန်များကို သစ္စာရှိရှိ တာဝန်ကျေပွန်စွာထမ်းရွက်ကြသည့် ဝန်ထမ်းများကို ဝန်ကြီးဌာနအနေဖြင့် လေးလေးနက်နက်စိစစ်သုံးသပ်ပြီးမှ ယခုကဲ့သို့ ရွေးချယ်တာဝန်ပေးစေလွှတ်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် သံတမန်ဝန်ထမ်းများအနေဖြင့် သံတမန်များလိုက်နာဆောင်ရွက်ရမည့် အဓိကလုပ်ငန်းတာဝန် ငါးရပ်ကို လိုက်နာတာဝန်ကျေကြရန် အလေးအနက်ထားမှာကြားလိုကြောင်း၊ အဓိကလုပ်ငန်းတာဝန် ငါးရပ်အနေဖြင့် Representation (နိုင်ငံကို ကိုယ်စားပြုခြင်း)၊ Protection (ကာကွယ်စောင့်ရှောက်ခြင်း)၊ Negotiation(စေ့စပ်ညှိနှိုင်းခြင်း)၊ Reporting (သတင်းအချက်အလက်များ စုဆောင်း၍ ပြန်လည်တင်ပြအစီရင်ခံခြင်း)နှင့် Promotion (နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ခြင်း)တို့ဖြစ်ကြောင်း၊နိုင်ငံကိုကိုယ်စားပြုပြီး တာဝန်ထမ်းဆောင်ကြရမည် ဖြစ်သောကြောင့် ဝန်ထမ်းသည်အမျိုးသားနိုင်ငံရေးကို သစ္စာရှိရန်၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအပေါ် သစ္စာရှိရန်နှင့် မိမိဝန်ကြီးဌာနအပေါ် သစ္စာရှိရန် အထူးမှာကြားလိုကြောင်း၊ နောက်ဆုံးအနေဖြင့် ဝန်ထမ်းများအားလုံး ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ရန်နှင့် ရောက်ရှိသည့်နေရာမှရရှိသည့် ဗဟုသုတများကို အကျိုးရှိစွာအသုံးချနိုင်ရေး လေ့လာဆည်းပူးကြရန် ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ယနေ့အခမ်းအနားတွင် အချက် သုံးချက်မှာကြားလိုကြောင်း၊ Be all with the Diplomat ကြံ့ကြံ့ခိုင်ခိုင်နှင့် အရာအားလုံးကိုရင်ဆိုင်နိုင်သည့် သံတမန်တစ်ယောက်ဖြစ်အောင် ကြိုးစားကြရန်ဖြစ်ကြောင်း၊ Be a good Diplomat သံတမန်ကောင်း တစ်ယောက်ဖြစ်အောင် နေထိုင်ကြရန်ဖြစ်ကြောင်းနှင့် Keep yourself fit for Duty ပေးအပ်သည့်တာဝန်များကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်ရန် အမြဲတမ်းအသင့်ရှိနေရန် မှာကြားလိုကြောင်း၊ ယခု သွားရောက်တာဝန်ထမ်းဆောင်မည့်သူများတွင် သံရုံးစာရေးမှစ၍ သံမှူးထိပါဝင်ကြောင်း၊ မိမိအဆင့်အလိုက် ကျွမ်းကျွမ်းကျင်ကျင်လုပ်နိုင်ရန် အမြဲတမ်း ပြင်ဆင်လေ့ကျင့် ဖြည့်ဆည်းနေရန်လိုကြောင်း၊ နှစ်လိုဖွယ်ရှိပြီး ပုံရိပ်ကောင်းသည့် သံတမန်ကောင်းဖြစ်ရန်၊ Personalilty ကောင်းသည့်ဝန်ထမ်းများဖြစ်ရန်နှင့် ကျန်းမာရေးဂရုစိုက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၈**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Ramanathan Balakrishnan နှင့်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းဆိုင်ရာဆက်စပ်နေသည့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် မိတ်ဝတ်မပျက် ပူးပေါင်းဆောင်ရွက်နေမှု၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ နိုင်ငံခြားသားဝန်ထမ်းများ ပြည်ဝင်ဗီဇာ၊နေထိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးမှုနှင့် ယင်းလုပ်ငန်းများအဆင်ပြေစေရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည့်နည်းလမ်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ၊ မြန်မာနိုင်ငံ၏ လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများတွင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)မှ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုနှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်၊ ဒေါက်တာမျိုးသန့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ယခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၈**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)လေး တစ်စီးကို ဇူလိုင် ၂၃ ရက်နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက"ဖြစ်ပြီး အဆိုပါဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါး၌ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါဆင်ဖြူတော်လေး"ရဋ္ဌနန္ဒက"မှာ ယခုအသက် လေးလခွဲသား အရွယ်တွင် အရပ်အမြင့် ၃ ပေ၊ ကိုယ်လုံးလုံးပတ် ၄ ပေ ၆ လက်မ၊ ကိုယ်အလေးချိန် ၃၁၅ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training"ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၈**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Mongkol VISITSTUMP ကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား အစဉ်အလာအားဖြင့်တည်ရှိသည့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် အပြန်အလှန်နားလည်မှု၊ ထောက်ခံမှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားရေးစသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Mongkol VISITSTUMP ကို လက်ခံတွေ့ဆုံစဉ်။**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုဒုံမြို့ ကန်ကြီးကန်ပတ်ကတ္တရာလမ်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၈**

(၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုဒုံမြို့ ကန်ကြီးကန်ပတ်ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ယင်းကန်ပတ်လမ်း၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများကျန်းမာရေးအတွက် လေ့ကျင့်ခန်းပြုလုပ်ခြင်းနှင့် အပန်းဖြေအနားယူခြင်းများ ကန်ပတ်လမ်းတစ်လျှောက် လုပ်ဆောင်နိုင်ရန် ရည်ရွယ်စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ လမ်းရေရှည်တည်တံ့ရေးနှင့် လမ်းဘေးဝဲယာသန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ကန်ကြီးကန်ပတ်ကတ္တရာလမ်းအရှည်ပေ ၁၅၀၀ နှင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နေဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကန်ကြီးကန်ပတ်ကတ္တရာလမ်းကိုဖဲကြိုးဖြတ်ဖွင့်လှစ်၍ လမ်းကိုလှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ငါးသယံဇာတများ တိုးပွားလာစေရန်နှင့် ငါးမျိုးစိတ်များပြုန်းတီးမှုမဖြစ်ပေါ်စေရန်ရည်ရွယ်၍ သထုံငါးသားဖောက်စခန်းက သားဖောက်ထားသည့် ငါးမြစ်ချင်းငါးသားပေါက် အကောင် ၁၀၀၀၀၀ ကျော်ကို ကန်ကြီးကန်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမဝင် သစ်မျိုးစုံ၊ ဆီထွက်သီးနှံ၊ လူသုံးကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၈**


တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၆ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ် ကျိုင်းဖောင်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့ကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်၌ တရားမဝင်ကျွန်းခွဲသားဆိုဒ်စုံ ၇ ဒသမ ၀၁၁၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၄၁၃၀၀ကို သစ်တောဥပဒေအရလည်းကောင်း၊ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Baby Diaper (Pants) ၁၂၇ ဖာ အပါအဝင် ကုန်ပစ္စည်းငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၄၆၀၀၀ နှင့် အဆိုပါသစ်နှင့်ကုန်ပစ္စည်းများတင်ဆောင်လာသည့် Nissan UD အမျိုးအစားမော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၅၈၇၁၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပျဉ်းမနားမြို့နယ်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပျဉ်းမနားမြို့နယ် နန်ချိုကြီးပြင်တောအတွင်း တရားမဝင်သစ်မျိုးစုံ ၅ ဒသမ ၀၀၅၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၉၉၄ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့်လူသုံးကုန်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၁၂၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။









အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ်အတွင်း၌ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဘေထုပ်အထည် ၄၈၁ ထုပ် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၁၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၀/၇ မိုင် တိုးဂိတ်အနီး၌ မော်တော်ယာဉ် တစ်စီးပေါ်၌ တရားမဝင်ကျွန်းပါကေး(အကြမ်းတုံး) သုည ဒသမ ၈၄၇၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၈၄၀ နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Toyota Hiace အမျိုးအစား မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၇၂၆၈၄၀ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကန့်ဘလူမြို့နယ် တန့်ဆည်-ကာဘိုးကျေးရွာလမ်း၌ လိုင်စင်မဲ့ Nissan AD Van အမျိုးအစား မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင်တင်သွင်းခွင့်အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် နှမ်းနက် ၉၅ အိတ် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter အမျိုးအစားမော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၂၂ ဒသမ ၅၆၃၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၃၆၉၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၆ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၂ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၆၈၂၈၃၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ခေတ်မရွေးတဲ့ကဗျာ (၈)

မန်းတင့်မော်

လူ၏ သဘာဝတစ်ရပ်တွင် မိမိကိုယ်မိမိ ကျေနပ်အားရသည်လည်းရှိသည်။ တစ်ခါတစ်ရံ အားမလိုအားမရဖြစ်ရသည်လည်းရှိတတ်သည်။ လူသားမှန်သမျှ ပတ်ဝန်းကျင်နှင့် ဆက်စပ်လျက်ရှိပြန်ရာ လူအချင်းချင်းပြိုင်ဆိုင်မှုများကလည်း ရှိလာရတော့သည်။ လုပ်ငန်းပြိုင်၊ အင်အားပြိုင်၊ ပိုင်ဆိုင်မှုပြိုင်၊ ပညာပြိုင်စသည်ဖြင့် ပြိုင်ဆိုင်မှုအထွေထွေက တွက်ရေမဆုံးဖြစ်တော့သည်။ လူ့သမိုင်းတွင် စိုက်ပျိုးရေးအတတ်ပညာဖွံ့ဖြိုးမှုစတင်သောကာလ တစ်ခုရှိခဲ့ဖူးသည်။ ယခုတိုင်လည်း လူတို့၏ စားဝတ်နေရေးကို စိုက်ပျိုးရေးကပင် ကြီးစွာအထောက်အပံ့ပြုနေရဆဲပင်။ ဤနေရာတွင် ဥယျာဉ်ခြံမြေစိုက်ပျိုးသူနှစ်ဦးကို ပမာပြုရသော် ဇာတ်ကြောင်းပြောသူအနေဖြင့် သူ့ကိုယ်ပိုင်ဥယျာဉ်ခြံမြေထက် တစ်ပါးသူ၏ ဥယျာဉ်ခြံမြေကို ငေး၍ အားကျနေကြောင်းကို ကဗျာဆရာမ ငွေတာရီက

"အလှထူးပါဘိ
မြဖူးပြာအင့်နဲ့
လွှာရှုံ့မှာ ညှာစုံကျင်းရော့ထင့်
ဖြူဝင်းငွေမှုန်လွှာတို့
လေယူရာ ရနံ့ညင်း
သင်းပျံ့ခဲ့ သူ့ခြံမှာ" ဟူ၍ စတင်လိုက်ပါသည်။

မိမိကိုယ်တိုင် စိတ်တိုင်းမကျ။ မိမိရပ်ရွာကို အထင်မကြီး။ မိမိတိုင်းပြည်နိုင်ငံကို မချစ်ခင်၊ မမြတ်နိုးသူများက ခေတ်အဆက်ဆက်ရှိပါသည်။ ကိုယ်တိုင်မကြိုးစားသော်လည်း သူတစ်ပါး၏ အောင်မြင်မှုကိုသာ လှမ်းမြင်နေသည်။ မိမိဘဝ၊ မိမိအခြေအနေကို စိတ်ပျက်အားငယ်တတ်သည်။ လက်ရှိအနေအထားကို မကျေနပ်နိုင်။ ရပ်ရွာအတွက်ဆိုလျှင် မတွေး။ နိုင်ငံအတွက်ဆိုလျှင်ဝေး။ အကြောင်းအမျိုးမျိုးပြကာ အလုပ်မလုပ်ဘဲနေလေ့ရှိသူများလည်းရှိသည်။ ၎င်းအချက်များသည် ကြီးပွားတိုးတက်မှုအတွက် အဟန့်အတားများဖြစ်နေသည်။ ဥယျာဉ်ခြံမြေနှစ်ခုကို နိမိတ်ပုံယူ၍ နှိုင်းယှဉ်သော် အဖြူနှင့်အမည်းပမာ ကွာခြားသည်။ အလင်းနှင့်အမှောင်သဖွယ် မြင်နိုင်သည်။ ထို့ကြောင့်ပင် ကဗျာ၏ ဒုတိယအပိုဒ်တွင်-

"ငါ့ခြံကြည့်ပြန်တော့
မချိုပူငွေ့ဖြာခဲ့
မြေပြာမှာ နေစာမတင့်နိုင်ဘူ
ကြည်စရာ နီဝါတွေလဲ မပွင့်လေတော့
စိမ်းရင့်ရောင် နွယ်ချုံဖုတ်တွေက
ရှုပ်ထွေးကာ လိမ်ခွေရှက်
အားပျက်စရာ" ဟု ဆက်လက်ရေးဖွဲ့ခဲ့ပြန်သည်။

လူ၏သဘာဝဟုဆိုနိုင်သော မိမိဘဝ၊ မိမိအလှတို့ထက် သာလွန်ခြင်းကို နှစ်သက်သည်။ အနေအထိုင်မြင့်လိုသည်။ အစားကောင်း၊ အသောက်ကောင်းကို စားလိုသောက်လိုသည်။ သာယာသည်ထက် သာယာချင်သည်။ ပန်းမွှေ့ရာ ရွှေကော်ဇောပေါ်တွင် အိပ်စက်ချင်သည်။ ရနံ့ထုံထုံ ပန်းမျိုးစုံသော ရဂုံတောတွင် လျှောက်လှမ်းချင်လှသေးသည်။ ပန်းဝတ်ရည်ကို သောက်သုံးကြမည့် ဝဲပျံလာသော ပျားပိတုန်းလိပ်ပြာများကို ငေးချင်သေးသည်။ ကဗျာဆရာမ၏ ဆိုလိုရင်းမှာ သည်မျှမကသေးပေ။ ကိုယ့်တိုင်းပြည်ထက် သာလွန်နေသော တိုင်းတစ်ပါးကို အထင်ကြီးစွာ ငေးမျှော်ခြင်းဟူလည်း ယူနိုင်သေးသည်။ မှန်ပါသည်။ နှိုင်းယှဉ်လျှင် အားသာချက်၊ အားနည်းချက်ဟူသည် ပေါ်လာစမြဲပင်။ အစစအရာရာ တိုးတက်ပါသည်ဟုဆိုသည့်တိုင် အားနည်းချက်က ရှိနေစမြဲ မဟုတ်ပါလား။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုများကမူ အံ့မခန်းဟု ပြောနိုင်ပါသည်။ တိုးတက်မှုဆိုသည်ကလည်း အခြေအနေအရပ်ရပ်ပေါ် မူတည်လျက်ရှိသည်။ ဘက်စုံထောင့်စုံမှ အထောက်အကူအမျိုးမျိုးကလည်း လိုအပ်သည်။ အခြေခံအားဖြင့် ပညာက အထူးအရေးပါလျက်ရှိနေပြန်သည်။

**❖ ပန်းပျိုးသူဥယျာဉ်မှူးနှစ်ဦးကို ပမာပြုရသော် မိမိ၏ ဥယျာဉ်ခြံမြေတွင် ပန်းပွင့်အောင် ကြိုးပမ်းရပေလိမ့်မည်။ သူ့ဥယျာဉ်တွင် ပန်းဖြူပြာပွင့်လျှင် ကိုယ့်ဥယျာဉ်တွင် ပန်းနီဝါပွင့်စေနိုင်ရမည်။ ဤသို့ကြိုးပမ်းကြရာတွင် "အခွင့်အခါ" ဆိုသည်မှာလည်း အလွန်အရေးကြီးလှသည်။ မည်သည့်အလုပ်မဆို အခွင့်အလမ်းသာရန် လိုအပ်သည်။ အချိန်အခါသင့်ရန်လည်း ဖြစ်ရမည်။ မိမိဘဝမြင့်တင်ရန်ဖြစ်စေ၊ မိမိရပ်ရွာ၊ မိမိတိုင်းပြည်အခြေတိုးမြှင့်ရန်ဖြစ်စေ အတွေးရှင်းရှင်း အမြင်ကြည်ကြည် လင်လင်တို့ဖြင့် ကြိုးပမ်းအားထုတ်ကြရပါမည်။ ❖**

ပညာကို အတတ်ပညာနှင့် အသိပညာဟူ၍ နှစ်ပိုင်းခွဲနိုင်ပါလိမ့်မည်။ အလွန်တရာလည်း ကျယ်ဝန်းနက်ရှိုင်းလှပါသည်။ ပညာရပ်တစ်ခုကို လေ့လာဆည်းပူးရာတွင်လည်း ထဲထဲဝင်ဝင်လေ့လာရန် လိုအပ်ပါသည်။ တက္ကသိုလ်ကောလိပ်အသီးသီးက ခေတ်နှင့်လျော်ညီသော ပညာများကို ပို့ချပေးလျက်ရှိသော်လည်း ဘွဲ့ရရုံသက်သက်ဆိုလျှင် အကျိုးသက်ရောက်မှုမရှိနိုင်သေးချေ။ ယခုအခါ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်သူများလာသကဲ့သို့ သွားရောက်လိုသူဦးရေကလည်း တိုးပွားလျက်ရှိသည်။ အလုပ်လုပ်ရာတွင် ပညာရပ်တစ်ခုကို တတ်ကျွမ်းပိုင်နိုင်ခြင်းကြောင့် အလုပ်ကောင်းကောင်းရသူက အရေအတွက်နည်းပါးလှပါကြောင်းလည်း ကြားသိရသည်။ ကြုံရာကျပန်းလုပ်ကိုင်စားသောက်ရသူများလည်း များနေကြောင်း သိရသည်။ နိုင်ငံတကာမှ လုပ်ငန်းဆိုင်ရာ အလုပ်သမားစာရင်းဇယားများ၏ ဖော်ပြချက်များလည်းရှိနေပါသည်။

လူ၏အဓိပ္ပာယ်ကို "အတိတ်ကို တမ်းတ၊ အနာဂတ်ကို မျှော်မှန်း၊ လက်ရှိဘဝကို မကျေနပ်သူ" ဟူ၍ ဖွင့်ဆိုမှုတစ်ရပ်ကို မှတ်သားမိပါသည်။ အနာဂတ်ကာလကို လူတိုင်းက ကောင်းသည့်အနေအထားတစ်ရပ်အဖြစ် မျှော်မှန်းလေ့ရှိကြသည်။ လူငယ်များအတွက်ဆိုပါလျှင် စိတ်ကူးအိပ်မက်ဟု ကဗျာဆန်ဆန်ပြောလေ့လည်းရှိကြပါသည်။ အောင်မြင်မှုဟူသမျှသည် စိတ်ကူးမှစတင်လေ့ရှိသည်ဆိုသော်လည်း စိတ်ကူးယဉ်ကမ္ဘာကြီးထဲတွင် တဝဲလည်လည်ဖြစ်နေလျှင်လည်း အောင်မြင်မှုပန်းတိုင်နှင့် အလှမ်းဝေးနေဦးမည်သာဖြစ်သည်။ လှပသောအနာဂတ်အတွက် မိမိနေရာ၊ မိမိပတ်ဝန်းကျင်ထက် အခြားနေရာဒေသနှင့် ရေခြားမြေခြားဒေသများ၏ အလှတရားကို အဝေးမြင်အတွေးစဖြင့် စိတ်ကူးပုံဖော်မှုကို ကဗျာစာဆိုက-

"သူ့စခန်း
သာဆန်း ရဂုံသွင်မို့
ငါလှမ်းကာ ခိုဝင်လို့
ပြာငွေစင် ကြိုင်ပျံ့ရှားပါတဲ့
ပွင့်ငုံဆင် ပင်တွေကြားမှလ
လျှောက်သွားကာ ပျော်လိုလှပါဘိ
မြရောင်စို သည်မြက်ခင်းရယ်နဲ့
ညင်းလေခို သစ်ညိုရိပ်မှာဖြင့်
လျောင်းအိပ်လို့ တကိုယ်သာ
ရှင်ပါချင့် စိတ်ထဲ" ဟု မြည်တမ်းပြလိုက်ပြန်ပါသည်။

လူ၏ အတွေးအမြင်သည် နှစ်ဖက်မြင်ဖြစ်သင့်သည်။ အကောင်းအဆိုး၊ အဖြူအမည်းခွဲခြားနိုင်ရပေလိမ့်မည်။ လောကီဘုံသားပီပီ ကိုယ်နှင့်သူ့ကိုလည်း နှိုင်းယှဉ်ကြရပါလိမ့်ဦးမည်။ ပန်းပျိုးသူဥယျာဉ်မှူးနှစ်ဦးကို ပမာပြုရသော် မိမိ၏ ဥယျာဉ်ခြံမြေတွင် ပန်းပွင့်အောင် ကြိုးပမ်းရပေလိမ့်မည်။ သူ့ဥယျာဉ်တွင် ပန်းဖြူပြာပွင့်လျှင် ကိုယ့်ဥယျာဉ်တွင် ပန်းနီဝါပွင့်စေနိုင်ရမည်။ ဤသို့ကြိုးပမ်းကြရာတွင် "အခွင့်အခါ" ဆိုသည်မှာလည်း အလွန်အရေးကြီးလှသည်။ မည်သည့်အလုပ်မဆို အခွင့်အလမ်းသာရန် လိုအပ်သည်။ အချိန်အခါသင့်ရန်လည်း ဖြစ်ရမည်။ မိမိဘဝမြှင့်တင်ရန်ဖြစ်စေ၊ မိမိရပ်ရွာ၊ မိမိတိုင်းပြည်အခြေတိုးမြှင့်ရန်ဖြစ်စေ အတွေးရှင်းရှင်း အမြင်ကြည်ကြည်လင်လင်တို့ဖြင့် ကြိုးပမ်းအားထုတ်ကြရပါမည်။ အတွေးအကြံကောင်းတို့တွင် ဇွဲ၊ လုံ့လ၊ ဝီရိယတို့ပေါင်းစပ်၍ အလုပ်လုပ်ကြရပေလိမ့်ဦးမည်။ ကာယအားဉာဏအားတို့ကို လိုအပ်သလို အသုံးချနိုင်အောင်လည်း အားထုတ်ထားရပါမည်။ ဘာသာရေးအဆုံးအမတစ်ရပ်ကိုလည်း လူသားတိုင်းအတွက် ကျင့်ဆောင်သင့်ပါသည်။ ၎င်းမှာ အခြားမဟုတ် "မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထား" ဟူသော ဆောင်ပုဒ်ပင်။ ခရီးတစ်ခုကို ခြေတစ်လှမ်းမှ စတင်ရမြဲဖြစ်သည်။ အစပျိုးရသည်ကလည်း ခက်ခဲတတ်သည်။ သို့သော် အလုပ်ဟူသမျှ စတင်ကြံစည်အားထုတ်လုပ်ဆောင်ခြင်းသည်သာ မှန်ကန်သောလုပ်ရပ်ဖြစ်သည်။ ချက်ချင်းလုပ်ပါဟူသော ညွှန်းဆိုချက်လည်း ရှိနေပြန်ပါသည်။ ကဗျာစာဆိုက လှပသော ဥယျာဉ်ခြံမြေတစ်ခုဖြစ်လာရန်-

"သို့လဲလေ
မသင့်လျော်ပေဘူ
ငါ့ခြံမြေဥယျာဉ်နန်းဟာလဲ
လှလေသည် သာစခန်းပေပေါ့
စိတ်ပန်းကို သည်လိုဖြေလို့
ကျက်သရေ တက်နေဝင့်အောင်လ
ငါ့ခြံမြေ အခြေမြှင့်ချင်ငဲ့
သူ့မြေမှာ ဖြူပြာပွင့်ယင်ဖြင့်
ငါ့မြေမှာ နီဝါတင့်ရမပေါ့
အခွင့်အခါမျှော်လို့
ဥယျာဉ်တော် သာယာရေးကိုလ
ရှုမြင်မျှော် ခါခါတွေးပါလို့
မနေးပင် အားအင်ထုတ်လို့ရယ်
ပေါင်းနုတ်ဘို့ခဲ။ ။" ဟူ၍ လှပစွာ အဆုံးသတ်ထားပါသည်။

ကဗျာဆရာမငွေတာရီ၏ သာသည့်မြေသို့ ကဗျာသည် ဥယျာဉ်နှစ်ခုကို နိမိတ်ပုံယူ၍ အားမာန်ကိုနှိုးနိုင်သော မိမိကိုယ်ကိုအားကိုးလိုစိတ်များ ပေါ်ပေါက်ရန် လှုံ့ဆော်နိုင်သော မိမိရပ်ရွာတိုင်းပြည်ကို ချစ်မြတ်နိုးစွာပြုစုစောင့်ရှောက်ရန် တိုက်တွန်းနိုင်သော ခေတ်မရွေးတဲ့ကဗျာတစ်ပုဒ်ဟု ယူဆမိပါကြောင်း။ ။

**ကိုးကား**

**– အထက်တန်းကဗျာလက်ရွေးစင်**

# ငပုတောမြို့နယ်၌ မော်တော်ဆိုင်ကယ်ပြုပြင်နည်းသင်တန်းဆင်း

**ငပုတော ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့်မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးသည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုမော်တော်ဆိုင်ကယ်ပြုပြင်နည်းသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးနိုင်နှင့် ငပုတောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးအောင်ကိုဝင်းက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းရည်ရွယ်ချက်များနှင့် သင်တန်းသားများအနေဖြင့် သင်တန်းကသင်ကြားပို့ချပေးသောအတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိဆက်လက်အသုံးချသွားရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတက်ရောက်ခဲ့ကြသော သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ခြင်းနှင့် သင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသားများအား ဂုဏ်ပြုဆုများကို တာဝန်ရှိသူများက ပေးအပ်ကြသည်။



အဆိုပါ သင်တန်းသို့ ငပုတောမြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာမှ သင်တန်းသားဦးရေ ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ယခုနှစ် နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၈ ရက်ထိ အခမဲ့ဖွင့်လှစ်သင်ကြား ပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ခိုး**

0 w Kw \ @

# စုန်ရေမေတ္တာ မနှိုင်းသာ

အောင်မာန်ဝင့်အောင်(တောင်ကြီး)



(၁)

"တကယ်ရှက်စရာကောင်းလိုက်တာဗျာ။ ကျွန်တော် ဒီအိမ်က ထွက်သွားချင်ပြီ မကြီးရာ"

ဆယ်တန်းကျောင်းသား မောင်ငယ်၏စကားကြောင့် နုဝေရင်ထဲမကောင်းပေ။ ရှစ်တန်းကျောင်းသူ ညီမငယ်လေးကတော့ သူတို့နှစ်ယောက်ကို မျက်နှာငယ်လေးနှင့်ကြည့်နေရှာသည်။ ဘာမှတော့ဝင်မပြော။ အစ်ကိုနှင့် အစ်မမျက်နှာကိုကြည့်၍ ရေးလက်စစာကို စိတ်မပါစွာရေးနေမှန်းသိသာသည်။ သူတို့စကားကိုသာ ကြားချင်နေပုံပေါက်သည်။

"မောင်ငယ်ရယ် မကြီးလဲနေရတာ ကျဉ်းကျပ်နေပါပြီ။ ပတ်ဝန်းကျင်ကလဲပြောနေကြတာ ရစရာကို မရှိဘူးလေ။ ဒါပေမဲ့ မကြီးတို့က မှီခိုသူလေ။ ဘာများပြောလို့ရမှာလဲ"

"မဟုတ်သေးပါဘူးဗျာ။ ဒီလို စိတ်ပျက်စရာကိစ္စတွေက အမြဲတမ်းဆို မကောင်းဘူးလေ။ ကျွန်တော် ငယ်ငယ်တုန်းက ကလေးဘဝမို့ ဘာမှမဖြစ်ပေမဲ့ အခုဟာက သူငယ်ချင်းတွေကြားထဲနေရတာ အဆင်မပြေတော့ဘူးဗျာ"

"ဟုတ်တယ်မကြီး။ ညီမလေးသူငယ်ချင်းကြည်ပြာကလဲပြောနေတာ။ တချို့ဆို ညီမလေးကိုမြင်တာနဲ့ မျက်နှာလွှဲသွားကြတာ။ တချို့ဆို မကြားတကြား စောင်းပြောသွားကြတာ"

"တောက် ကျွန်တော် ဒါကြောင့် ဒီအိမ်မှာ မနေချင်တော့တာ။ အဝေးကို ထွက်သွားချင်တယ်ဗျာ"

မောင်လေးနှင့် ညီမလေးကိုကြည့်ပြီး နုဝေကျလုဆဲဆဲမျက်ရည်ကို အမြန်ထိန်းလိုက်သည်။ ဖြေသိမ့်ပေးဖို့စကားလုံးများရှာနေပေမဲ့ ထွက်ကျမလာ။ ကိုယ်တိုင်လည်း မှီခိုသူဘဝမို့ တွန်းအားပေးဖို့ ခွန်အားမရှိပေ။ ရှေ့ဆက်ဖို့အတွက် အကောင်းဆုံးအကြံဉာဏ်ကို တွေးကြည့်ပေမဲ့ စဉ်းစားလို့မရ။ ကိုယ်တိုင်လည်း ဒီအရိပ်ထဲကနေရုန်းထွက်ဖို့ ကြိုးစားကြည့်ပေမဲ့ ကိုယ်တိုင်မယုံကြည်ရဲပေ။ ကျောင်းတက်နေရင်း ပညာတစ်ပိုင်းတစ်စနှင့် အဆင်မပြေနိုင်။ ဒါကြောင့် စိတ်ဆင်းရဲမှုဒဏ်ကို အန်တုရင်းနေနေရတာဖြစ်သည်။

(၂)

"သမီးကြီး ကျောင်းမုန့်ဖိုးတစ်လစာယူထားနော်။ မေမေခရီးထွက်ဖြစ်ရင် သမီးကြီး အဆင်မပြေမှာစိုးလို့။ သားငယ်လေးအတွက် ကျူရှင်လခနဲ့ မုန့်ဖိုး မေမေသား ခုတင်အောက်ထားထားတယ်။ လိုတာတွေပြောနော်။ စာကြိုးစားသား။ အပေါင်းအသင်းကြည့်ပေါင်း။ သမီးငယ်လေးအတွက် မမကြီးကို ပေးထားတယ်နော်။ ကဲ. . . မေမေသွားပြီ။ အလုပ်ကိစ္စနဲ့ ပြင်ဦးလွင်မှာ ဆယ်ရက်လောက်ကြာချင်ကြာမယ်။ အိမ်ကိုလဲ ဂရုစိုက်ကြအုံး"

ပြောချင်သည်များကိုပြောပြီး ထွက်သွားသော အမေ့ကိုကြည့်၍ သူတို့မောင်နှမသုံးယောက်တိတ်ဆိတ်စွာကျန်နေခဲ့သည်။ ဒီနေ့ ကျောင်းပိတ်ရက်ဖြစ်၍ အားလုံးအိမ်မှာရှိနေသည်။ မောင်လေးက ခေါင်းခါရင်း သူ့အခန်းထဲဝင်သွားသည်။ ညီမလေးလည်း စာလုပ်မည်ဟုပြောပြီး သူ့အိပ်ခန်းထဲ ဝင်သွားတော့သည်။ ဧည့်ခန်းထဲတွင် နုဝေတစ်ယောက်တည်းကျန်ခဲ့သည်။ တစ်ယောက်တည်းငေးငိုင်နေရင်း အမေပေးသွားသော ငွေစက္ကူတစ်ထပ်ကြီးကိုကြည့်ကာ တွေဝေနေတော့သည်။

"ဒီမိန်းမအနေအထိုင်မတတ်တာပါအေ။ ယူလိုက်တဲ့ ယောကျ်ားကလဲ သုံးလေးယောက်မကဘူး။ ဒါတောင် အလုပ်အကြောင်းပြပြီး တွဲနေတဲ့သူကအများသားနော်"

"ဟုတ်ပါ့ရှင်။ သားသမီးတွေကို မကြည့်ဘူးနော်။ လူပျိုပေါက်၊ အပျိုပေါက်တွေဖြစ်နေပြီ"

"အိမ်ထောင်ဆက်များတဲ့မိန်းမကြားမကောင်းဘူးဟဲ့။ အများကလဲ အရှိသေတန်တယ်လေ။ သူ့ အနေအထိုင်ကလဲကြည့်အုံး။ စိတ်ပျက်စရာ"

"ဟုတ်ပါ့ဒေါ်ညွှန့်ရယ်"

ပတ်ဝန်းကျင်၏ပြောစကားများက နားထဲလျှံကျလာတော့ နုဝေ မျက်ရည်များအလိုလိုကျဆင်းလာသည်။ ရှက်လွန်း၍လည်း သူတို့ရှေ့ရောက်ရင် ခေါင်းမဖော်နိုင်ခဲ့။ ရှောင်၍သာသွားခဲ့သည်။ ထိပ်တိုက်တွေ့လို့ သူတို့မေးထူးခေါ်ပြောလုပ်ရင်တောင် လိပ်ပြာမလုံသလိုခံစားရ၍ စကားလမ်းကြောင်းလွှဲကာ ရှောင်ထွက်ခဲ့သည်။ အချိန်ကြာလာတော့ ပတ်ဝန်းကျင်နှင့်တောင် စိမ်းနေကြပြီဖြစ်သည်။ သာရေး၊ နာရေးကတော့ အမေက သွားသည်။ သူတို့မောင်နှမများသာ ဝေးနေကြခြင်းဖြစ်သည်။

(၃)

အမေက အိမ်ပွဲစား၊ ကျောက်ပွဲစားအကုန်လုပ်သည်။ သားသမီးသုံးယောက်ကို လိုလေသေးမရှိအောင် ရှန်းကန်လုပ်ကျွေးသည်။ မိဘတာဝန်ကျေပွန်လှသည်။ နုဝေတို့အဖေက ညီမလေးသုံးနှစ်မှာ ဆုံးသွားသည်။ တစ်နှစ်မကြာချေ။ အမေ နောက်အိမ်ထောင်ပြုသည်။ အဖေရှိစဉ်ကတည်းက ပွဲစားလောကထဲရောက်နေသည့် အမေ။ အလုပ်သဘောအရ အပေါင်းအသင်း ယောကျ်ား၊ မိန်းမပေါလှသည်။ ပတ်ဝန်းကျင်က ထင်ကြေးနှင့် အမျိုးမျိုးပြောဆိုနေကြပေမဲ့ သူတို့ငယ်ရွယ်တုန်းက ဂရုမပြုမိပေ။ ယခုလို အသက်အရွယ်ကြီးလာတော့ အမေ့ကြောင့် အရှက်ရနေသည်ဟုထင်မိသည်။ ဒုတိယအိမ်ထောင်နှင့်လည်း အမေမမြဲခဲ့ပေ။ ကုန်ကားမောင်းသမား နုဝေတို့ပထွေး အမြန်လမ်းမှာ ကားမှောက်၍ဆုံးသွားပြန်သည်။ ဒုတိယအိမ်ထောင်နှင့် အမေကလေးမရခဲ့ပေ။ နောက်နှစ်နှစ်လောက်နေတော့ အမေ တတိယအိမ်ထောင်ပြုပြန်သည်။ နုဝေဆယ်တန်းနှစ်ကဖြစ်သည်။ တစ်နှစ်မကြာ။ အမေ့ကံက ဆိုးလွန်းသည်။ တတိယအိမ်ထောင်လည်း ဦးနှောက်သွေးကြောပြတ်၍ ရုတ်တရက်ဆုံးသွားခဲ့သည်။

ယခု နုငယ် တတိယနှစ်ရောက်ပြီ။ အသက်လေးဆယ့်ငါးနှစ်သာရှိသေးသည့်အမေ။ နောက်အိမ်ထောင်ထပ်ပြုမည်ဟုပြောတော့ နုဝေရှက်မိသည်မှာ အမှန်ပင်။ ယခုတွဲနေသည့်လူက အိမ်ပွဲစား။ မုဆိုးဖိုကလေးမရှိဘူးဟု အမေပြောသည်။ ဒါပေမဲ့ နုဝေလက်မခံနိုင်ပေ။ အမေအိမ်ထောင်ထပ်မပြုတော့ပါနဲ့တော့လို့ ပြောချင်ပေမဲ့ စကားသံက အမေ့ရှေ့ရောက်လျှင် ပျောက်သွားတတ်သည်။ ရင်ထဲမှာကျိတ်ခံစားရလွန်းလို့ ငိုခဲ့ရသည့်နေ့တွေများခဲ့လေပြီ။ ယခု ပြင်ဦးလွင်သွားတာလည်း အမေယူမည့်ယောကျ်ားနှင့် အတူတူသွားကြခြင်းဖြစ်သည်။ အလုပ်ကိစ္စပြီးလို့ ပြန်လာသည်နှင့် လက်ထပ်ကြမည်ဟုပြောသွားသည်။

မောင်လေးက လူပျိုပေါက်မို့ အမေ့လုပ်ရပ်ကို အရှက်ကြီးရှက်နေပြီ။ သူ့သူငယ်ချင်းတွေကြားမှာလည်း မျက်နှာငယ်ရတယ်လို့ပြောပြီး အမြဲတမ်းရင်ဖွင့်သည်။ ညီမလေးကတော့ ငယ်သေးသည့်အရွယ်မို့ ဘာမျှသိပ်မပြော။ ခံစားရလည်းခဏပင်။ ယခုတော့ နုဝေသာ တွေးရင်းဝမ်းနည်းနေရသည်။ ကံကောင်းတယ်လို့တော့ပြောရမည်။ အမေယူသည့်နောက်အိမ်ထောင်တွေက နုငယ်တို့မောင်နှမအပေါ် သားသမီးအရင်းကဲ့သို့ ချစ်ပေးကြသည်။ တကယ့်အဖေအရင်းများလို ကြင်နာမှုပေးပေမဲ့ နုဝေတို့မောင်နှမများကသာ ခပ်တန်းတန်းနေကြသည်။ မေးထူးခေါ်ပြောပင်သိပ်မလုပ်။ အားလုံး သူ့အလုပ်သူလုပ်ရင်း အချိန်များကုန်သွားကြခြင်းဖြစ်သည်။

အမေတို့ပြန်လာလျှင် အမေ့နောက်အိမ်ထောင်က နုဝေတို့အိမ်ရောက်လာတော့မည်။ လူပျိုပေါက်မောင်လေးနှင့် ဖြစ်လာမည့်ပြဿနာများကို ကြိုတွေးရင်း နုဝေစိတ်ညစ်မိသည်။ ကျောင်းမြန်မြန်ပြီးချင်သည်။ ဘွဲ့ရသည်နှင့် ဝါသနာပါရာဆရာမလေးလုပ်ပြီး နယ်ကိုသာ အေးဆေးသွားနေချင်မိသည်။ ထိုအရာက နုဝေ၏ ဆန္ဒပင်။

(၄)

"နုဝေ ဟဲ့ နုဝေ"

ဘယ်လောက်အတွေးလွန်နေသည်မသိ။ အဝတ်လာလျှော်သည့် ဒေါ်ညိုရောက်လာမှ နုဝေအတွေးက လန့်နိုးလာခဲ့သည်။

"ဒေါ်ညိုခေါ်နေတာကြာပြီ နုဝေရယ်။ ဘာတွေတွေးနေတာလဲ"

"ဒီလိုပါပဲ ဒေါ်ညိုရယ်။ နုဝေ စိတ်ညစ်လို့ပါ"

"ဘာတွေစိတ်ညစ်နေတာလဲနုဝေရယ်။ သမီးတို့ဆို အေးအေးဆေးဆေးမပူမပင်စာသင်ရတယ်။ ပြည့်ပြည့်စုံစုံလူတမ်းစေ့နေနိုင်တယ်။ ကိုယ့်အိုးကိုယ့်အိမ်လေးနဲ့ ဘယ်လောက်ပျော်စရာကောင်းလဲ။ စိတ်ချမ်းသာစရာပါကွယ်"

စကားပြောနေတုန်း မောင်လေးက သူငယ်ချင်းအိမ်သွားမယ်ဆိုပြီး အပြင်ထွက်သွားသည်။ ဒေါ်ညိုနှင့် စကားလက်ဆုံကျကာ နုဝေခံစားရသမျှကို ရင်ဖွင့်နေတော့သည်။ နုဝေစကားကိုကြားပြီး ဒေါ်ညိုပြုံးကာ နားထောင်နေတော့သည်။

"ဘာများလဲလို့ နုဝေရယ်။ အမယ်လေး အတွေးမှားနေတာကို။ ကဲ. . . ဒေါ်ညိုပြောပြမယ်။ သေချာနားထောင်နော်။ သေချာစဉ်းစားကြားလား။ နုဝေက ပညာတတ်တက္ကသိုလ်ကျောင်းသူပါ"

"အင်းပါ အခု နုငယ် စိတ်တွေမွန်းကျပ်နေလို့ ဒေါ်ညိုဆီက နှစ်သိမ့်စကားလေးကြားရရင် ရင်ထဲနည်းနည်းပေါ့သွားမယ်လေ"

ဒေါ်ညိုက နုဝေ၏လက်ကလေးကိုဆုပ်ကိုင်ပြီး-

"ဒီမှာနုဝေ။ နုဝေတို့အမေဟာလေ အမေ့ဝတ္တရားကျေပွန်တဲ့အပြင် သမီးတို့မိသားစုကိုလဲ လိုလေသေးမရှိအောင်လုပ်ကျွေးတယ်နော်"

"ဒါပေမဲ့ဒေါ်ညိုရယ် အမေက အိမ်ထောင်ဆက်များလွန်းတယ်လေ။ ပတ်ဝန်းကျင်မေးငေါ့စရာတော့ အမြဲတမ်းဖြစ်တယ်။ ဒီလောက်ပြောနေတာကို အမေ မဆင်ခြင်ဘူးနော်"

"ဩော်. . . နုဝေရယ် ဒါက ကံစီမံရာလေ။ နုဝေအမေက အိမ်ထောင်ဆက်များပေမဲ့ သူများမယားရှိယောကျ်ားကိုယူတာမဟုတ်ဘူး။ ယောကျ်ားရှိပြီးဖောက်ပြန်တာမဟုတ်ဘူး။ ယောကျ်ားသေပြီးမှ လွတ်လွတ်ကင်းကင်းအိမ်ထောင်ထူတာလေကွယ်။ မိန်းမသားဆိုတာ အားကိုးရှာတာသမီး။ အရွယ်ငယ်သေးတယ်လေ"

"ဒါပေမဲ့ဒေါ်ညို သမီးကတော့ရှက်တယ်။ တစ်ယောက်ပြီးတစ်ယောက်ယူနေတာ"

"ဟောတော် သမီးအမေအိမ်ထောင်ရေးက ကံစီမံရာလေ။ လင်မယားရန်ဖြစ်ပြီး မကွဲဘူး။ ဖောက်ပြန်ကြပြီး ရှုံးရောက်၊ ဂါတ်ရောက်အရှက်ကွဲကြတာမဟုတ်ဘူး။ ရှေးဘဝကုသိုလ်ကံကြောင့် အကြောင်းမလှလို့ကားမတော်တဆဖြစ်တာ၊ ရောဂါကြောင့် ဆုံးကုန်တာလေ။ သမီးစဉ်းစားကြည့် သမီးတို့အမေ နောက်အိမ်ထောင်ထူတယ်။ သမီးတို့ရှေ့မှာ လင်မယားရန်ဖြစ်တာမြင်ဖူးလား"

ဒေါ်ညို့စကားကြောင့် နုဝေငိုင်သွားသည်။ ဟုတ်တော့ဟုတ်သည်။ အမေနှင့် နောက်အိမ်ထောင်တွေ စကားများရန်ဖြစ်သံကို နုဝေ ယခုထိ မကြားဖူးပေ။ နုဝေတို့ကွယ်ရာမှာဆိုမပြောတတ်။ အမေကိုယ်တိုင်လည်း အိမ်ထောင်ရေးသာယာအောင် နေတတ်ထိုင်တတ်တာလည်းပါမည်။ အမေ့အိမ်ထောင်ဖက်များကလည်း အမေ့အပေါ် နားလည်ကြတာလည်းပါမည်။ စကားများရန်ဖြစ်တာမကြားရချေ။ အမေကိုယ်တိုင်က အိမ်ထောင်ဖက်များဖို့ကံပါလာတာလို့ တွေးမိပြန်သည်။

စာမျက်နှာ ၂၅သို့ ➤

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာဧက ၈၁၅၀ စိုက်ပျိုးပြီးစီး



**ထီးချိုင့် ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆောင်းနေကြာဧက ၈၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မိုးမိုးဝင်းက ပြောပြ၍ သိရသည်။

ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာ ၁၉၉၄၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၈၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ်မှာ နေကြာသီးနှံကို မိုးရာသီမှာ သိပ်မစိုက်ကြဘူး။ ဆောင်းရာသီမှာပဲ အဓိကထားစိုက်ပျိုးကြတယ်။ ဒီနှစ်ဆောင်းရာသီမှာ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးဖို့လျာထားတယ်။ ဒီနှစ် ဆောင်းနေကြာဧက ၁၀၀၀၀ စိုက်ပျိုးဖို့လျာထားတယ်။ မနှစ်ကထက် ၅၇၇ ဧက တိုးချဲ့စိုက်ပျိုးဖို့လျာထားတယ်။ ကနေ့ထိ ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးပြီ"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မိုးမိုးဝင်းက ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံနေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်ရန်၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာအကျိုးရှိစွာသုံးစွဲနည်းများ၊ ပိုးမွှားရောဂါကာကွယ်နည်းစနစ်များ၊ နေကြာသီးနှံရိတ်သိမ်းချိန်တွင် အထွက်နှုန်း အလေအလွင့်မရှိစေရေးအတွက် ရိတ်သိမ်းနည်းစနစ်များကို ပံ့ပိုးပေးကာ မျိုးစေ့ထုတ်ကွက်အဖြစ် စိုက်ပျိုးဆောင်ရွက်ရမည့်နည်းပညာရပ်များကိုလည်း ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

## ဆောင်း

\- ဆီးတဖြောက်ဖြောက်ရယ်နဲ့
ရွက်ခြောက်ကယ်ပေါင်းလန်
တောက်တောက်နှယ်ညံသည်
မြိုင်ယံမှာ အနေခက်ရှာလိမ့်
ရက်လရေနှစ်တွေပြောင်းပါလို့
ညောင်းခဲ့ပြီလေး။

\- တောတစ်လျှောက်နယ်စုံ
ကြင့်သည်းအုံ့ရယ်
သူပုန်ဓလေ့
လမ်းမှားကိုသူမွေ့၍
ပျိုမေ့ချစ်သူမောင်
တောတွင်းရှောင်ကာ
အမှောင်ကိုပင်
လမ်းအမှန်ကောင်းဟန်ထင်လို့
အလင်းဆီဌာနီပြန်ခဲ့ပါ
ဟေမန်တွင်းသီခါကို
စက်မွေ့ယာတစ်ကိုယ်ဆွေးနှင့်
နွေးရမယ်လေး။ ။

**ကမ္ဘာ့ဇမော်သန်း**

➤ စာမျက်နှာ ၂၄မှအဆက်

"ဟုတ်တော့ဟုတ်တယ်ဒေါ်ညို။ အမေ စကားများ ရန်ဖြစ်တယ်ဆိုတာ မရှိသလောက်ပဲ။ သမီးတို့ကွယ်ရာမှာပဲ သိုသိုသိပ်သိပ်ဖြေရှင်းကြတာနေမယ်။ သမီးတို့ရှေ့မှာဆို အမြဲတမ်းရယ်ရယ်မောမောနဲ့ ပျော်နေကြတာပဲ"

"အေးလေ စဉ်းစားကြည့်လေ။ သမီးအမေရဲ့နောက်အိမ်ထောင်တွေက ပထွေးဆိုပြီး သမီးတို့ကို မောက်မာရိုင်းစိုင်းပြီး နှိမ်သလားသမီး။ တချို့ နောက်အိမ်ထောင်ထူကြပေမဲ့ ကံမကောင်းကြဘူး။ အားကိုးချင်လို့ယူတာ ပိုပြီးဒုက္ခရောက်ကြတယ်။ သူတို့သားသမီးတွေ ပထွေးနှိပ်စက်တာခံကြရတယ်လေ။ သမီးအမေက ဦးနှောက်နဲ့ ရွေးချယ်တတ်လို့ ဒုက္ခမရောက်တာပေါ့။ သမီးအမေက တော်တာသမီးရဲ့"

ဒေါ်ညိုပြောပြနေသည်မှာ မှန်ကန်နေပြီး အမေ့ကို နားလည်ပေးနိုင်တာကြောင့် ညီမလေးပါ စိတ်ဝင်စားစွာဖြင့် အိပ်ခန်းထဲကထွက်လာပြီး နားထောင်နေတော့သည်။

"ပတ်ဝန်းကျင်ပဲသမီးရယ်။ ပြောကြမှာပဲ။ လူ့ပါးစပ်ပဲ ပိတ်ထားလို့မှ မရတာ။ မဟုတ်တာကော၊ ဟုတ်တာပါ။ သမီးတို့က အမေ့အကြောင်း ပိုအသိဆုံး။ ကိုယ့်အိမ်အကြောင်း ကိုယ်အသိဆုံး ချင့်ချိန်ယုံရမှာပေါ့။ တချို့က မနာလိုလို့ပြောမယ်။ သမီးတို့ကို စိတ်ပူလို့လဲပြောမယ်။ အမျိုးမျိုးပေါ့။ ဒါပေမဲ့ သမီးအမေက မှန်နေတဲ့သူလေ ရဲရဲတင်းတင်းသွားရဲတယ်။ သာရေး၊ နာရေး ထိပ်ဆုံးကပဲ။ ပွဲစားဆိုတာကတော့ လူပေါင်းစုံပေါင်းရတာပဲ။ အထင်နဲ့ ရမ်းတုတ်တာကတော့ ပွဲစားလောကတင်မကဘူး။ နေရာတိုင်းရှိတယ်"

သူ့စကားကို ညီအစ်မနှစ်ယောက်စလုံး စိတ်ဝင်စားစွာနားထောင်နေကြ၍ ဒေါ်ညိုမရပ်ဘဲ ဆက်ပြောတော့သည်။

"တကယ်က ကိုယ်မှန်နေရင် ဘာမှရှင်းပြနေစရာမလိုဘူးလေ။ အချိန်တန်ရင်ငြိမ်သွားမှာပဲ။ အမှန်တရားက ကိုယ်အသိဆုံးလေ။ အိမ်ထောင်ဆက်များတာနဲ့ပဲ လူ့လောကကြီးမှာ မရှင်သန်ရတော့ဘူးလား။ လူတိုင်းက အမှားမကင်းပါဘူး။ ဒါပေမဲ့ ကိုယ်မှားတဲ့အမှားက သူတစ်ပါးဒုက္ခမရောက်ရင်ပြီးတာပဲလေ။ ယခု သမီးတို့တွေးနေတာက သမီးတို့အမေကို လုံးဝတန်ဖိုးမရှိတော့ဘူးဆိုတဲ့ အတွေးတွေနေကြတာကွယ်။ သေချာစဉ်းစားပါသမီး"

ဒေါ်ညို့စကားကြောင့် ညီအစ်မနှစ်ယောက်ပြုံးပြီး ခေါင်းညိတ်နေကြတော့သည်။ အမေ့အပေါ်မှာ အထင်မှားနေသည့်အတွေးကြီးက ဝိန်းကြာရွက်ပေါ် ရေမတင်သလို ဘာတစ်ခုမျှမရှိတော့ပေ။ ရုတ်တရက် မျက်နှာမသာမယာနှင့်ဝင်လာသောမောင်လေးကိုကြည့်ပြီး သူတို့အာရုံက မောင်လေးအနားရောက်သွားတော့သည်။

"ဟဲ့ နင်ဘာဖြစ်လာတာလဲမောင်လေးရ။ မျက်နှာလဲမကောင်းဘူး။ ရန်ဖြစ်လာတာလား"

"မဟုတ်ပါဘူးမကြီးရာ အိမ်မှာစိတ်ညစ်လို့ သူငယ်ချင်းအိမ်သွားပါတယ်ဆို သူ့အိမ်ရောက်မှ ပို စိတ်ညစ်ရတော့တယ်"

"ဟဲ့ ဘာဖြစ်လို့လဲ"

"သူရအမေ သိတယ်မို့လား။ နောက်ယောကျ်ားယူတာ မလွတ်ကင်းတဲ့အိမ်ထောင်သည်ကြီးဖြစ်နေလို့ ဟိုမယားကြီးက သူတို့အိမ်ရှေ့လာပြီး သောင်းကျန်းတာဗျာ။ ရှက်စရာကောင်းလိုက်တာ။ သူရကတော့ ငိုပြီးကျန်ခဲ့တယ်။ ကျွန်တော်လဲ မျက်နှာပူလို့ ပြန်လာခဲ့တယ်။ တရားတောင်စွဲမယ်တဲ့ အော်သံကြားခဲ့တယ်"

"ဟယ်"

မောင်လေးက ခေါင်းကုတ်ပြီးဝင်သွားသည်။ ဒေါ်ညိုက သူတို့ညီအစ်မကို အဓိပ္ပာယ်ပါပါနှင့်ပြုံးပြပြီး အဝတ်လျှော်ရန် ထွက်သွားတော့သည်။ သူတို့ညီအစ်မနှစ်ယောက် အတွေးကိုယ်စီနှင့်ကျန်ခဲ့တော့သည်။

(၅)

ညီမလေးစာလုပ်ဖို့ သူ့အိပ်ခန်းထဲဝင်သွားတော့ နုဝေ ခြံလေးထဲဆင်းလာခဲ့သည်။ မောင်လေးလဲ အပြင်ထွက်လာပြီး မနေ့က ခလုတ်တိုက်မိ၍ ကျကွဲသွားသည့်ပန်းအိုးလေးအလှဆင်နေသည်ကိုတွေ့ရသည်။ ကွဲအက်သွားပေမဲ့ မလွှင့်ပစ်ချင်ဘူးပြောသည်။ သူလက်ဆောင်ရထားသည့်ပန်းအိုးလေးမို့ အမြတ်တနိုးတန်ဖိုးထားပုံပေါက်သည်။ တစ်ခြမ်းလုံးကြွေကျသွားသည့် ပန်းအိုးအကွဲစလေးများကို မြေကြီးအနည်းငယ်နှင့်လှပအောင်ပုံဖော်ပြီး မူလနေရာမှာပြန်ထားကာ အမြတ်တနိုးကြည့်နေသော မောင်လေးကိုကြည့်ပြီး နုဝေပျော်မိသည်။ ယခင်လို အကောင်းအတိုင်းမဖြစ်ပေမဲ့ သူ့တန်ဖိုးကတော့ မူလနေရာမှာ ခံ့ညားစွာတည်ရှိနေသည်။ ခုံတန်းလျားလေးပေါ် ထိုင်ကာ နုဝေ အမေ့အကြောင်းတွေးပြီးပြုံးလိုက်မိသည်။ ကံအကြောင်းမလှခဲ့လို့ အများပြောစရာအိမ်ထောင်ဆက်များခဲ့သည့်အမေ။ ပြစ်ချက်လေးတွေများခဲ့သည်။ အားကိုးရှာတာဆိုသည့်လုံလောက်တဲ့အကြောင်းပြချက်များနှင့် အိမ်ထောင်ဖက်ကောင်းများရခဲ့ပေမဲ့ မမြဲခဲ့ချေ။ ဇာတ်ဆရာအလိုကျ ဖန်တီးခြင်းခံခဲ့ရသည်။ တစ်ဆက်ကနေ နှစ်ဆက်၊ သုံးဆက်ဖြစ်လာတော့ အများပြောစရာအက်ကြောင်းလေးများထပ်လာတော့သည်။ အများမေးငေါ့စရာဖြစ်ခဲ့သည်။ ချိုးနှိမ်စရာဖြစ်ခဲ့ပေမဲ့ ပတ်ဝန်းကျင်မှာ အမေခေါင်းမော့နေနိုင်ခဲ့သည်။ လိပ်ပြာသန့်သန့်နေနိုင်ခဲ့သည်။ သားသမီးများအတွက်။ အားကိုးစရာသူ့အတွက် ဖန်တီးခဲ့သည့်အရာလေးများက အများအမြင်မတင့်တယ်ခဲ့ပေမဲ့ သူတို့အတွက် တန်ဖိုးကတော့ အဖိုးမဖြတ်နိုင်သည့် အမေ့မေတ္တာ၊ စေတနာများဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းမွန်စွာနှင့် လျှောက်လှမ်းနေသည့်အမေ့ခြေလှမ်းများက နုဝေတို့မောင်နှမများအတွက် တန်ဖိုးဖြတ်၍မရသည့်အရာများပင်ဖြစ်သည်။ စိတ်ညစ်နေသည့်မောင်လေးတောင် ကျူရှင်သွားဖို့ပြင်နေပြီ။ အမေဝယ်ပေးထားသည့် ကျောပိုးလွယ်အိတ်ကလေး ယခုမှ ယူသုံးသည်ကိုတွေ့ရသည်။ အမေ့ကို စိတ်ဆိုးနေတာ ပြေသွားတာဖြစ်ပေလိမ့်မည်။

# ပူတာအိုခရိုင်၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ကွန်ပျူတာအခြေခံသင်တန်းဖွင့်

**ပူတာအို ဒီဇင်ဘာ ၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ကွန်ပျူတာအခြေခံသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၁၁ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်က ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် Computerize System ဖြင့် ကောင်းမွန်စွာအသုံးပြုနိုင်ရန်နှင့် လုပ်ငန်းခွင် ကျွမ်းကျင်မှုရှိစေရန်အတွက် ယခုဘဏ္ဍာနှစ်တွင် ဝန်ထမ်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖြစ်သည့် ကွန်ပျူတာအခြေခံသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတက်ရောက်ကြသည့် သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူတာအို၊ မချမ်းဘော၊ ဆွမ်ပရာဘွမ်၊ နောင်မွန်းနှင့် ခေါင်လန်ဖူးမြို့နယ်တို့မှ ဝန်ထမ်းစုစုပေါင်း ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာများက ဒီဇင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၂၇ ရက်ထိ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်ထံမှ သိရသည်။

**ချစ်ဦးကို**



# ပါကစ္စတန်ရေဘေးသင့်ပြည်သူများကို ဂျပန်နိုင်ငံက ကန်ဒေါ်လာ ၃၈ ဒသမ ၉ သန်းပံ့ပိုးမည်



**အစ္စလာမ်မာဘာတ် ဒီဇင်ဘာ ၈**

ဂျပန်အစိုးရက ပါကစ္စတန် ရေဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားရေး အကူအညီအဖြစ် နိုင်ငံ၏ဖြည့်စွက်ဘတ်ဂျက်မှ အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၉ သန်း ပံ့ပိုးမည့် အစီအစဉ်ကို ပါကစ္စတန်နိုင်ငံဆိုင်ရာဂျပန်သံရုံးက ကြေညာခဲ့ကြောင်း Samaa English သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဂျပန်အစိုးရသည် ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သော WHO၊ UNFPA၊ FAO၊ UNDP၊ UNICEF၊ WFP၊ UNWOMAN၊ UNHCR၊ IPPE တို့နှင့် ပူးပေါင်း၍ ပါကစ္စတန်နိုင်ငံ Sindh၊ Khyber Pakhtunkhwa၊ Balochistan ပြည်နယ်တို့ရှိ ရေလွှမ်းမိုးမှုကြောင့် လူမှုရေး၊ စီးပွားရေးဆိုင်ရာ ကဏ္ဍအသီးသီးတွင် ထိခိုက်ခံစားခဲ့ရသူများကို ပံ့ပိုးကူညီသွားမည်ဟု ပါကစ္စတန်နိုင်ငံဆိုင်ရာ ဂျပန်သံရုံးက ဒီဇင်ဘာ ၇ ရက်က ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပံ့ပိုးငွေမှ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၂ သန်းကို အရေးပေါ် ဆေးဝါးအကူအညီ၊ အစားအစာဖြန့်ဖြူးပေးရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများပြန်လည်ထူထောင်ရေး၊ အသက်မွေးဝမ်းကျောင်းနှင့် ကျား၊ မရေးရာအခြေခံ ကိစ္စရပ်များနှင့် အကြမ်းဖက်မှု လျော့ပါးရေးတို့ဖြန့်မှုလုပ်ငန်းများအတွက်ပံ့ပိုးသွားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်းကို ကျန်းမာရေး၊ ပညာရေးနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး လုပ်ငန်းများအတွက် ပံ့ပိုးသွားမည်ဖြစ်ကာ ထိခိုက်ခံစားခဲ့ရသူများထံ အမြန်ဆုံးရောက်ရှိရေး လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင်စတင်ပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် ယခုနှစ်အတွင်း ပါကစ္စတန်ရေကြီးမှုအတွက် အရေးပေါ်လုပ်ငန်းများ လက်ငင်းဖြေရှင်းဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာ ၇ သန်းကို ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံအနေဖြင့် ပါကစ္စတန်နိုင်ငံနှင့်ကဏ္ဍအသီးသီးတွင် ကာလရှည်လက်တွဲဆောင်ရွက်လျက်ရှိပြီး လက်ရှိဖြစ်ပေါ်နေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကို ကျော်လွှားနိုင်ရေး ပါကစ္စတန်ပြည်သူများကို ပံ့ပိုးကူညီရန် အသင့်ရှိသည်ဟု သံရုံးကြေညာချက်တွင် ဖော်ပြထားကြောင်း သိရသည်။ AZH

# ဗီယက်နမ်နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးကြိုးပမ်းမှုကို ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ချီးကျူး

**ရောမ ဒီဇင်ဘာ ၈**

ဗီယက်နမ်နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် ဆင်းရဲမှုလျှော့ချရေးအာမခံချက်နှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အောင်မြင်မှုအပေါ် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ချီးကျူးခဲ့ကြောင်း VietnamPlus သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် အကူအညီလက်ခံသည့်နိုင်ငံအဖြစ်မှ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် ဆန်နှင့် လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချသည့် နိုင်ငံအဖြစ် ပြောင်းလဲသွားကြောင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံရေးနှင့်ပတ်သက်သည့် ဗီယက်နမ်နိုင်ငံ၏ ကြိုးပမ်းမှုများနှင့်ပတ်သက်၍ အီတလီနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး Duong Hai Hung နှင့် WFP ၏ အမှုဆောင်ဒါရိုက်တာ David Beasley တို့ ရောမမြို့၌ ဒီဇင်ဘာ ၇ ရက်ကတွေ့ဆုံစဉ် ချီးကျူးပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံစဉ် ဗီယက်နမ်နိုင်ငံအနေဖြင့် ကမ္ဘာပေါ်ရှိ စစ်ပွဲများနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး စိန်ခေါ်မှုများကို ကြီးမားစွာရင်ဆိုင်နေရသော မဖွံ့ဖြိုးသေးသည့်နိုင်ငံများအတွက် နည်းပညာအကူအညီများပေးရန်နှင့် ၎င်း၏ အတွေ့အကြုံများကိုမျှဝေပေးရန် WFP အကြီးအကဲက အကြံပြုခဲ့ကြောင်း သိရသည်။

အရှေ့တောင်အာရှဒေသတွင် ၁၉၈၀ ပြည့်နှစ်များအတွင်း စားနပ်ရိက္ခာပြတ်လပ်မှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် ဗီယက်နမ်နိုင်ငံကို WFP ၏ ပံ့ပိုးကူညီမှုနှင့် ပတ်သက်၍ ဗီယက်နမ်သံအမတ်ကြီးက ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပြီး ၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဆင်းရဲမှုလျှော့ချရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကိုဖြည့်ဆည်းရေး အစီအစဉ်များတွင် အခြားကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည့် ဗီယက်နမ်နိုင်ငံ၏ကတိကဝတ်ကို ထပ်လောင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် အရေးပေါ်ကယ်ဆယ်ရေးအတွက် ပံ့ပိုးကူညီမှု၊ အတွေ့အကြုံနှင့်အသိပညာမျှဝေမှု၊ မဖွံ့ဖြိုးသေးသောနိုင်ငံများသို့ နည်းပညာအကူအညီများပံ့ပိုးပေးမည့်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အလားအလာများကို နှစ်ဖက်ဆက်လက်ဆွေးနွေးသင့်သည်ဟု Duong Hai Hung က ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။ AZH

# အီသီယိုးပီးယားနိုင်ငံတွင် မိုးခေါင်ရေရှားပါးမှုကြောင့် ပညာရေးအဆက်ပြတ်သည့်ကျောင်းသားဦးရေ မြင့်တက်လျက်ရှိ

**အာဒစ်အာဘာဘာ ဒီဇင်ဘာ ၈**

အီသီယိုးပီးယားနိုင်ငံတွင် မိုးခေါင်ရေရှားပါးမှုဖြင့် ဆိုးရွားစွာရင်ဆိုင်နေရပြီး အငတ်ဘေးဒုက္ခဖြင့် ကြုံတွေ့လာရသည့်အတွက် ကျောင်းသား၊ ကျောင်းသူကလေးငယ်များ အတန်းပညာများဆက်လက်သင်ကြားရန် အခက်အခဲရှိလာကာ ပညာရေးအဆက်ပြတ်သည့် ကျောင်းသား၊ ကျောင်းသူဦးရေ မြင့်တက်လျက်ရှိကြောင်း နယူးယောက်မြို့တွင် အခြေစိုက်သည့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)က ထုတ်ပြန်ခဲ့ကြောင်း Africa News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

လက်ရှိ အီသီယိုးပီးယားနိုင်ငံတွင် ပညာရေးအဆက်ပြတ်နေသည့် ကျောင်းသား၊ ကျောင်းသူ ၃ ဒသမ ၁ သန်းထိရှိနေပြီး ယခုနှစ်အတွင်း မိုးခေါင်ရေရှားပါးမှု ပြဿနာကြောင့် ပညာရေးအဆက်ပြတ်သွားသည့် ကျောင်းသား၊ ကျောင်းသူ ၃ ဒသမ ၆ သန်းထိ မြင့်တက်လာကြောင်း UNICEF က ထုတ်ပြန်ခဲ့သည်။



အီသီယိုးပီးယားနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းကလည်း မိုးခေါင်ရေရှားပါးမှုပြဿနာကြောင့် စားဝတ်နေရေး ကျပ်တည်းကာ ကျောင်းထွက်လိုက်ရသည့် ကျောင်းသား၊ ကျောင်းသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုမလုပ်ပေးနိုင်သည့်အတွက် နိုင်ငံတကာ၏အကူအညီ လိုအပ်နေကြောင်း၊ လူသားချင်းစာနာထောက်ထားမှုအစီအစဉ်ဖြင့် အင်အားကြီးနိုင်ငံများထံသို့လည်း UNICEF က အကူအညီတောင်းခံပေးထားကြောင်း သိရသည်။

မိုးခေါင်ရေရှားပါးမှုပြဿနာသည် မည်သည့်ကာလထိကြာမြင့်မည်ကို ခန့်မှန်းနိုင်ခြင်းမရှိသေးဘဲ လက်ရှိရင်ဆိုင်နေရသည့် မိုးခေါင်ရေရှားပါးမှုပြဿနာသည် ဆယ်စုနှစ်လေးစုအတွင်း အဆိုးရွားဆုံးသော မိုးခေါင်ရေရှားပါးမှုအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း UNICEF က ထုတ်ပြန်ခဲ့သည်။

နိုင်းဆက်

# အနောက်ဂျာဗားကျွန်းတွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွား

**ဂျကာတာ ဒီဇင်ဘာ ၈**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားကျွန်းတွင် ဒီဇင်ဘာ ၇ ရက်က ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း အင်ဒိုနီးရှား မိုးလေဝသ၊ ဇလဗေဒနှင့်ဘူမိရူပအေဂျင်စီ (BMKG) က ထုတ်ပြန်ခဲ့သည်ဟု ST သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြေငလျင်သည် စီအန်ဂျာမြို့နှင့် ၁၅ ကီလိုမီတာဝေးကွာသည့် ဧရိယာတွင် ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြေငလျင်လှိုင်းသည် ဂျကာတာမြို့ထိ ရောက်ရှိခဲ့ကြောင်း၊ မြေငလျင်ကြောင့် ဒေသခံများအထိတ်တလန့်ဖြစ်ခဲ့ရပြီး အမိုးအကာလွတ်ကင်းသည့်ဧရိယာများသို့ ယာယီတိမ်းရှောင်ခဲ့ရကြောင်း၊ မြေငလျင်ပြင်းအားများခဲ့သော်လည်း မြေငလျင်နောက်ဆက်တွဲ ဆူနာမီလှိုင်းဝင်ရောက်လာဖွယ် မရှိကြောင်း BMKG အေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"ဒီဇင်ဘာ ၇ ရက်က ဆူကာဘူမိနဲ့ စီအန်ဂျာမြို့အနီးမှာပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိတဲ့ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ မြေငလျင်နောက်ဆက်တွဲဆူနာမီလှိုင်းဝင်ရောက်ဖွယ်မရှိပါဘူး။ မြေငလျင်နောက်ဆက်တွဲပြဿနာ ဖြစ်ပေါ်လာနိုင်ခြေကိုတော့ ဆက်လက်စောင့်ကြည့်နေပါတယ်"ဟု အင်ဒိုနီးရှား မိုးလေဝသ၊ ဇလဗေဒနှင့် ဘူမိရူပအေဂျင်စီ(BMKG) က ထုတ်ပြန်ခဲ့သည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် ဒေသခံများ အထိတ်တလန့်ဖြစ်ခဲ့ရသော်လည်း မြေငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း၊ ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုမရှိခဲ့သော်လည်း အသေးစားပျက်စီးမှုများရှိခဲ့ကြောင်း၊ အနောက်ဂျာဗားကျွန်းတွင် ပြီးခဲ့သော နိုဝင်ဘာလကလည်း မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး လူဦးရေ ၃၀၀ ထက်မနည်း သေဆုံးခဲ့သည်ဖြစ်စဉ် ဖြစ်ပွားခဲ့သည့်အတွက် ဒေသခံများမှာ ဒီဇင်ဘာ ၇ ရက်က လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် စိုးရိမ်ပူပန်ခဲ့ရကြောင်း သိရသည်။

နိုင်းဆက်

# ဗီယက်နမ်နိုင်ငံအလယ်ပိုင်းတွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံငါးဦးသေဆုံး

**ဟနွိုင်း ဒီဇင်ဘာ ၈**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် ဒီဇင်ဘာ ၅ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများဖြစ်ပေါ်နေပြီး ရေကြီးရေလျှံမှုကြောင့် ဒီဇင်ဘာ ၆ ရက် ညနေ ၅ နာရီက ကမ်တို့မြို့တွင် ဒေသခံငါးဦးသေဆုံးခဲ့ကြောင်း ဗီယက်နမ်အမျိုးသားသဘာဝဘေးအန္တရာယ် ကာကွယ်ထိန်းချုပ်ရေး ဦးဆောင်ကော်မတီက ထုတ်ပြန်သွားခဲ့သည်ဟု VNP သတင်းဌာနက ဒီဇင်ဘာ ၇ ရက်က ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုပြဿနာဖြင့် ဆိုးရွားစွာရင်ဆိုင်နေရသည့်ဧရိယာများမှာ ကွင်ထရိုင်စီရင်စုနှင့် ဟူစီရင်စုတို့ဖြစ်ပြီး ဟူစီရင်စုရှိ သူသင်ခရိုင်တွင် လူနေအိမ် ၂၉၀၃ လုံးထိရေမြုပ်နေကြောင်းဗီယက်နမ်အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်ထိန်းချုပ်ရေး ဦးဆောင်ကော်မတီက အတည်ပြုထုတ်ပြန်ခဲ့သည်။

ထို့ပြင် ကွင်နမ်စီရင်စုတွင်လည်း ရေဘေးအန္တရာယ်ကြောင့် စပါးစိုက်ခင်း ၁၀ ဟက်တာနှင့် ကောက်ပဲသီးနှံစိုက်ခင်း ဟက်တာ ၆၂၀ ပျက်စီးခဲ့ကြောင်း၊ ဗီယက်နမ်တောင်ဘက်ပိုင်း ဗင်လောင်းစီရင်စုရှိ မြစ်ကမ်းတစ်လျှောက်တွင်လည်း ရေဘေးအန္တရာယ်ဆိုးရွားစွာဖြစ်ပေါ်နေပြီး လူနေအိမ် ၁၁ လုံးနှင့် အခြားသော အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် တန်ကြေးပမာဏဗီယက်နမ်ဒေါင် ခုနစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၉၄၀၀၀) ထိရှိခဲ့ကြောင်း ဗီယက်နမ်အမျိုးသားသဘာဝဘေးအန္တရာယ် ကာကွယ်ထိန်းချုပ်ရေး ဦးဆောင်ကော်မတီက ထုတ်ပြန်ခဲ့သည်။

8A အမျိုးသားအဝေးပြေးလမ်းမကြီးတွင်လည်း ရေကြီးရေလျှံမှုကြောင့်မြေပြိုကျမှုဖြစ်ပေါ်ကာ လမ်းပိတ်ဆို့မှုဖြစ်ပေါ်နေပြီး အသွားအလာပိတ်ထားရကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ အဓိကကျသည့်အတွက် ပြိုကျနေသည့်မြေစာများကို ရှင်းလင်းရေးလုပ်ငန်းများ ဦးစားပေးလုပ်ဆောင်နေကြောင်း ဗီယက်နမ် အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်ထိန်းချုပ်ရေးဦးဆောင်ကော်မတီက ထုတ်ပြန်ခဲ့သည်။

နိုင်းဆက်

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# လွယ်ဂျယ်နှင့် ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုက နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၆ ဒသမ ၀၇၆ သန်းဖိုးဆောင်ရွက်နိုင်ခဲ့




**မြစ်ကြီးနား ဒီဇင်ဘာ ၈**

ကချင်ပြည်နယ် လွယ်ဂျယ်နှင့် ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုက ယခုနှစ် နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၇၆ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း မနောမြေကုန်သွယ်မှုဇုံဌာန၏ သတင်းများအရ သိရသည်။

ကချင်ပြည်နယ် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းတို့က ယခုနှစ် နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၆ ဒသမ ၀၇၆ သန်းဖိုးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းက ပို့ကုန်အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၂၁ သန်းဖိုး၊ သွင်းကုန်အမေရိကန်ဒေါ်လာသုည ဒသမ ၂၇ သန်းဖိုး စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၉၁ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ အဆိုပါကာလအတွင်း ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းကလည်း ပို့ကုန်အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၄၆ သန်းဖိုး၊ သွင်းကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃၉ သန်းဖိုး စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၈၅ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းတို့မှ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် တစ်သျှူး ၄က်ပျော၊ ကြံ၊ ဆန်၊ ရော်ဘာ၊ ပြောင်း၊ နှမ်းနက်၊ မြေပဲ(အခွံပါ)၊ ဖရဲသီးနှင့် ဆန်ကွဲများကို တင်ပို့ရောင်းချပေးခဲ့ပြီး သွင်းကုန်ပစ္စည်းများအနေဖြင့် ချည်ထည်များ၊ စက်နှင့် စက်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ လယ်ထွန်စက်များ၊ ဓာတုဗေဒချည်ခင်များ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ ဒီဇယ်အင်ဂျင်များ၊ ကားတာယာ၊ သံပိုက်၊ မြက်ခင်းတုနှင့် အခြားပစ္စည်းများကို တင်သွင်းခဲ့ကြောင်း သိရသည်။

**ချမ်း ချမ်း**

# ညောင်ရွှေမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ညောင်ရွှေ ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နန်းပန်-သရက်ပင်-ဓာတ်တော်ရေဦးကျေးရွာချင်းဆက်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ကြီးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်ကိုကိုစိုး၊ ညောင်ရွှေမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်သဇင်မြင့်(အငယ်တန်းအင်ဂျင်နီယာ-၂)နှင့် တင်ဒါအောင်မြင်သည့် ရွှေလမ်းဆုံကုမ္ပဏီမှ တာဝန်ရှိသူများက နန်းပန်-သရက်ပင်-ဓာတ်တော်ရေဦးကျေးရွာချင်းဆက်လမ်း မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော ရွှေလမ်းဆုံကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြရာ ခရိုင်ဦးစီးမှူး ဦးဟန်ကိုကိုစိုးက သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

နန်းပန်-သရက်ပင်-ဓာတ်တော်ရေဦးကျေးရွာချင်းဆက်လမ်း လမ်းအရှည် ၆ ဒသမ ၃ ဖာလုံကို အကျယ်ပေ ၁၀၊ အမြင့် လေးလက်မ မြေသားခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်မူလငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၂၇ ဒသမ ၀၆၃ သန်းဖြင့် ရွှေလမ်းဆုံကုမ္ပဏီက ဇူလိုင်လ တတိယပတ်မှစတင်၍ တာဝန်ယူဆောင်ရွက်ရှိရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တောင်ကြီးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်ကိုကိုစိုးထံမှ သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**

# ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေထဲက နောက်တစ်ဆင့်တက်ဖို့ကြိုးစားလာမဲ့ အာဂျင်တီးနားအသင်းနဲ့ ပေါ်တူဂီအသင်းတို့ကို ရွေးချယ်ရမှာပါ

ML




လက်ရှိကျင်းပနေတဲ့ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲဟာ ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်တွေ ပြီးဆုံးခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်ကိုရောက်ရှိခဲ့တာကြောင့် အကြိတ်အနယ်ရှိလာတာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ ၁၆ သင်း ရှုံးထွက်အဆင့်မှာတော့ ပရိသတ်တွေမျှော်လင့်ထားတဲ့ အသင်းကြီးတွေဖြစ်တဲ့ ဘရာဇီး၊ အာဂျင်တီးနား၊ ပြင်သစ်၊ ပေါ်တူဂီ၊ အင်္ဂလန်၊ နယ်သာလန်၊ ခရိုအေးရှားတို့ နောက်တစ်ဆင့်တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ နာမည်ကြီး စပိန်အသင်းကတော့ မော်ရိုကိုအသင်းကို ရှုံးနိမ့်ခဲ့လို့ ၁၆ သင်းအဆင့်ကနေ လှည့်ပြန်ခဲ့ရတာကို တွေ့ရမှာပါ။ အခုတစ်ပတ် စနေနေ့မှာလဲ လက်ရှိကစားကွက်အခင်းအကျင်းနဲ့ ကစားသမားစုဖွဲ့မှုကောင်းတဲ့ အသင်းတွေကိုသာ အဓိကရွေးချယ်သွားမှာဖြစ်ပါတယ်။

### အာဂျင်တီးနားအသင်းကို ရွေးချယ်ရမှာပါ

စနေနေ့မှာကစားမဲ့ ကမ္ဘာ့ဖလားကွာတားဖိုင်နယ်ပွဲစဉ်ထဲက အကြိုက်တွေ့မိတာကတော့ နယ်သာလန်အသင်းနဲ့ အာဂျင်တီးနားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နယ်သာလန်အသင်းဟာ အုပ်စုဗိုလ်နဲ့ ၁၆ သင်းအဆင့် တက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာတော့ နည်းပြ ဗန်ဟားက ၃-၄-၁-၂ ကစားကွက်ကိုသာအသုံးပြုခဲ့ပြီး တိုက်စစ်ပိုင်းမှာ ဒီပေး၊ ဂက်ပို၊ နောက်ချန်တိုက်စစ်အဖြစ် ကလာဆန်၊ ကွင်းလယ်ကစားသမားတွေအဖြစ် ဒါလေဘလိုင်း၊ ဒီဂျောင်း၊ ဘားဂစ်နဲ့ ဒမ်ဖရိုင်းစ်တို့ကိုအသုံးပြုခဲ့တာဖြစ်ပါတယ်။ အမေရိကန်အသင်းအနေနဲ့ နယ်သာလန်အသင်းရဲ့တိုက်စစ်ကစားပုံကြောင့် အခက်တွေ့ခဲ့ပြီး ပွဲချိန် ၁၀ မိနစ်၊ ၄၅ မိနစ်နဲ့ ၈၁ မိနစ်တွေမှာ ဦးဆောင်ဂိုးတွေ ခွင့်ပြုလိုက်ရတာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာတော့ အမေရိကန်အသင်းအနေနဲ့ ၄-၃-၃ ကစားကွက်နဲ့ နယ်သာလန်ကိုယှဉ်ဖို့ ကြိုးစားလာပေမဲ့ သူတို့အသင်းမှာ ဥရောပအသင်းကြီးတွေမှာ ခြေစွမ်းပြကစားနေတဲ့ ကစားသမားနည်းပါးမှုနဲ့ ပြိုင်ပွဲအတွေ့အကြုံနည်းပါးမှုတွေက အမေရိကန်အသင်းအတွက် အားနည်းချက်ဖြစ်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားမှာ ခြေစစ်ပွဲမအောင်မြင်ခဲ့တာကြောင့် လက်ရှိမှာ ပါဝင်ကစားနေတဲ့ တိုက်စစ်မှူး စတီဗင်ဘာ့ဝင်၊ ဂက်ပိုတို့ဟာလဲ အခုနှစ်မှ ကမ္ဘာ့ဖလားကို စတင်ပါဝင်လာရတာဖြစ်ပြီး အတွေ့အကြုံနည်းပါးနေတာကို တွေ့ရမှာပါ။

အာဂျင်တီးနားအသင်းကတော့ အုပ်စုတွင်းမှာ ကစားသမားအင်အားတောင့်တင်းတဲ့ အသင်းဖြစ်တာကြောင့် ဆော်ဒီအာရေဗျအသင်းကို ရှုံးနိမ့်ခဲ့ပေမဲ့ ဒုတိယပွဲစဉ်မှာ မက္ကဆီကိုအသင်းကို နှစ်ဂိုးပြတ်အနိုင်ရခဲ့တာကြောင့် အုပ်စုက ဖြတ်ကျော်နိုင်ဖို့ အခွင့်အရေးရှိသွားခဲ့တာပါ။ အဲဒီပွဲစဉ်မှာ သွင်းဂိုးတွေကိုတော့ အဓိကတိုက်စစ်မှူး မက်ဆီနဲ့ အန်ဇိုဖာနန်ဒက်စ်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အုပ်စုနောက်ဆုံးပွဲစဉ်မှာတော့ ပိုလန်အသင်းကို ရှုံးလို့မရတဲ့အခြေအနေမှာ ကစားကွက်အခင်းအကျင်းနဲ့ တိုက်စစ်ဆင်မှုတွေက ပြိုင်ဘက်အသင်းက ပွဲချိန်ပြည့် ခံစစ်အနေအထားနဲ့သာ ကစားခဲ့ရပြီး နှစ်ဂိုးပြတ်ရှုံးပွဲကြုံသွားတာကို တွေ့ရမှာပါ။ အာဂျင်တီးနားအသင်းဟာ နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်နဲ့ အုပ်စုပထမနဲ့ တက်ရောက်နိုင်ခဲ့လို့ ၁၆ သင်းအဆင့်မှာ ဩစတြေးလျအသင်းနဲ့တွေ့ဆုံခဲ့တာဖြစ်ပါတယ်။

ဩစတြေးလျအသင်းနဲ့ ပွဲစဉ်မှာတော့ နည်းပြစကာလိုနီဟာ တိုက်စစ်ပိုင်းအပြောင်းအလဲလုပ်ခဲ့ပြီး ၄-၃-၃ ကစားကွက်နဲ့ ပွဲထွက်ခဲ့တာဖြစ်ပါတယ်။ ပွဲစကတည်းက ဩစတြေးလျအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ တိုက်စစ်ဆင်နိုင်ခဲ့တာကြောင့် ပွဲချိန် ၃၅ မိနစ်မှာ တိုက်စစ်မှူး မက်ဆီက ဦးဆောင်ဂိုးနဲ့ပွဲချိန် ၅၇ မိနစ်မှာ အယ်ဗာရက်ဇ်က ဒုတိယဂိုးသွင်းယူခဲ့တာကြောင့် တန်ပြန်တိုက်စစ်နဲ့ ကစားနေတဲ့ ဩစတြေးလျအသင်း ဖောင်ဖျက်တိုက်စစ်ဆင်ခဲ့ပေမဲ့ ကစားသမားစုဖွဲ့မှု အားနည်းချက်ကြောင့် ပွဲချိန် ၇၇ မိနစ်မှာ ချေပဂိုးတစ်ဂိုးသာသွင်းယူနိုင်ခဲ့လို့ နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့ပြီး နယ်သာလန်အသင်းနဲ့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းဟာ ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက်မှာတော့ အမြဲတမ်းဝင်ခွင့်ရရှိခဲ့ပြီး ၁၉၇၈ ခုနှစ်နဲ့ ၁၉၈၆ ခုနှစ်မှာ ချန်ပီယံဆု နှစ်ကြိမ်ရရှိခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာ နည်းပြဗန်ဟားရဲ့လူစာရင်းဟာ အာဂျင်တီးနားအသင်းကို ထိန်းချုပ်ကစားဖို့ဆိုတာ တစ်ဦးချင်းစွမ်းဆောင်ရည်နဲ့ အတွေ့အကြုံပိုင်းလိုအပ်ချက်တွေရှိနေတာကြောင့် ကမ္ဘာ့ဖလားမှာ အစဉ်အလာကောင်းတွေရှိနေတဲ့ အာဂျင်တီးနားအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**နယ်သာလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နယ်သာလန် | ၁ | - | ၀ | ဘယ်လ်ဂျီယံ |
| ဆီနီဂေါ | ၀ | - | ၂ | နယ်သာလန် |
| နယ်သာလန် | ၁ | - | ၁ | အီကွေဒေါ |
| နယ်သာလန် | ၂ | - | ၀ | ကာတာ |
| နယ်သာလန် | ၃ | - | ၁ | အမေရိကန် |

**အာဂျင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ယူအေအီး | ၀ | - | ၅ | အာဂျင်တီးနား |
| အာဂျင်တီးနား | ၁ | - | ၂ | ဆော်ဒီအာရေဗျ |
| အာဂျင်တီးနား | ၂ | - | ၀ | မက္ကဆီကို |
| ပိုလန် | ၀ | - | ၂ | အာဂျင်တီးနား |
| အာဂျင်တီးနား | ၂ | - | ၁ | ဩစတြေးလျ |

### ပေါ်တူဂီအသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညမှာကစားမဲ့ ကမ္ဘာ့ဖလားကွာတားဖိုင်နယ်ပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ မော်ရိုကိုအသင်းနဲ့ ပေါ်တူဂီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ မော်ရိုကိုအသင်းဟာ အခုပြိုင်ပွဲမှာ ခရိုအေးရှား၊ ဘယ်လ်ဂျီယံ၊ ကနေဒါတို့နဲ့ အုပ်စုကျပ်ကစားခဲ့ရတာကို တွေ့ရမှာပါ။ သူတို့အုပ်စုမှာလဲ ခရိုအေးရှား၊ ဘယ်လ်ဂျီယံတို့နဲ့ယှဉ်ရင် ကစားသမားအင်အားနဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအတွေ့အကြုံက ကွာခြားမှုရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ မော်ရိုကိုအသင်းဟာ အုပ်စုတွင်းမှာ ခရိုအေးရှားအသင်းကို သရေ၊ ဘယ်လ်ဂျီယံအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ယူနိုင်ခဲ့တာကြောင့် နောက်တစ်ဆင့်တက်ဖို့ အခြေအနေကောင်းသွားပြီး အုပ်စုနောက်ဆုံးပွဲစဉ်မှာတော့ ခြေရည်တူအသင်းဖြစ်တဲ့ ကနေဒါအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီး အုပ်စုဗိုလ်နဲ့ ၁၆ သင်းအဆင့် တက်ရောက်ခဲ့တာဖြစ်ပါတယ်။

၁၆ သင်းအဆင့်မှာတော့ တစ်ဖက်က ကမ္ဘာ့ဖလားချန်ပီယံဆု တစ်ကြိမ်ထိ ရရှိထားတဲ့ စပိန်အသင်းနဲ့ တွေ့ဆုံခဲ့ပေမဲ့ အနိုင်ကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ ကမ္ဘာ့ဖလားမှာ အစဉ်အလာရှိတဲ့ စပိန်အသင်းဟာ အခုပြိုင်ပွဲမှာ လူငယ်ကစားသမားတွေကိုသာ ဦးစားပေးခေါ်ယူခဲ့ပြီး ဝါရင့်ကစားသမားတွေကို ချန်လှပ်ခဲ့တာက အားနည်းချက်ဖြစ်သွားတယ်လို့ ဆိုရမှာပါ။ ဒါကြောင့် စပိန်အသင်းဟာ ကမ္ဘာ့ဖလားမှာ ခြောက်ကြိမ်သာ ဝင်ခွင့်ရခဲ့တဲ့ မော်ရိုကိုအသင်းကို ပင်နယ်တီနဲ့ အရှုံးပေးလိုက်ရတာဖြစ်ပါတယ်။ မော်ရိုကိုအသင်းအနေနဲ့ ကမ္ဘာ့ဖလားသမိုင်းမှာ ပထမဆုံးကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။

ပေါ်တူဂီအသင်းဟာ လက်ရှိ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆုဖလားရရှိဖို့ အဆင့်(၄) သတ်မှတ်ခံထားရတဲ့ အသင်းဖြစ်ပါတယ်။ သူတို့အသင်းကိုတော့ တိုက်စစ်မှူး စီရော်နယ်ဒို ဦးဆောင်လာပြီး ဝွန်ကာလိုရာမို့စ်၊ လီအို၊ ဂျာအိုဖီးလစ်၊ ဟော်တာ၊ အန်ဒရီဆေးဗားတို့လို ခြေစွမ်းပြ ကစားသမားတွေနဲ့ စုဖွဲ့ထားတာကို တွေ့ရမှာပါ။ ဒါကြောင့် ပေါ်တူဂီအသင်းဟာ ကွင်းလယ်နဲ့ တိုက်စစ်အားကြောင့် အခုပြိုင်ပွဲမှာ ရဂိုးတွေများနေတာလဲ ဖြစ်ပါတယ်။ သူတို့အသင်းဟာ အုပ်စုတွင်းမှာ ဂါနာအသင်းကို သုံးဂိုး နှစ်ဂိုး၊ ဥရုဂွေးအသင်းကို နှစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရခဲ့ပြီး အုပ်စုဗိုလ်နဲ့ တက်ရောက်နိုင်ခဲ့တာကြောင့် နောက်ဆုံးပွဲစဉ်မှာ တစ်ဖက်က အသင်းကြီးကိုရှောင်ဖို့ တောင်ကိုရီးယားအသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့ အရှုံးပေးသွားတယ်လို့ ပြောရမှာပါ။ ဒါ့ပြင် နည်းပြဆန်းတိုစ်ကလဲ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ နည်းစနစ်ပိုင်း အမျိုးမျိုးပြောင်းလဲခဲ့သလို ပွဲထွက်လူစာရင်းကိုလဲ ပုံမှန်အသုံးပြုခဲ့ခြင်းမရှိတာက ပြိုင်ဘက်အသင်းတွေအတွက် ရင်ဆိုင်ဖို့ခက်ခဲသွားတာဖြစ်ပါတယ်။

ဒါကြောင့် ၁၆ သင်းရှုံးထွက်အဆင့်မှာ ခံစစ်ကစားပုံကောင်းမွန်ပြီး ကမ္ဘာ့ဖလားမှာ အစဉ်အလာရှိတဲ့ ဆွစ်ဇာလန်အသင်းကို ခြောက်ဂိုးတစ်ဂိုးနဲ့ အနိုင်ယူသွားတဲ့ နည်းပြရဲ့နည်းဗျူဟာပိုင်းကိုတော့ ချီးကျူးရမှာပါ။ အဲဒီပွဲစဉ်မှာ ပြိုင်ဘက်အသင်းမျှော်လင့်ထားတဲ့ စီရော်နယ်ဒိုကို ချန်လှပ်ခဲ့ပြီး တိုးအားရှန်းအားကောင်းတဲ့ လူငယ်တိုက်စစ်မှူး ဝွန်ကာလိုရာမို့စ်ကို ထည့်သွင်းသွားတာဟာ ခံစစ်အားပြုပြီး ပင်နယ်တီအဆုံးအဖြတ်ထိ သွားဖို့ စိတ်ကူးထားတဲ့ ဆွစ်ဇာလန်အသင်းအတွက် အခက်တွေ့သွားတာကို တွေ့ရမှာပါ။ ပေါ်တူဂီအသင်းနည်းပြဟာ ဆွစ်ဇာလန်အသင်း မမျှော်လင့်ထားတဲ့အခြေအနေကို လျင်မြန်မှုရှိတဲ့ ကစားသမားတွေနဲ့ပွဲထွက်ပြီး ပွဲချိန် ၁၇ မိနစ်၊ ၅၁ မိနစ် နဲ့ ၆၇ မိနစ်မှာ ဝွန်ကာလိုရာမို့စ်၊ ပွဲချိန် ၃၃ မိနစ်မှာ ပီပီ၊ ပွဲချိန် ၅၅ မိနစ်မှာ ဂွါရဲရီးနဲ့ ပွဲချိန် မိနစ် ၉၀ ကျော်မှာ လီအိုတို့ရဲ့ သွင်းဂိုးတွေနဲ့ ဂိုးပြတ်အနိုင်ယူခဲ့တာဖြစ်ပါတယ်။ ပေါ်တူဂီအသင်းဟာ ကမ္ဘာ့ဖလားမှာ ဆုဖလားမရခဲ့ပေမဲ့ မော်ရိုကိုအသင်းနဲ့စာရင် အတွေ့အကြုံကောင်းမွန်နေပြီး ၁၉၆၆ ခုနှစ်နဲ့ ၂၀၀၆ ခုနှစ်မှာ ဆီမီးဖိုင်နယ်ထိ တက်ရောက်ခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာ မော်ရိုကိုအသင်းဟာ ဗဟိုခံစစ်ကစားသမား အက်ဂွါနဲ့ ဆားစ်တို့ဒဏ်ရာပြဿနာရှိနေပြီး ပေါ်တူဂီအသင်းနဲ့ပွဲကို မပါနိုင်ခဲ့ရင်တော့ ပေးဂိုးများသွားမှာ သေချာပါတယ်။ ပေါ်တူဂီအသင်းကတော့ ပါရဲရားနဲ့ မန်ဒက်စ်တို့ဒဏ်ရာရနေပေမဲ့ သူတို့နေရာကို အစားထိုးနိုင်မဲ့ ကစားသမားများနေတာကြောင့် အခက်အခဲရှိမှာ မဟုတ်ပါဘူး။

သူတို့နှစ်သင်း ၂၀၁၈ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်မှာ တွေ့ဆုံစဉ်ကလဲ ပေါ်တူဂီအသင်းက တစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရခဲ့တာဖြစ်ပြီး အခုပွဲစဉ်မှာလဲ မော်ရိုကိုအသင်းအနေနဲ့ စပိန်အသင်းနဲ့ပွဲကလို ခံစစ်အားပြုကစားမယ်ဆိုရင်တော့ လျင်မြန်မှုနဲ့ ဂိုးသွင်းအားကောင်းတဲ့ ပေါ်တူဂီကစားသမားတွေကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ မလွယ်တာကြောင့် ပေါ်တူဂီအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**မော်ရိုကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မော်ရိုကို | ၃ | - | ၀ | ဂျော်ဂျီယာ |
| မော်ရိုကို | ၀ | - | ၀ | ခရိုအေးရှား |
| ဘယ်လ်ဂျီယံ | ၀ | - | ၂ | မော်ရိုကို |
| ကနေဒါ | ၁ | - | ၂ | မော်ရိုကို |
| မော်ရိုကို | ၀ | - | ၀ | စပိန် |

**ပေါ်တူဂီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပေါ်တူဂီ | ၄ | - | ၀ | နိုင်ဂျီးရီးယား |
| ပေါ်တူဂီ | ၃ | - | ၂ | ဂါနာ |
| ပေါ်တူဂီ | ၂ | - | ၀ | ဥရုဂွေး |
| တောင်ကိုရီးယား | ၂ | - | ၁ | ပေါ်တူဂီ |
| ပေါ်တူဂီ | ၆ | - | ၁ | ဆွစ်ဇာလန် |

# စစ်သည်အစားခန့်ဝန်ထမ်းများခေါ်ယူခြင်း

၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးအပ်ရန် လိုအပ်လျက်ရှိပါသည်-

- (က) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)
- (ခ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)
- (ဂ) ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်(အမျိုးသား/အမျိုးသမီး)
- (ဃ) ဂီတတီးမှုတ်သူ/ဂီတ(အမျိုးသား/အမျိုးသမီး)

၂။ အထက်ဖော်ပြပါရာထူးများအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

- (က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
- (ခ) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် အသက် ၂၅ နှစ်မကျော်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။ (မှတ်ချက်-အဆို၊ အကပညာရပ်များနှင့် ခေတ်ပေါ်တီးဝိုင်း၊ မြန်မာဆိုင်းဝိုင်းမှ တူရိယာတစ်မျိုးမျိုးတို့အား ကျွမ်းကျင်တတ်မြောက်သူဖြစ်ပါက အသက် ၃၀ နှစ်ထက်မကျော်ရ။)
- (ဂ) စစ်မှုထမ်းနှင့် စစ်သည်အစားခန့်ဝန်ထမ်းများအတွက် အနည်းဆုံးပညာအရည်အချင်း လိုအပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-
  - (၁) **ဂီတ(ဆိုင်းဝိုင်း)၊ ဂီတ(ခေတ်ပေါ်)နှင့် ဂီတတီးမှုတ်သူ/ဂီတ**။ စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှ ပညာရှင်များပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရာတွင် တူရိယာပစ္စည်းတစ်မျိုးအား သာမန်အဆင့်အထက် တီးမှုတ်နိုင်သူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲ သို့မဟုတ် ဘုတ်အဖွဲ့ဖြင့် ကျွမ်းကျင်မှုစစ်ဆေးခြင်းကိုအောင်မြင်ရမည်။
  - (၂) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်**။ စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရွေးချယ်ထားသူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲကိုအောင်မြင်ရမည်။
- (ဃ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။ (စာချုပ်ချုပ်ဆိုဆောင်ရွက်ပါမည်။)
- (င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးကင်းရှင်းသူများဖြစ်ရမည်။
- (စ) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဆ) ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲဖြေဆိုအောင်မြင်ရမည်။
- (ဇ) ကျန်းမာရေးဆေးစစ်မှုအောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) **ဂီတ(ဆိုင်းဝိုင်း)နှင့် ဂီတတီးမှုတ်သူ/ဂီတ**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-
  - (၁) သံစဉ်ရှိ သံမှန် ၅ ပေါက်/၆ ပေါက် စသည့်အသံများကိုခွဲခြားသိရမည်။
  - (၂) မြန်မာနရီစည်း၊ ဝါးလတ်စည်း၊ ကရောင်းစည်း စသဖြင့်ခွဲခြားသိရှိ၍ စည်းဝါးလိုက်နိုင်ရမည်။
  - (၃) တူရိယာတစ်ခုခုကို တေးသွားရိုးရိုးပေါ်အောင် တီးတတ်ရမည် သို့မဟုတ် အဆိုဘက်တွင် ဆိုမှုအသံကောင်းမွန်ရမည်။
  - (၄) ဂီတသင်္ကေတတစ်ကြောင်းသွားကိုဖတ်တတ်ပြီး တီးတတ် သို့မဟုတ် ဆိုတတ်ရမည်။
- (ခ) **ဂီတ(ခေတ်ပေါ်)**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-
  - (၁) တေးသီချင်းသံစဉ်အသံများကို ခွဲခြားသိရှိရမည်။
  - (၂) အခြေခံဂီတသင်္ကေတများကိုဖတ်တတ်ပြီး တီးတတ်/ဆိုတတ်ရမည်။
  - (၃) တူရိယာတစ်ခုခုကို တေးသွားပေါ်အောင်ဆိုတတ်ရမည်။
- (ဂ) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-
  - (၁) ဇာတ်သီချင်းများ၊ ဇာတ်စကားများ စသည်တို့ကို လွယ်လွယ်နှင့်ကျက်မှတ်နိုင်ရမည်။
  - (၂) စည်းကိုက်၊ ဝါးကိုက် သီချင်းဆိုတတ်ရမည်။
  - (၃) အပြောသွက်လက်၍ သဏ္ဌာန်လုပ်သရုပ်ပေါ်အောင် ပြောဆိုအမူအရာထားတတ်ရမည်။
  - (၄) ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးကျပြေပြစ်စွာကနိုင်ရမည်၊ အနည်းဆုံး ကဗျာလွတ်အက ၇ မျိုးကပြနိုင်ရမည်။

၄။ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် တာဝန်ပေးအပ်ခြင်းခံရပါက နှစ်စဉ်ပြည်တွင်းရှိနေရာဒေသအသီးသီးသို့ လှည့်လည်ဖျော်ဖြေရသော ဖျော်ဖြေရေးအဖွဲ့များနှင့်လိုက်ပါခရီးသွားနိုင်သူဖြစ်ရမည်။

၅။ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်ခွင့်ရရှိပြီးသူများသည် အောက်ဖော်ပြပါအကျိုးခံစားခွင့်များရရှိမည်-

- (က) ဘွဲ့ရစစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်ကြီး(အစားခန့်)အဆင့်မှ စတင်ခန့်အပ်၍ အခြေခံလစာ ၁၉၈,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။
- (ခ) ဘွဲ့မရရှိသော စစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်(အစားခန့်)အဆင့်မှ စတင်ခန့်အပ်၍ အခြေခံလစာ ၁၈၀,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။
- (ဂ) တာဝန်ထမ်းဆောင်ရမည့်တပ်တွင်နေထိုင်ရန် အဆောက်အဦနှင့် ရေ/မီးစီစဉ်ပေးမည်။
- (ဃ) ကျန်းမာရေးနှင့်ပတ်သက်၍ နီးစပ်ရာတပ်မတော်ဆေးရုံများတွင် အခမဲ့ဆေးကုသခွင့်ရှိသည်။
- (င) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများဖြစ်ပါက တာဝန်ထမ်းဆောင်စဉ်အတွင်း ဘွဲ့ရရှိနိုင်ရေးအတွက် အဝေးသင်တက္ကသိုလ်တက်ရောက်နိုင်ရန်ခွင့်ပြုပေးမည်။
- (စ) တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အခြားသောအနုပညာဘာသာရပ်များ တိုးတက်မြင့်မားစေရေးအတွက် ကျွမ်းကျင်နည်းပြများနှင့်ထပ်မံ၍ စနစ်တကျသင်ကြားလေ့ကျင့်ပေးမည်။

၆။ လျှောက်ထားလိုသူများအနေဖြင့် အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မှော်ဘီမြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို၊ နေပြည်တော်)၊ အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရဲမွန်တပ်မြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(အင်းတိုင်၊ ရန်ကုန်မြို့)၊ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(မန္တလေးမြို့)နှင့် အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရွှေဘိုမြို့)များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အောက်ပါစာရွက်စာတမ်း ၂ စုံစီအား ၂၆ - ၁၂ - ၂၀၂၂ ရက်အရောက် ပေးပို့လျှောက်ထားရန်နှင့် လူတွေ့စစ်ဆေးမည့်ရက်/အချိန်/နေရာတို့ကို ထပ်မံအကြောင်းကြားသွားမည်ဖြစ်သည်-

- (က) ကိုယ်တိုင်ရေးလျှောက်လွှာ
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဂ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ
- (ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် မြို့နယ်/ရပ်ကွက်အတွင်းနေထိုင်ကြောင်းထောက်ခံချက်
- (င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်
- (စ) ပညာအရည်အချင်းအတွက် ဘွဲ့ရရှိသူများအနေဖြင့် ဘွဲ့လက်မှတ်/ ဘွဲ့ထောက်ခံစာမိတ္တူနှင့် ဘွဲ့မရရှိသူများအနေဖြင့် သက်ဆိုင်ရာကျောင်းများမှထောက်ခံချက်
- (ဆ) မိဘ/ဆွေမျိုးများ၏ သဘောတူညီကြောင်းထောက်ခံချက်
- (ဇ) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၂ ကြိမ်ထိုးနှံပြီးကြောင်းအထောက်အထား
- (ဈ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စပို့(စ်)အရွယ် ကာလာဓာတ်ပုံ ၆ ပုံ။

၇။ သတ်မှတ်ထားသည့်အချက်အလက်များ၊ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော်ကြီး၏ ပစ္စယာသုံးဆင့်ရှိစေတီရံများကို ရွှေသက်န်းကပ်လှူပူဇော်မည်




**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော်ကြီး၏ ပစ္စယာသုံးဆင့်ရှိစေတီရံများကို ရွှေသက်န်းကပ်လှူပူဇော်မည်ဖြစ်ကြောင်း မဟာဝိဇယစေတီတော်ဂေါပကအဖွဲ့၏ သတင်းများအရ သိရသည်။

မဟာဝိဇယစေတီတော်သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံစေတီတော်၏ တောင်ဘက်မုခ်အနီးရှိ ဓမ္မရက္ခိတ ကုန်းတော်ပေါ်တွင် တည်ရှိကြောင်း၊ အဆိုပါစေတီတော်ကြီးသည် ဉာဏ်တော်အမြင့် ၁၃၄ ပေ၊ ထီးတော်အမြင့် ၂၂ ပေ၊ စိန်ဖူးတော်အမြင့် ၁၃ ပေ စုစုပေါင်းဉာဏ်တော်အမြင့် ၁၆၉ ပေ၊ အောက်ခြေအချင်း ၁၆၅ ပေ ရှိစ်လက်မရှိသော လိုဏ်ဂူပါစေတီပုံစံမျိုးဖြစ်ကြောင်း သိရသည်။

မဟာဝိဇယစေတီတော်ကြီးကို ၂၀၁၈ ခုနှစ် မတ်လက ရွှေသက်န်းကပ်လှူပူဇော်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စေတီတော်ကြီး ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ယာယီဆိုင်းငံ့ခဲ့ရာ ယခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ရွှေသက်န်း ကပ်လှူပူဇော်နိုင်ခဲ့ကြောင်း၊ ယခုနှစ် ပွင့်လင်းရာသီတွင် ထပ်မံ၍ မဟာဝိဇယစေတီတော်ကြီး၏ ပစ္စယာသုံးဆင့်ရှိ စေတီရံ ၂၄ ဆူကို ရွှေသက်န်းကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် စေတနာရှင်အလှူရှင်များအနေဖြင့် ပထမပစ္စယာမှ စေတီရံ ရှစ်ဆူကို တစ်ဆူလျှင် ငွေကျပ် သိန်း ၅၀၊ ဒုတိယပစ္စယာရှိ စေတီရံရှစ်ဆူကို တစ်ဆူလျှင် ငွေကျပ် သိန်း ၄၀ နှင့် တတိယပစ္စယာမှ စေတီရံ ရှစ်ဆူကို တစ်ဆူလျှင် ငွေကျပ် သိန်း ၃၀ ဖြင့် တစ်ဦးချင်းဖြစ်စေ၊ အသင်းအဖွဲ့လိုက်ဖြစ်စေ ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

ထိုသို့စေတီရံများအား ရွှေသက်န်းကပ်လှူပူဇော်သည့် အလှူရှင်၏အမည်ကို ကမ္ပည်းစာတမ်းရေးထိုး ဆောင်ရွက်ပေးမည်ဖြစ်သောကြောင့် မဟာဝိဇယစေတီတော်ကြီး၏ ပစ္စယာသုံးဆင့်ရှိစေတီရံများကို ရွှေသက်န်းကပ်လှူပူဇော်လိုသည့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၃၃၆)

# ကျောက်ဖြူမြို့နယ် ကျေးရွာသုံးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း စစ်ဆေး

**ကျောက်ဖြူ ဒီဇင်ဘာ ၈**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သိုင်းချောင်းကျေးရွာ၊ ပြားကျွိန်ကျေးရွာနှင့် ရှောက်ချောင်းကျေးရွာတို့၌ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဝင်းနိုင်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ သိုင်းချောင်းကျေးရွာ၊ ပြားကျွိန်ကျေးရွာနှင့် ရှောက်ချောင်းကျေးရွာတို့၌ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သိုင်းချောင်းကျေးရွာ၊ ပြားကျွိန်ကျေးရွာနှင့် ရှောက်ချောင်းကျေးရွာတို့၌ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းစုစုပေါင်း ၄၉၃၈၁ ပေ သွယ်တန်းခြင်းလုပ်ငန်းနှင့် ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို ယူနီဆက်ကပံ့ပိုးပေးပြီး ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကာ စက်တင်ဘာလဒုတိယပတ်က စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာသုံးရွာ၌ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများနှင့် ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အိမ်ထောင်စု ၅၀၅ စု၊ လူဦးရေ ၂၀၈၅ ဦးကို အကျိုးပြုမည်ဖြစ်ကြောင်း ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးမြတ်**






# မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကရိယာများအသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော နေဖုခံကျောက်ပြား၊
အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြားအရွယ်အစားမျိုးစုံ....
CNC 3D ရုပ်လုံးဖော်စက်ကြီးများအသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။







ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉၆၉၃၁၂၃၁၆၃၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# အရည်အသွေးမြင့်မား တာယာ မှာ






TRISTAR TYRE

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

PCR, TBR, TBB တာယာ အရွယ်အစားမျိုးစုံ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။


## ဝန်ထမ်းအလိုရှိသည်

Asia Top Seven Company Limited တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်-

**(1)Factory Manager(စက်ရုံမှူး)- 2 Posts (Male)**

* AGTI / BE(EP, EC, MP) နှင့်ဘွဲ့ရထားရှိသူ (or) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရထားသူဖြစ်ရမည်။

*စက်ရုံလုပ်ငန်းအတွေ့အကြုံ (၃)နှစ်အထက်ရှိသူ

**(2) လ/ထ HR Manager- 2 Posts (Male)**

**(3) Sales & Marketing -10 Posts(Male,Female)**

Ph; 09-420728553 (Viber) သို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

## ဝန်ထမ်းအလိုရှိသည်

**Kedia Light** လျှပ်စစ်ဆိုင်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်-

**၁။ ဆိုင်ကူ + ယာဉ်မောင်း ကျား (၁) ဦး**

**၂။ ဆိုင်ကူ ကျား (၁) ဦး**

လစာ/- **၂၀၀၀၀၀**+ရက်မှန်ကြေး **၂၀၀၀၀**

လိုအပ်သောစာရွက်စာတမ်းများ ယူဆောင်၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ်(၂၈၃)၊ ၈၁ လမ်း၊ ၂၆×၂၇ လမ်းကြား။

**ပျောက်ဆုံးကြောင်း**

ကန်ကြီးထောင့်မြို့နယ်နေ ချယ်ရီမွန် (ဘ) ဦးနိုင်ဦး (၁၄/ကကထ(နိုင်)၁၇၇၆၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၅၂၁၈၇၉၆

**ပျောက်ဆုံးကြောင်း**

ပုသိမ်မြို့နယ်နေ ငြိမ်းသူသူအောင် (ဘ) ဦးမြင့်အောင် (၁၄/ပသန(နိုင်)၂၅၃၁၃၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၄၇၁၇၀၅၆

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ အကွက်အမှတ်-(၅၅၈၊ အုန်းချောတောင်)၊ ဦးပိုင်အမှတ်-(ခ/၉၄)ဒေါ်သက်သက်ဖူး အမည်ပေါက်၊ မြေဧရိယာ (၀. ၀၅၅၁)ဧကရှိ (ရွာ)မြေကွက်နှင့် အကွက်အမှတ်-(၅၅၈၊ အုန်းချောတောင်)၊ ဦးပိုင်အမှတ်-(ခ/၉၅) ဒေါ်ခင်သန်းလှဲ့ အမည်ပေါက်၊ မြေဧရိယာ(၀. ၀၅၅၁)ဧကရှိ နှစ်(၃၀)ဂရန်(ရွာ)မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားပြီး လက်ရှိပိုင်ဆိုင်၊ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်လှသန်း (ဘ) ဦးချစ်စိန် (၉/ပသက(နိုင်)၀၆၂၆၀၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို ရောင်းကြေးစရန်ငွေများအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုပြစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးထွန်းထွန်းထိုက် | ဒေါ်မာလာစိုး |
| (LL.B,D.B.L,D.I.L) | (LL.B.LL.M,D.B.L) |
| (စဉ်-၉၈၃၆/၁၄) | (စဉ်-၁၀၃၆၅/၁၅) |

**(တရားလွှတ်တော်ရှေ့နေများ)**

ဦးဇော်ဦး (LL.B)

(စဉ်-၅၀၇၂၁)

**(အထက်တန်းရှေ့နေ)**

အမှတ်-၇၆၃၊ (၁၅)ရပ်ကွက်၊ ထုံးဘို-မြစ်ငယ်လမ်းသစ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၃၄၂၅၄၅၊ ၀၉-၂၀၆၄၃၃၅။

# ဝန်ထမ်းအလိုရှိသည်

**(၁) အရောင်းဝန်ထမ်း အမျိုးသမီး ( ၅ ) ဦး**

**(၂) စာရင်းကိုင် အမျိုးသမီး ( ၂ ) ဦး**

အမှတ်စဉ်(၁) ဘွဲ့ရပြီးဖြစ်ရမည်၊ အသက်(၂၅)နှစ်အောက် အိမ်ထောင်မရှိသူ ဖြစ်ရမည်၊ ပြုံးရွှင်ချိုသာမှုဖြင့် စိတ်သဘောထားပြည့်ဝစွာ ဆက်ဆံနိုင်သူ ဖြစ်ရမည်၊ အရောင်းမြှင့်တင်ရေးတွင် စိတ်ရှည် သွက်လက် ချက်ချာပြီး စိတ်ပါဝင်စားစွာ လုပ်ကိုင်နိုင်သူ ဖြစ်ရမည်၊ အကျင့်စာရိတ္တ အထူး ကောင်းမွန်ရမည်၊ မိမိတာဝန် မိမိကျေပွန်စွာ အပြည့်အဝ တာဝန်ယူနိုင်သူဖြစ်ရမည်၊ မိဘနှင့်စိတ်ချရသော ထောက်ခံမှုရှိသူကို ဦးစားပေးမည်၊ ရုပ်ရည်ချောမောပြေပြစ်ရမည်၊ အဆောင်နေထိုင်သူများ လျှောက်ထားရန်မလိုပါ။

အမှတ်စဉ်(၂) ဘွဲ့ရပြီး အသက်(၂၅)နှစ်အောက် အိမ်ထောင်မရှိသူ ဖြစ်ရမည်၊ LCCI LevelI, II & III အောင်မြင်ပြီးသူဖြစ်ရမည်၊ ပြုံးရွှင်ချိုသာစွာဆက်ဆံ၍ လူမှုဆက်ဆံရေး အထူးကောင်းရမည်၊ ရုပ်ရည် ချောမောပြေပြစ်ရမည်၊ အရောင်းဝယ်နှင့်ပတ်သက်၍စိတ်ရှည်သွက်လက်ချက်ချာပြီး စိတ်ပါဝင်စားသူဖြစ်ရမည်၊ အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်၊ မိဘနှင့်စိတ်ချရသော ထောက်ခံမှုရှိသူကို ဦးစားပေးမည်၊ ကွန်ပျူတာ ကျွမ်းကျင်သူကို ဦးစားပေးမည်၊အဆောင်နေထိုင်သူများ လျှောက်ထားရန်မလိုပါ။

မှတ်ချက်၊ လျှောက်ထားသူများသည် ကိုယ်တစ်ပိုင်းဓါတ်ပုံ၊ အိမ်ထောင်စုဦးရေစာရင်း၊ မှတ်ပုံတင်မိတ္တူ၊ လုပ်ငန်းအတွေ့အကြုံထောက်ခံစာ၊ ရဲစခန်းနှင့်ရပ်ကွက် ထောက်ခံစာ၊ မိဘနှင့်သက်ဆိုင်ရာ ထောက်ခံစာ၊ လျှောက်ထားလိုသော လုပ်ငန်းအတွက် လျှောက်လွှာတို့နှင့်အတူအလုပ်အားအမှန်တကယ်လုပ်ကိုင်လိုသူများလျှောက်ထားရန်၊ (၂၀.၁၂.၂၀၂၂) နေ့ နောက်ဆုံး ရုံးချိန်အတွင်း လာရောက်လျှောက်ထားရန်၊

အမှတ် – 249 ၊ 26-B လမ်း၊ 82nd x 83rd လမ်းကြား၊ တော်ဝင် စိန်တိုက်၊ မန္တလေးမြို့။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း တိုင်းရင်းသားဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများနှင့် တိုင်းရင်းသားဒေသများအနေဖြင့်လည်း ယင်းအခွင့်အရေးကို အမိအရ ရယူပြီး အပြည့်အဝအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်စေလို...

❖ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်သည့်အနာဂတ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို ဖော်ဆောင်သွားနိုင်မည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမ့်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ခေါမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)**

# (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်





(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၈**

(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

ယခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ စာမျက်နှာ - ၂၁

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် Asean Tourism Forum တွင် မြန်မာနိုင်ငံမှ ခရီးသွားကုမ္ပဏီခြောက်ခု ပါဝင်ပြသသွားမည် စာမျက်နှာ - ၁၁

ဒီဇင်ဘာ ၈ ရက်ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂ ဦးတွေ့ရှိ စာမျက်နှာ - ၂၀

